တိမ်အသင့်
အတင့်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၁၇၂]
၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် [20-3-2016]
MYANMA ALINN SUNDAY ISSUE

## မဟာတေဇဝန္တ ရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီများ စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်တွင် တင်လှူပူဇော်

**နေပြည်တော် မတ် ၁၉**

မဟာတေဇဝန္တရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီများ စိန်ဖူးတော်တင်လှူခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာ အနီးရှိ တေဇသာလာဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုသည်။

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကောင်းမှုလုံစေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာတေဇဝန္တ ရွှေတိဂုံစေတီ တော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။** (သတင်းစဉ်)

# ရန်ကုန်-ပြည် ရထားလမ်းပိုင်း၌ လေအိတ်စနစ်ပါရထားများ စတင်ပြေးဆွဲ

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန် မတ် ၁၉**

မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ သက်သောင့်သက်သာ ခရီးသွားလာနိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက အဆင့်မြင့်နည်းပညာများဖြင့် တည်ဆောက်ထားသော စက်ခေါင်းနှင့် တွဲသစ်များအသုံးပြု၍ ရန်ကုန်-ပြည်လမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၇၁) အဆန်နှင့် အမှတ်(၇၂) အစုန် အမြန်ရထားကို စက်ခေါင်းအသစ်၊ တွဲဆိုင်းအသစ်များဖြင့် စတင်အစားထိုးပြေးဆွဲပြီဖြစ်သည်။

"ဒီရထားခေါင်းတွဲအသစ်နဲ့ တွဲဆိုင်းသစ်တွေ အစားထိုးပြေးဆွဲတဲ့ အစီအစဉ်ကတော့ နေပြည်တော်မှာ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## တနင်္ဂနွေ ဖတ်စရာ

ရန်ကုန်ရှေးဟောင်းအဆောက်အအုံများရဲ့ ရာဇဝင်

**ကိုလိုနီခေတ် မေ့ထား၍မရနိုင်သည့် လုပ်ငန်းကြီးတစ်ခု၏ ရုံးစိုက်ရာ ပြည်တွင်းရေကြောင်းကုန်သွယ်ရေး အဆောက်အအုံ** *စာမျက်နှာ-၁၅*

နိုင်ငံတကာရေးရာဆောင်းပါး

**ဆီးရီးယားစစ်ပွဲမှ ရုရှားတို့၏ နည်းဗျူဟာအခင်းအကျင်း** *စာမျက်နှာ-၁၈*



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စည်းကမ်းရှိမှ မြို့ပြလှ

မြို့ကြီးပြကြီးများတွင် အိုးအိမ်တိုက်တာသစ်များ၊ လမ်းသစ်၊ တံတားသစ်များပေါ်ထွန်းလာခြင်းသည် မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာသည်ဟု ဆိုနိုင်သော်လည်း စည်းကမ်းလိုက်နာခြင်းမရှိလျှင် လှပသောမြို့ပြအဖြစ်သို့ ရောက်ရှိလာဦးမည် မဟုတ်ပေ။ မြို့ပြအလှနှင့် မြို့ပြနေထိုင်သူများ၏ စည်းကမ်းရှိမှုမှာ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုလျက်ရှိသည်။ မြို့ပြအလှကို မြို့ပြတွင်နေထိုင်သော ပြည်သူများကသာ လုပ်ကိုင်နိုင်စွမ်းရှိသူများဖြစ်၍ စည်းကမ်းကို ထိန်းသိမ်းလိုက်နာတတ်သူများဖြစ်အောင် အသိစိတ်ဓာတ် မွေးမြူကြဖို့လိုသည်။

အချို့သော မြို့ပြနေထိုင်သူများမှာ ပညာတတ်ဘွဲ့ရ၊ ငွေကြေးပြည့်စုံသူများဖြစ်လင့်ကစား စည်းကမ်းထိန်းသိမ်းလိုက်နာတတ်သော အသိစိတ်ဓာတ် အားနည်းလွန်းလှသည်။ လောကတွင် ဥစ္စာပစ္စည်းဆင်းရဲမှုထက် အသိဉာဏ်နည်းပါးမှုမှာ အဆိုးဆုံးဖြစ်သည်။ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာအပြည့်အစုံ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး လမ်းလယ်ကောင်တွင် အမှိုက်ထုပ်ကို ဗုန်းခနဲပစ်ချလိုက်သည်ကို တွေ့ဖူးသည်။ ကားတံခါးကိုဖွင့်ပြီး ကွမ်းတံတွေးများ တဗျစ်ဗျစ်ထွေးနေသူများကိုလည်း မကြာခဏတွေ့ဖူးသည်။ လမ်းမပေါ်တက်၍ ဈေးရောင်းသူများကိုလည်း တွေ့ဖူးသည်။ စည်းကမ်းမဲ့စွာ ယာဉ်ရပ်နားသူများလည်း မကြာခဏတွေ့ရသည်။ ယင်းလုပ်ရပ်များသည်ကား မြို့ပြအလှကို အကျည်းတန်အရုပ်ဆိုးစေမည့်သူများဖြစ်သည်။ အသိဉာဏ်ရှိသော်လည်း အသိတရားချို့တဲ့သူများပင်ဖြစ်၏။

မိမိပစ်လိုက်သောအမှိုက်တိုင်းကို စည်ပင်ဝန်ထမ်းက လိုက်သိမ်းနေရမည်ဆိုလျှင် မတရားလုပ်ရာကျသည်။ စည်ပင်ဝန်ထမ်းများကလည်း အမြဲတမ်းလိုက်လံရှင်းလင်းနိုင်လိမ့်မည် မဟုတ်ပေ။ မိမိတို့မြို့ပြနေထိုင်သွားလာနေသူ အားလုံးက အမှိုက်ကိုစည်းကမ်းတကျ စွန့်ပစ်မှသာ သန့်ရှင်းမှုကိုရနိုင်မည်။ သန့်ရှင်းမှုသည် မြို့တော်အလှ၊ မြို့တော်ပြယုဂ်ပင်ဖြစ်သည်။ မိမိပစ်လိုက်သော အမှိုက်တစ်စကြောင့် ညစ်ညမ်းမှုမဖြစ်နိုင်ဟု ပေါ့ဆစွာ မယူဆသင့်ပေ။ စည်းကမ်းမဲ့ အမှိုက်ပစ်သူ လူတစ်ထောင်ရှိလျှင် အမှိုက်စ တစ်ထောင်ဖြစ်လာမည်။ ညစ်ညမ်းလာမည်။

မိမိရပ်ကွက်၊ မိမိမြို့ သာယာသန့်ရှင်းမှုသည် နေထိုင်သူများ၏ စည်းကမ်းရှိမှုက အရေးအကြီးဆုံးဖြစ်သည်။ ယင်းအလုပ်သည် ခက်ခဲသောအလုပ်မဟုတ်သော်လည်း အားလုံးက စည်းကမ်းလိုက်နာပြီး လူမှုစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် အောင်မြင်မှုရရှိမည်ဖြစ်သည်။

သို့ဖြစ်၍ မြို့ပြနေထိုင်သူ၊ သွားလာသူအားလုံးက အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ ကွမ်းတံတွေးများ စည်းကမ်းမဲ့ထွေးနေခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကားများ စည်းကမ်းမဲ့စွာ ရပ်နားခြင်းနှင့် စည်းကမ်းမဲ့ဈေးရောင်းသည့် အမူအကျင့်များကို ရှောင်ကြဉ်ကြခြင်းဖြင့် သန့်ရှင်းသာယာလှပသော မြို့တော်ကြီးဖြစ်လာအောင် လူတိုင်းလူတိုင်း ကိုယ်စီ အသိတရား လက်ကိုင်ထားကာ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သား သင်တန်းဆင်း

**လှိုင်းဘွဲ့ မတ် ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျန်းမာရေးဦးစီးဌာနက ဦးစီး၍ ADRA Myanmar, Malteser International ပူးပေါင်းပါဝင်မှုဖြင့် ၂၀၁၆ ခုနှစ် (၁၀) ကြိမ်မြောက် စေတနာ့ဝန်ထမ်း လူထုကျန်းမာရေး လုပ်သားသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၈ ရက်က ပြည်သူ့ဆေးရုံ၌ ကျင်းပရာ သင်တန်းဆင်းပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# အားလုံးပူးပေါင်းပါဝင်မှုဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမည်




**နေပြည်တော် မတ် ၁၉**

စင်ကာပူနိုင်ငံတွင် မတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် The Heritage of Ancient and Urban Sites; Giving Voice to Local Priorities အလုပ်ရုံဆွေးနွေးပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် တက်ရောက်ပြီး All Inclusive Parti Cipation for Safe Guarding Cultural Heritage In Myanmar စာတမ်းကို ဖတ်ကြားဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အရှေ့တောင်အာရှနိုင်ငံများမှ ယဉ်ကျေးမှုအမွေအနှစ်ကဏ္ဍဆိုင်ရာ အစိုးရအဖွဲ့များက တာဝန်ရှိသူများ၊ ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အမွေအနှစ်စောင့်ရှောက်ရေး အဖွဲ့အစည်းများမှ ပညာရှင်များ တက်ရောက်၍ စာတမ်းအသီးသီး ဖတ်ကြားကာ ကဏ္ဍပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ ဘက်စုံအမြင်များကို ဆွေးနွေးကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်နှင့်အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ် ဗိသုကာပညာဌာန ပါမောက္ခ ဒေါက်တာ စုစု၊ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်းမှ ဥက္ကဋ္ဌဦးစိုးဝင်းနိုင်၊ ယူနက်စကို (ရန်ကုန်ရုံးခွဲ) မှ National Project Coordinator ဒေါ်ဥမ္မာမျိုးတို့က စာတမ်းများကို ကဏ္ဍအလိုက် ဖတ်ကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခင်းကျင်းပြသခြင်း၊ အသိပညာဖြန့်ဝေပေးခြင်း လုပ်ငန်းများကို အစိုးရအဖွဲ့အစည်းများနှင့်အတူ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့များ၊ ယဉ်ကျေးမှုအမွေအနှစ်များအပေါ် စိတ်ဝင်စားမှုရှိသော ငွေကြေးချမ်းသာကြွယ်ဝသူများ၊ ဒေသခံပြည်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ ရရှိနိုင်ကြောင်းကို အသိအမြင်အတွေ့အကြုံဗဟုသုတများ ဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မွန်ပြည်နယ်၌ အသက်မွေးဝမ်းကျောင်း အခြေခံသင်တန်းဆင်း

**သထုံ မတ် ၁၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးရုံး၌ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အခြေခံမော်တာအပ်ချုပ်စက် သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ကို ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့မှ သင်တန်းသူ ၂၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ပြီး မတ်လတတိယပတ်တွင် သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခဲ့ရာ ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်နှင့် ခရိုင်ဦးစီးမှူး ဦးလှ မျိုးဝင်းတို့က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ဦးစီးမှူးက ထူးချွန်သင်တန်းသူများကို ဆုများချီးမြှင့်ခဲ့သည်။

**ဝေဝေ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀ / ၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀/၉၄၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | | |
|---|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - | ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - | ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - | ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - | ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - | ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - | ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - | ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - | ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - | ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - | ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - | ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၉.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၆.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၂၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၀၁ |
| တရုတ် | တစ်ယွမ် | ၁၈၇.၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၃၃ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာ့ရုပ်သံလွှင့်မီဒီယာဥပဒေ ညီလာခံကျင်းပ

**ရန်ကုန် မတ် ၁၉**

မြန်မာ့ရုပ်သံလွှင့် မီဒီယာဥပဒေနှင့်ပတ်သက်သည့် ညီလာခံကို ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) နှင့် USAID တို့၏ စီစဉ်မှုဖြင့် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပသည်။




ယနေ့ပြုလုပ်သည့် မြန်မာ့ရုပ်သံလွှင့် မီဒီယာဥပဒေညီလာခံသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာနှင့် ဒေသတွင်းရုပ်သံလွှင့် မီဒီယာ ကျွမ်းကျင်သူများနှင့် ပြည်တွင်း ပြည်ပသတင်းမီဒီယာများ၊ မီဒီယာအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညီလာခံကျင်းပရသည့် အကြောင်းအရင်းနှင့် ပတ်သက်၍ ဒီမိုကရက်တစ်မြန်မာ့အသံ(DVB) Multimedia Group၏ အယ်ဒီတာချုပ် ဦးအေးချမ်းနိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ရုပ်မြင်သံကြား အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း အဆိုပါဥပဒေတွင် ပြင်ဆင်ဖြည့်စွက်ရန်များ ရှိနေသေးကြောင်း၊ အဆိုပါအကြောင်းအရာများနှင့် ပတ်သက်၍ မိမိတို့က လက်ရှိအစိုးရအား ပွင့်ပွင့်လင်းလင်းပြောဆိုမှုများ ရှိသကဲ့သို့ နောင်ပေါ်ပေါက်လာမည့် အစိုးရကိုလည်း ပွင့်ပွင့်လင်းလင်း ပြောဆိုသွားရန်ရှိကြောင်း၊ ယခုပြုလုပ်သည့် ညီလာခံသည် မြန်မာနိုင်ငံတွင် လွတ်လပ်သည့် ရုပ်သံလွှင့် မီဒီယာ အမြောက်အမြား ပေါ်ထွက်လာစေရန် ရည်ရွယ်ကြောင်း၊ လက်ရှိအစိုးရသည် ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများတွင် သိသာစွာပြောင်းလဲလုပ်ဆောင်နိုင်ခဲ့မှုအပေါ် ဂုဏ်ယူပါကြောင်း၊ သို့သော်လည်း ဆက်လက်လုပ်ဆောင်ရမည့် မီဒီယာလုပ်ငန်းများ ကျန်ရှိနေသေးကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က**(အပေါ်ပုံ)** ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မီဒီယာပြုပြင်ပြောင်းလဲရေး (Media Reform) အတွက် ၂၀၀၈ ခုနှစ်ကတည်းက စတင်လှေ့လာခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် မိမိတို့အစိုးရလက်ထက်တွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု (Media Development)ကို ပိုမိုဆောင်ရွက်နိုင်ရန် အဖွဲ့တစ်ခု ထပ်မံဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ရုပ်မြင်သံကြား အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ရေးဆွဲစဉ်က အကောင်းဆုံးဖြစ်စေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲခဲ့ကြောင်း၊ သို့ရာတွင် ပြီးပြည့်စုံသည့် ဥပဒေဆိုသည်မှာ မရှိသောကြောင့် အဆိုပါဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲမည်ဆိုပါက ယူနက်စကိုက သတ်မှတ်ထားသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသည့် စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် မျှတသည့် သတင်းအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါကြောင်း စသည်ဖြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဆိုင်ရာဥပဒေတွင် ပါဝင်သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ အကြံပြုပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင်(မုံရွာအောင်ရှင်)က မီဒီယာလုပ်ငန်းသည် ပြည်သူလူထုအတွက် အမြန်ဆန်ဆုံး၊ အပီပြင်ဆုံး၊ အကျယ်ပြန့်ဆုံး သက်ရောက်မှုရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ စေတနာနှင့် အကျိုးသက်ရောက်မှုကို ထပ်တူဖြစ်စေပြီး အစိုးရချုပ်ကိုင်မှု နည်းနိုင်သမျှနည်းစေကာ လွတ်လပ်တရားမျှတသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဆိုင်ရာ ဥပဒေကို အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ အတွင်းရေးမှူး(၁) ဒေါ်သင်းသင်းသာက မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီအနေဖြင့် မီဒီယာလောကတွင် တရားမျှတမှုရှိသည့် ဥပဒေပေါ်ထွက်လာစေရန်နှင့် အသစ်ပေါ်ထွက်လာသည့် အစိုးရအနေဖြင့် အတတ်နိုင်ဆုံး မျှတစေရန်၊ လက်ဝါးကြီးအုပ်မှုများ မပေါ်ပေါက်စေရန် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်သံလွှင့် မီဒီယာဥပဒေညီလာခံ၌ လက်ရှိအသံလွှင့်ဥပဒေကို ပြန်လည်စိစစ်ရန်ကဏ္ဍ၊ ပြည်သူ့ဝန်ဆောင်မှုမီဒီယာလုပ်ငန်းကိစ္စရပ်များ ဆွေးနွေးရန်ကဏ္ဍ၊ ပုဂ္ဂလိကပိုင် မီဒီယာများကို မည်ကဲ့သို့ ကိုင်တွယ်မည်ဆိုသည့်အချက်ကို ဆွေးနွေးရန်ကဏ္ဍ၊ ရုပ်သံလွှင့်လိုင်း ချပေးမည့်အဖွဲ့အား မည်ကဲ့သို့ ဖွဲ့စည်းမည်ဆိုသည့် ကဏ္ဍများကို အဖွဲ့လေးဖွဲ့ခွဲ၍ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး ကဏ္ဍအလိုက် ဆွေးနွေးပွဲများမှ ရရှိလာသည့်ရလဒ်များကို မတ် ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ရှင်းလင်းအသိပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**❋ ရှေ့ဖုံးမှ**

စက်ခေါင်းစက်ရုံနဲ့ မြစ်ငယ်မှာ တွဲဆိုင်းစက်ရုံ တည်ဆောက်မယ့် အစိတ်အပိုင်းအဖြစ် တရုတ်နိုင်ငံမှာ မြန်မာ အင်ဂျင်နီယာတွေနဲ့ တွဲဖက်လုပ်ကိုင်ပြီး တည်ဆောက်ခဲ့တဲ့ စက်ခေါင်းနဲ့တွဲတွေ မြန်မာနိုင်ငံကို သယ်ယူလာပြီး ဒီကနေ့ ရန်ကုန်-ပြည် လမ်းပိုင်းမှာ အစားထိုးပြေးဆွဲတာ ဖြစ်ပါတယ်”ဟု ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရန်ကုန်ဘူတာကြီး၌ ပြုလုပ်သော အဆိုပါရထား အစားထိုးပြေးဆွဲခြင်းအခမ်းအနား၌ ပြောကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ခရီးသွားပြည်သူများ လုံခြုံစိတ်ချရပြီး သက်သောင့်သက်သာ ခရီးသွားလာနိုင်ရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၉၀ ကျော်နှင့် နိုင်ငံပိုင်ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၉၉ သန်းကို ရင်းနှီးမြှုပ်နှံကာ နေပြည်တော်၌ စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံနှင့် မြစ်ငယ်တွင် လူစီးတွဲသစ် တည်ဆောက်ရေးစက်ရုံတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ CMC ကုမ္ပဏီနှင့် ၂၀၁၃ ခုနှစ်တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါစက်ရုံများကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။ ယင်းစီမံကိန်းများတွင်ပါဝင်သည့် စက်ခေါင်း ၂၂ ခေါင်းနှင့် လူစီးတွဲ ၆၀ အနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dalian စက်ခေါင်းစက်ရုံနှင့် Sifang တွဲစက်ရုံတို့တွင် မြန်မာအင်ဂျင်နီယာများကို လေ့ကျင့်သင်ကြားပေးပြီး စက်ခေါင်းနှင့် လူစီးတွဲအချို့ကို အပြီးတည်ဆောက်ခဲ့ကြောင်း သိရသည်။

ယင်းတို့အနက် မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းသစ် ခြောက်ခေါင်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင်လည်းကောင်း၊ လူစီးတွဲပထမအသုတ် ၁၈ တွဲသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် လည်းကောင်း၊ ဒုတိယအသုတ် ၁၀ တွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလဆန်းတွင် လည်းကောင်း၊ တတိယအသုတ် ၁၁ တွဲသည် ဇန်နဝါရီလကုန်ပိုင်းတွင် လည်းကောင်း စုစုပေါင်း ၃၉ တွဲ မြန်မာနိုင်ငံသို့ ရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ လူစီးတွဲများအနက်မှ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ်(၅)အဆန်နှင့် အမှတ်(၆)အစုန် အမြန်ရထားတွင် အထက်တန်းတွဲခြောက်တွဲနှင့် ရိုးရိုးတန်း ၂၂ တွဲတို့ကို အသုံးပြု၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ စတင် ပြေးဆွဲခဲ့သည်။

ယခု ပြည်သူများတောင်းဆိုချက်အရ ပြည်လမ်းပိုင်း၌ ဒုတိယအကြိမ်မြောက်အဖြစ် တွဲဆိုင်းနှင့် စက်ခေါင်းသစ်ရထားဖြင့် အစားထိုးပြေးဆွဲခြင်းဖြစ်သည်။ “အခုပြေးဆွဲတဲ့ ရထားစက်ခေါင်းမှာ ကွန်ပျူတာထိန်းချုပ်စနစ်တွေလည်းပါတယ်။ တွဲတွေမှာလည်း ခေတ်မီလေအိတ်စနစ်တွေ၊ တွဲတိုင်းမှာ စီစီတီဗွီကင်မရာတွေ တပ်ဆင်ထားပါတယ်။ ခေတ်မီလေအိတ်စနစ် တပ်ဆင်ထားတဲ့ (Air- Cushion) တွဲတွေ ဖြစ်ပါတယ်။ ပြီးတော့ လက်မှတ်ခကလည်း အရင်အတိုင်းပါပဲ။ ဘူတာ ၁၃ ခုမှာ ရပ်နားမှာဖြစ်ပါတယ်”ဟု မြန်မာ့မီးရထားမှ အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

အဆိုပါ ရန်ကုန်-ပြည် အမှတ်(၇၁) အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပြီး ပြည်မှ အမှတ်(၇၂) အစုန် ရထားမှာ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ယင်းရထားသည် လှော်ကား၊ တိုက်ကြီး၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်၊ ပုတီးကုန်း၊ သဲကုန်းနှင့် ဆင်မြီးဆွဲဘူတာများ၌ ရပ်နားမည်ဖြစ်သည်။ ယင်းရထားများ၌ ခရီးသည် ၆၀၀ ကျော် လိုက်ပါစီးနင်းနိုင်ပြီး ရန်ကုန်-ပြည် ရထားခ ရိုးရိုးတန်းထိုင်ခုံအတွက် ငွေကျပ် ၁၉၅၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။



**ရန်ကုန်-ပြည် လေအိတ်စနစ်ပါရထား ပြေးဆွဲနေစဉ်။** ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

---

# အိမ်ရာအဆောက်အအုံနှင့် အိမ်ခြံမြေဆိုင်ရာပြပွဲ ၂၀၁၆ ဖွင့်လှစ်

**ရန်ကုန် မတ် ၁၉**

အိမ်ရာ အဆောက်အအုံနှင့် အိမ်ခြံမြေဆိုင်ရာပြပွဲ ၂၀၁၆ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၉ ရက် နံနက် ၁၁ နာရီက ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ MKT Construction Co.,Ltd. မှ Chairman ဦးမျိုးမြင့်၊ Myanmar MaharTun Co., Ltd. (Orona Elevator)မှ ဒါရိုက်တာဦးမင်းရဲကျော်နှင့် Dagon Exhibition Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပြပွဲကို မတ် ၁၉ မှ မတ် ၂၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၀၀ ကို ကုမ္ပဏီပေါင်း ၆၀ က ပါဝင်ခင်းကျင်းပြသထားခြင်းဖြစ်သည်။ ပြပွဲကာလအတွင်း အခမဲ့လာရောက်ကြည့်ရှု လေ့လာနိုင်ပြီး ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးသက်ထွန်းဦး (Yangon Stock Exchange)နှင့် ဦးမျိုးမြတ်သူတို့က မြန်မာ့စီးပွားရေးမျှော်မှန်းချက် ခေါင်းစဉ်ဖြင့် မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ ဒေါက်တာမောင်အောင်၊ ဦးဝင်းဇော် (CHD BANK) နှင့် ဦးမျိုးမြင့် (MKT Construction) တို့က သာယာချမ်းမြေ့ပြီး ပျော်ရွှင်နေချင်စဖွယ် ဘဝပိုင်ဆိုင်ရေး ခေါင်းစဉ်ဖြင့် မတ် ၂၀ ရက်တွင် လည်းကောင်း ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။ ပြပွဲကာလအတွင်း အကောင်းဆုံးခင်းကျင်းပြသနိုင်သော ပြခန်းများကို ရွေးချယ်ကာ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# အိုင်အက်စ်အရေးဆွေးနွေးရန် လာမည့်သီတင်းပတ်အတွင်း ဂျွန်ကယ်ရီ ရုရှားသို့ သွားရောက်မည်

**ဝါရှင်တန် မတ် ၁၉**

ဆီးရီးယားစစ်ပွဲအတွင်း ရုရှားက ၎င်း၏တပ်ဖွဲ့များကို စတင်ရုပ်သိမ်းမှုများလုပ်ဆောင်ပြီးနောက် အိုင်အက်စ်စစ်သွေးကြွများအပေါ် ဆန့်ကျင်မှုကို နိုင်ငံတကာမှ ဖိအားပေးလုပ်ဆောင်ရေး လာမည့် သီတင်းပတ်၌ ရုရှားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ရုရှားသို့သွားရောက်မည်ဖြစ်သည်။

ရုရှားအရာရှိများနှင့်တွေ့ဆုံရန်အတွက် ကယ်ရီသည် မတ် ၂၂ ရက်မှ ၂၅ ရက်အထိ မော်စကိုသို့ သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘိုင်က ပြောသည်။

၎င်းတို့သည် ဆီးရီးယားအပစ်ရပ်စဲရေးကို နိုင်ငံတကာမှအားပေးထောက်ခံမှုများဆက်လက်လုပ်ဆောင်ရန်၊ လူသားချင်းအကူအညီများကျယ်ကျယ်ပြန့်ပြန့် ဆက်လက်တိုးမြှင့်ထောက်ပံ့ပေးရန်၊ ဆီးရီးယားနိုင်ငံရေးအကူးအပြောင်းကာလကို ကူညီအားပေးလုပ်ဆောင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကာဘိုင်ကပြောသည်။

မင့် သဘောတူညီချက်ကို အပြည့်အဝအကောင်အထည်ဖော်ရန်လိုအပ်သည့် အချက်များနှင့် ယူကရိန်းအရေးတို့ကိုလည်း ကယ်ရီအနေဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။ ရုရှားသည် ဆီးရီးယားရှိ ၎င်း၏တပ်များကို မတ် ၁၅ ရက်မှစ၍ ရုပ်သိမ်းမှုများစတင်ပြုလုပ်ခဲ့သည်။

**(ပီတီအိုင်)**

# လူလိုက်ပါသော အာကာသယာဉ် ရုရှားလွှတ်တင်

**မော်စကို မတ် ၁၉**

ဆိုယုဇ်တီအမ်အေ ၂၀ အမ် လူလိုက်ပါနိုင်သော အာကာသယာဉ်ကို ရုရှားဆိုယုဇ် အက်ဖ်ဂျီဒုံးပျံဖြင့် စနေနေ့အစောပိုင်းက ကာဇက်စတန်ရှိ ဘိုင်ကိုနာအာကာသစခန်းမှ လွှတ်တင်လိုက်ကြောင်း ဒေသဆိုင်ရာမီဒီယာက သတင်းဖော်ပြသည်။

ရုရှားအာကာသယာဉ်မှူး အဲလက်စီအော့ချင်းနင်၊ အိုလက်စ ခရီပေါ့ကာနှင့် အမေရိကန်အာကာသယာဉ်မှူး ဂျက်ဝီလီယံတို့သည် မော်စကိုဒေသစံတော်ချိန် ၁၂း၂၆ နာရီတွင် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ လိုက်ပါသွားသည်။ အာကာသစူးစမ်းလေ့လာရေး ၄၈ ဟု အမည်ပေးထားသော အဆိုပါ အာကာသယာဉ်သည် လွှတ်တင်ပြီး ခြောက်နာရီအကြာ အိုင်အက်စ်အက်စ်သို့ ရောက်ရှိ လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ အသစ်ရောက်ရှိလာသော အာကာသစူးစမ်းလေ့လာသူများအနေဖြင့် အာကာသစခန်း၌ ၁၇၃ ရက်ကြာ နေထိုင်လိမ့်မည်ဟု ဆိုသည်။ လောလောဆယ် နိုင်ငံတကာ အာကာသစခန်းတွင် ရုရှားအာကာသယာဉ်မှူး ယူရီမာလန်ချန်ကို၊ နာဆာ အာကာသယာဉ်မှူး တင်ကိုပရာနှင့် ဗြိတိန်မှတင်ပီကီတို့ ရောက်ရှိနေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တောင်တရုတ်ပင်လယ် အခြေစိုက်စခန်းအရေး အမေရိကန်နှင့်ဖိလစ်ပိုင် သဘောတူညီ

**မနီလာ မတ် ၁၉**

တောင်တရုတ်ပင်လယ်အတွင်း စပရက်လေကျွန်းအနီးရှိ ကျွန်းတစ်ကျွန်းအပါအဝင် ဖိလစ်ပိုင်အခြေစိုက်စခန်းငါးခုနှင့် စစ်ရေးပူးတွဲအသုံးပြုရန် အမေရိကန်နှင့် ဖိလစ်ပိုင်အစိုးရတို့ သဘောတူညီခဲ့ကြကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်သည် ၂၀၁၄ ခုနှစ်မှစ၍ နှစ်နိုင်ငံ အပြန်အလှန် ကာကွယ်ရေးလက်မှတ်ရေးထိုးခဲ့သော စာချုပ်အစိတ်အပိုင်းတစ်ခုအဖြစ် သောကြာနေ့က ဝါရှင်တန်တွင် အတည်ပြုခဲ့သည်။

အခြေစိုက်စခန်းငါးခုအနက် အန်တိုနီယို ဘော်တီဆာတာ လေကြောင်း အခြေစိုက်စခန်းသည် တောင်တရုတ်ပင်လယ်နှင့် မျက်နှာချင်းဆိုင် ပလာဝမ်ကျွန်း၏ အရှေ့ဘက်ပိုင်းတွင်တည်ရှိသည်။ ယင်းသည် စပရက်လေကျွန်းအနီးတစ်ဝိုက် တရုတ်ကပြုလုပ်နေသော ကျွန်းတုများမှ ရေပိုင်နက် ကီလိုမီတာ ၃၅၀ အကွာတွင်တည်ရှိသည်။အဆိုပါကျွန်းသည် ဖိလစ်ပိုင်နှင့် တရုတ်အပါအဝင် အငြင်းပွားတောင်းဆိုမှုများ ခြောက်ခုခန့်ရှိနေကြောင်း သိရသည်။

အဆိုပါစာချုပ်သည် တပ်ဖွဲ့များနှင့် အထောက်အပံ့အကူအညီများ အသုံးချခွင့်ကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဖိလစ်ဂိုးဘာ့ဂ်က ပြောသည်။

ယင်းနှစ်နိုင်ငံသဘောတူညီမှုသည်နှစ်နိုင်ငံရေကြောင်း စွမ်းရည် တိုးတက်လာစေရန်နှင့် အငြင်းပွားကျွန်းပေါ်တွင် တရုတ်အရေးကို သတိထားစောင့်ကြည့်ရန် ရည်ရွယ်ကြောင်းသိရသည်။**(အင်န်အိတ်ချ်ကေ)**

# ရုရှား၌ လေယာဉ်ပျက်ကျရာ လိုက်ပါလာသူ ၆၂ ဦးလုံး သေဆုံး

**အာဘူဒါဘီ မတ် ၁၉**

ဒူဘိုင်းမှ ရုရှားတောင်ပိုင်းသို့ ပျံသန်းထွက်ခွာလာသော ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းသည် ရို့စ်တော့ဗ်အွန်ဒွန်၌ လေဆိပ်သို့ ဒုတိယအကြိမ်ဆင်းသက်ရန် ကြိုးစားစဉ် ပျက်ကျမှုဖြစ်ပွားခဲ့၍ လေယာဉ်ပေါ်ပါသူ ၆၂ ဦးလုံး သေဆုံးသွားခဲ့ကြောင်း ရုရှားအာဏာပိုင်များက စနေနေ့တွင် ပြောကြားခဲ့သည်။



ဖလိုင်း ဒူဘိုင်းဟုအမည်ရှိ ဒူဘိုင်းအခြေစိုက် စရိတ်သက်သာလေကြောင်းလိုင်းမှ ခရီးသည်တင် ဘိုးရင်း ၇၃၇-၈၀၀ သည် ရို့စ်တော့ဗ်အွန်ဒူလေဆိပ်၌ ဒေသစံတော်ချိန် ၃ နာရီ ၅၀ မိနစ်က ပျက်ကျခဲ့ကြောင်း ရုရှားအရေးပေါ် ဆိုင်ရာဝန်ကြီးဌာနက ပြောခဲ့သည်။

လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်း ခုနစ်ဦးနှင့် ခရီးသည် ၅၅ဦးပါရှိကြောင်း အာဏာပိုင်များက ပြောသည်။

"ကံမကောင်းစွာနဲ့ဘဲ သူတို့အားလုံးသေကုန်တယ်"ဟု အရေးပေါ်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်တာ ယနုတ်ဆန်ကိုကပြောခဲ့ပြီး အရေးပေါ်အကူအညီများပေးရန် ဆောင်ရွက်နေကြောင်း ၎င်းက ထပ်မံပြောဆိုခဲ့သည်ဟု ရုရှားအာအိုင်အေ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ရုရှား သယ်ယူပို့ဆောင်ရေး ဝန်ကြီး အကြံပေးပုဂ္ဂိုလ် ဖန်နတယ်ရီ ကိုဟိုဗာက လေယာဉ်မှူးအမှား သို့မဟုတ် ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်နိုင်ကြောင်း ဒေသတွင်းရုပ်သံသို့ ပြောခဲ့သည်။

လေယာဉ်ပျက်ကျသည့်အချိန်တွင် ရို့စ်တော့ဗ်အွန်ဒူဒေသတွင် လေပြင်းများ တိုက်ခတ်နေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။

**(ရိုက်တာ)**

# ပါရီတိုက်ခိုက်မှုတွင် ပါဝင်သော ဥရောပ၏ အလိုရှိဆုံးသူကို ဘရပ်ဆဲလ်၌ ဖမ်းမိ



**ဘရပ်ဆဲလ် မတ် ၁၉**

ပြီးခဲ့သော နိုဝင်ဘာလက ပါရီတိုက်ခိုက်မှု၌ပါဝင်သော အိုင်အက်စ်များကို အာဏာပိုင်များက စုံစမ်းရှာဖွေလျက်ရှိရာ မထင်မှတ်ဘဲ ဘရပ်ဆဲလ်တွင် ဖမ်းမိခဲ့ကြောင်း သိရသည်။

အဆိုပါ သံသယရှိသူ ဆာလာအဗ္ဗဒယ်ဆလမ်(၂၆နှစ်)သည်ယမန်နေ့ညက လက်ရဖမ်းဆီးခံခဲ့ပြီး ခြေထောက် ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိမှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိကြောင်း ဘယ်လ်ဂျီယံ ဝန်ကြီးချုပ် ချာလီမီရှဲလ်က ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်နှင့်အတူ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ကြေညာခဲ့သည်။

"ဒါဟာ ဒီမိုကရေစီအရေး တိုက်ပွဲဝင်မှုရဲ့ အရေးပါအရာရောက်တဲ့ ရလဒ်တစ်ခုပါပဲ"ဟု မီရှဲလ်က သောကြာနေ့တွင် ပြောကြားခဲ့ပြီး အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း ဘယ်လ်ဂျီယံနှင့် ပြင်သစ်ခေါင်းဆောင်များကို ချီးကျူးဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံ ဝန်ကြီးတစ်ဦးကလည်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ကြားဖြတ်သတင်းစကားတစ်ခုအဖြစ် "ငါတို့ သူ့ကို မိပြီ" ဟု ဖော်ပြခဲ့သည်။ အမိုင်နီ ချောင်ကရီဟု နာမည်တုခံယူထားသော ဒုတိယမြောက် အလိုရှိသူတစ်ဦးကိုလည်း အဗ္ဗဒယ်ဆလမ်၏ တိုက်ခန်းအနီး၌ ဒဏ်ရာများနှင့် ဖမ်းဆီးမိခဲ့ကြောင်း ရှေ့နေများက ပြောကြားသည်။

သံသယရှိသူ တရားခံအဗ္ဗဒယ်ဆလမ်ကို ရဲများက ခြေရာခံ ရှာဖွေတွေ့ရှိခဲ့သည့် သတင်းမီဒီယာမှ တစ်ဆင့်ပေါက်ကြားပြီးနောက် ရုတ်တရက် ဝင်ရောက်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# တရားမဝင်ရွှေ့ပြောင်းသွားလာသူများကို တူရကီသို့ ပြန်ပို့မည်

**ဘရပ်ဆဲလ် မတ် ၁၉**


ဥရောပသမဂ္ဂ(အီးယူ)နှင့်တူရကီတို့သည် ရွှေ့ပြောင်းနေထိုင်သူများ အကျပ်အတည်း ပူးတွဲကိုင်တွယ်ရန် ရည်ရွယ်လျက် နှစ်ရက်ကြာ အီးယူ ထိပ်သီးအစည်းအဝေးအပြီး သောကြာနေ့က ယင်းတို့၏ပြောင်းရွှေ့နေထိုင်သူများဆိုင်ရာ စာချုပ်အတွက် သဘောတူညီမှုရရှိသွားသည်။

"ကျွန်တော်တို့အနေနဲ့ အီးယူနဲ့တူရကီအကြား နောက်ဆုံးသဘောတူညီချက်အရ တူရကီမှတစ်ဆင့် ဥရောပသို့ တရားမဝင်ရွှေ့ပြောင်းသွားလာမှုကို တားဆီးနိုင်မှာဖြစ်ပါတယ်"ဟု ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တွတ်က စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

၂၀၁၆ ခုနှစ် မတ် ၂၀ ရက်မှစတင်ကာ တူရကီမှ ဂရိကျွန်းစုသို့ တရားမဝင် လမ်းကြောင်းဖြင့်ရောက်ရှိသူများအားလုံးကို တူရကီသို့ ပြန်ပို့ရမည်ဟုဆိုသည်။

ယင်းမှာ အီးယူဥပဒေနှင့်ရောနိုင်ငံတကာဥပဒေနှင့်ပါ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**(ဆင်ဟွာ)**




ဂရိနိုင်ငံ အင်ဒိုမီနီဒေသ၌ ဆီးရီးယားဒုက္ခသည်တစ်ဦး ပိုစတာကိုင်၍ ကန့်ကွက်နေသည်ကို မတ် ၁၈ ရက်က တွေ့ရစဉ်။

# ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး အလှူတော်ငွေပေးအပ်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေး အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၏ သာသနဇောတိကဓမ္မာရုံ၌ ကျင်းပရာ သတ္တမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ယင်းနောက် အလှူရှင် ၁၂၃ ဦးတို့က ငွေကျပ် သိန်း ၉၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြရာ ကော်မတီနာယက ပြည်ထောင်စုဝန်ကြီး၊ သတ္တမအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေး လုပ်ငန်း ပထမအကြိမ်ကို ၁၉၉၀-၉၂ ခုနှစ်၊ ဒုတိယအကြိမ်ကို ၂၀၀၁ ခုနှစ်၊ တတိယအကြိမ်ကို ၂၀၀၄ ခုနှစ်၊ စတုတ္ထအကြိမ်ကို ၂၀၀၇ ခုနှစ်၊ ပဉ္စမအကြိမ်ကို ၂၀၀၉ ခုနှစ်၊ ဆဋ္ဌမအကြိမ်ကို ၂၀၁၂ ခုနှစ်နှင့် သတ္တမအကြိမ်ကို ၂၀၁၅-၂၀၁၆ ခုနှစ်၌ ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် မတ် ၁၉**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၆၀၄ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို မတ် ၁၄ ရက်မှ ၂၃ ရက်အထိ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟုဆိုအပ်သော ပူဇော်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယင်းသို့ကျင်းပပူဇော်လျက်ရှိသည့်အနက် သံဃာ့ပူဇာအနေဖြင့် မတ် ၂၂ ရက် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအမှူးပြုသော ပင့်သံဃာတော် ၉၈ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၂၅ ပါးတို့အား စေတီတော်ရင်ပြင်တစ်ပတ်၌ ဗုဒ္ဓပူဇနိယ ပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည်ဖြစ်သည်။

မတ် ၂၃ ရက် နံနက် ၅ နာရီတွင် ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေ၌ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆွမ်းတော်ကြီး တင်လှူပူဇော်ကြမည်ဖြစ်သည်။

ယင်းနေ့ နံနက် ၉ နာရီတွင် ၁၀ ရက်တိုင်တိုင် ကျင်းပခဲ့သည့် ဗုဒ္ဓပူဇနိယ ပွဲတော် ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရင်ပြင်တော် ချမ်းသာကြီး တန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်းနှင့် အလှူရှင်များအနေဖြင့် လာရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# ပထမဦးဆုံးအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ မြန်မာနိုင်ငံ၌ ပြုလုပ်မည်

**သတင်းဆောင်းပါး-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် မတ် ၁၉**

စားသုံးသူများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်၊ စားသုံးသူပြည်သူများ အသုံးပြုနေသည့်စားသုံးကုန်၊ သုံးစွဲမှီဝဲနေသည့် ဆေးဝါးအစားအသောက်များနှင့် သက်ဆိုင်သည့် ဗဟုသုတများ ရရှိစေရန်နှင့် ဈေးကွက်တွင်ဖြစ်ပေါ်နေသည့် မတရားအနိုင်ကျင့်မှုများနှင့် နစ်နာဆုံးရှုံးမှုများ သိရှိနိုင်ရန်အတွက် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံတွင် “ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့” ကျင်းပမည်ဖြစ်ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က ပြောကြားသည်။

အဆိုပါ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အား မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မတ် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားကူးသန်းရုံး၌ ကျင်းပမည်ဖြစ်ကြောင်းကို မတ် ၁၈ ရက်က ပြုလုပ်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က “ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ကို မြန်မာနိုင်ငံမှာတော့ ပထမဦးဆုံး အကြိမ် ပြုလုပ်တာပါ။ စားသုံးသူအခွင့်အရေးဆိုတာကို ပြည်သူတွေအနေနဲ့ သိရှိမှုနည်းပါးနေသေးတယ်။ ၂၀၁၄ မှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ထွက်လာပေမယ့် ပြည်သူတွေရဲ့ အခွင့်အရေးဖြစ်တဲ့ စားသုံးသူအတွက် အခွင့်အရေးကို သိရှိတဲ့သူ သိပ်မရှိသေးဘူး။ ကျွန်တော်တို့ဆီမှာ စားသုံးသူအခွင့်အရေးနှင့် ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံက စားသုံးသူတွေအနေနဲ့ ဗဟုသုတတွေ၊ အသိပညာတွေရှိရင် ကုန်ထုတ်သူတွေအနေနဲ့ လိုက်နာရမယ့်အချက်တွေ လိုက်နာရမယ်ဆိုရင် အများကြီးပပျောက်သွားမယ်လို့ ယူဆပါတယ်။ စားသုံးသူများဖြစ်တဲ့ မြန်မာနိုင်ငံသား ပြည်သူတစ်ရပ်လုံး တန်းတူညီမျှ ရရှိခံစားနိုင်စေရန်အတွက် မြန်မာနိုင်ငံသားအားလုံး အမျိုးသားရေးအသွင်ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်”ဟု ပြောသည်။

စားသုံးသူ အခွင့်အရေးများနေ့သည် ၁၉၆၂ ခုနှစ် မတ် ၁၅ ရက်တွင် နိုင်ငံတကာစားသုံးသူများ၏ လုပ်ရှားဆောင်ရွက်မှုများနှင့် စည်းလုံးညီညွတ်မှုကို အကြောင်းပြု၍ အမေရိကန်နိုင်ငံသမ္မတ ဂျွန်အက်ကနေဒီက စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဂျွန်အက်ကနေဒီသည် စာသုံးသူများ၏ အခွင့်အရေးနှင့် အခြေခံမူအဖြစ် ဘေးဥပဒ်အန္တရာယ်ကင်းစွာ စားသုံးနိုင်ခွင့်၊ မိမိစိတ်ကြိုက် ရွေးချယ်နိုင်ခွင့်၊ သတင်းအချက်အလက် ပြည့်စုံစွာ ရရှိနိုင်ခွင့်၊ တိုးတက်ဖြစ်နေသည့် ဝန်ဆောင်မှုများအား ကြားနာသိရှိနိုင်ခွင့် လေးချက်ကိုကြေညာပြီး နောက် နောက်တိုးလေးချက်အား ဆက်လက် ကြေညာခဲ့ကြောင်းနှင့် ၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၌ စားသုံးသူများ၏ အခွင့်အရေးနှင့် ပတ်သက်၍ အခြေခံလမ်းညွှန်မှုများ အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ ကျင်းပရ



ခြင်းနှင့်ပတ်သက်၍ “စားသုံးသူအတွက် အခွင့်အရေးရအောင် ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ဆီမှာ ဥပဒေရှိမှရပါမယ်။ ဒါကြောင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီးပါပြီ။ စားသုံးသူများအတွက် အခွင့်အရေးပေးထားတဲ့ ဥပဒေရှိပေမယ့် စားသုံးသူတွေကို အသိပေးနိုင်မှု နည်းပါးသည့်အတွက် ပြည်သူများ ပိုမိုသိရှိစေဖို့ ကမ္ဘာ့စားသုံးသူ အခွင့်အရေးနေ့ အခမ်းအနားကျင်းပဖို့ လုပ်တာပါ။ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေက ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုဆောင်ရွက်ပေးထားပေမယ့် ပြည်သူ့ဘက်မှလည်း ပြည်သူ၏ အခွင့်အရေးအား သိရှိနိုင်ရန် လိုအပ်ပါတယ်”ဟု ဆိုသည်။

စားသုံးသူ အခွင့်အရေးများနှင့် ပတ်သက်၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတတိုးစေရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၃ ခုနှစ် မေလ ၁ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကို ဖွင့်လှစ်ခဲ့ပြီး အဆိုပါဌာနအောက်တွင် စားသုံးသူ အကာအကွယ်ပေးရေး ဌာနခွဲများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည့် စားသုံးသူ အကာအကွယ်ပေးရေး ဌာနခွဲများသည် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနအမည်ဖြင့် လုပ်ငန်းတာဝန်များအား လွှဲပြောင်းရယူ၍ စတင်ဆောင်ရွက်ခဲ့သည်။

စားသုံးသူများ အခွင့်အရေးအတွက် လုပ်ဆောင်သင့်သည်နှင့် ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က “ကျွန်တော့်အနေနဲ့ကတော့ ပထမအဆင့် အရေးယူမှုမလုပ်ခင် အသိပညာပေးတွေ လုပ်ရမယ်။ နောက် တိုင်ကြားမှုတွေလုပ်မယ်။ သတင်းပေးမယ်ဆိုရင် မဟုတ်မမှန်တာလုပ်တဲ့သူတွေ နောက်ဆုတ်သွားမယ်။ မှန်ကန်လာမယ်။ ဒါဆို အချိန်တိုအတွင်းမှာ အမြန်ဆုံးတိုးတက်မှုတွေ ရှိလာမယ်လို့ ယုံကြည်ပါတယ်”ဟု ပြောသည်။

စားသုံးသူကာကွယ်ရေး ဥပဒေအရစားသုံးသူဘက်မှ နစ်နာသည်ဟု ယူဆ၍ တိုင်ကြားလိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ရုံးများနှင့် အဆိုပါအဖွဲ့အောက်ရှိ စားသုံးသူတိုင်ကြားမှု လက်ခံရေးကော်မတီတို့တွင် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိုင်ကြားနိုင်သည်။

စားသုံးသူတစ်ယောက်အနေဖြင့် ဖြစ်စဉ်၊ နေ့ရက်၊ အချိန်နှင့် ဓာတ်ပုံ အထောက်အထားရှိပါက ဓာတ်ပုံဖြင့် မိမိ၏ဆုံးရှုံးနစ်နာမှုကို အထောက်အထားခိုင်လုံစွာ တင်ပြတိုင်ကြားပါက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများအား တိုင်ကြားမှုကော်မတီက ပြုလုပ်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့တင်ပြကာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

တိုင်ကြားမှုများအား စားသုံးသူကာကွယ်ရေးဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်နှင့် ရဲစခန်းသို့ တိုင်ကြား၍ ချမှတ်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်ဟု နှစ်မျိုးခွဲထားသည်။

စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အနေဖြင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ချမှတ်သည့် ပြစ်ဒဏ်များမှာ လုပ်ငန်းရှင်အား ပြင်းထန်စွာသတိပေးခြင်း၊ လျော်ကြေးတောင်းခြင်း၊ ကုန်ပစ္စည်းဖြန့်ချိမှု ရပ်ဆိုင်းခြင်း၊ ဈေးကွက်အတွင်းရှိ ကုန်စည်များအား ဖျက်သိမ်းခြင်းနှင့် ကုမ္ပဏီဖျက်သိမ်းခြင်းများနှင့် လိုင်စင်ရုပ်သိမ်းသည်အထိ အရေးယူမှုများ ပြုလုပ်နိုင်သည်။

ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်တိုင်ကြား၍ ချမှတ်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်မှာ စုံစမ်းစစ်ဆေးရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှု များပြားပါက လုပ်ငန်းရှင်အား ထောင်ဒဏ် သုံးနှစ်သို့မဟုတ် ဒဏ်ငွေ သိန်း ၅၀ အထိ ချမှတ်နိုင်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။


ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

# မြောက်နဝင်းဆီသို့

ဘုန်းတင်လှိုင်



ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ပေးနေသော မြောက်နဝင်းဆည်။

မြောက်နဝင်းဆည်ရောက်တော့ အဆိုတော် မစိမ်းစိမ်း၏ ရွှေမန်းဆီသို့ သီချင်းကို ပြေးသတိရမိပါသည်။ မြောက်နဝင်းဆည်သည် ရေရိပ်ရေအောက်ဆီ နေခြည်ဟပ်ကာ အလွန်ပနံရလှပါသည်။ ဆည်ရေပြင်တစ်ဖက်တွင်ရှိ မြရည်ညိုညိုတောင်တန်းတွေကလည်း မှုန်ရီငေးမောစရာအလွန်ကောင်းလှပေသည်။ ငေးမောတွေးတောရင်းဖြင့် မြောက်နဝင်းဆည်ဖြစ်ပေါ်လာပုံအကြောင်းကို ပြန်ပြောင်းကြည့်မြင်မိပါတော့သည်။

မြောက်နဝင်းဆည်ကို ၁၉၅၃ ခုနှစ်မှစတင်၍ ဆည်မြောင်းဦးစီးဌာနက ပဏာမစူးစမ်းလေ့လာတိုင်းတာမှုများ ဆောင်ရွက်ခဲ့ပါသည်။ ၂၂. ၃. ၁၉၆၃ ရက်နေ့တွင် အသေးစိတ်လေ့လာတိုင်းတာခြင်းနှင့် အပြီးသတ်ဒီဇိုင်းပုံစံများရေးဆွဲခြင်းကို ဆောင်ရွက်နိုင်ရန် ယူဂိုဆလပ်နိုင်ငံမှ အီနာဂိုပရိုဂျက် (Energo Project) အင်ဂျင်နီယာအဖွဲ့နှင့် စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ၁၀. ၄. ၁၉၆၇ ရက်နေ့တွင် ဒီဇိုင်းပုံစံများနှင့် အသေးစိတ်ခန့်မှန်းခြေစာရင်းတို့ကို ရေးဆွဲပြီးစီးခဲ့ပါသည်။

မြောက်နဝင်းဆည်ကို ၁၉၆၇-၆၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအနီးတွင် ဖြစ်ပါသည်။ ပဲခူးရိုးမတောင်တန်း အနောက်ဘက်အခြမ်းမှ စီးဆင်းလာသော မြောက်နဝင်းချောင်းကိုဖြတ်၍ မြေသားနှစ်မျိုးနှင့် ရေစစ်ကျောက်နှစ်မျိုးပါရှိသော (Zone Type) ရေလှောင်တမံကိုဖို့၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ပြည်မြို့နယ် ပေါက်ခေါင်းမြို့နယ်နှင့် သဲကုန်းမြို့နယ်များအတွင်းရှိ လယ်မြေဧရိယာဧကေ ၀ ဒသမ ၉၇ သိန်းခန့်ပေါ်တွင် သီးနှံဧရိယာဧကေ ၁ ဒသမ ၈၂ သိန်းကျော်ခန့်ကို ဆည်ရေသွင်း စိုက်ပျိုးရန် ရည်ရွယ်ပါသည်။

မြောက်နဝင်းဆည် တည်ဆောက်ရာတွင် တည်ဆောက်ရေးပုံစံများနှင့် ကြီးကြပ်ဆောင်ရွက်ခြင်းတို့အတွက် လိုအပ်သည့် ကျွမ်းကျင်ပါရဂူများကို ၉. ၁. ၁၉၇၀ ရက်နေ့တွင် စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ပါသည်။ ယူဂိုဆလပ်နိုင်ငံ အီနာဂိုပရိုဂျက်မှ အင်ဂျင်နီယာပါရဂူ ၁၆ ဦး၊ မြန်မာအင်ဂျင်နီယာ စက်မှုနှင့် မြို့ပြအပါအဝင် သာမန်လုပ်သားများပါ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

မြောက်နဝင်းဆည် တည်ဆောက်စဉ်ကာလက မျက်မှောက်ခေတ်လို ခေတ်မီစက်ယန္တရားများလည်းမရှိ၊ စုံလင်စွာလည်းမရှိပါ။ ထိုစဉ်က ရှိသော စက်ယန္တရားများဖြင့်သာ ဆောင်ရွက်ခဲ့ကြရပါသည်။ (ဥပမာ - ရေစိမ့်တား သံမဏိသတ်ပြားတိုင်ရိုက်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ) ဆည်၏ ထူးခြားချက်မှာ အရှည်ပေ ၅၃၀၀ အလျားရှိသော တမံမျက်နှာပြင် တစ်လျှောက်လုံးကို အကျယ် ၁၆ ပေ၊ ထုတစ်ပေရှိ သံကူကွန်ကရစ်ခင်းထားခြင်း ဖြစ်ပါသည်၊ ထို့ပြင် တမံ၏ ရှေ့နှင့်နောက်မျက်နှာပြင်များကိုလည်း ၈ × ၄ လက်မအရွယ် ၉ လက်မထုချွန်၊ ဆစ်ပြီးကျောက်တုံးများဖြင့် သပ်ရပ်လှပစွာ ကျောက်စီထားခြင်းကိုလည်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ဦးစွာဆောင်ရွက်ထားသော ဆည်ဖြစ်ပြီး တည်ဆောက်ချိန်ကာလမှာ ၁၃ နှစ် ကြာမြင့်ခဲ့ပါသည်။

မြောက်နဝင်းဆည် ကုန်ကျငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၂၅၀၀ ဖြစ်ပါသည်။ ထိုအချိန်က ကုန်ကျငွေနှင့် ညီမျှသော ရွှေအောင်စမှာ ၄၀၁၆၀၀ ဒသမ ၃၀၁၆ ဖြစ်ပြီး ရွှေကျပ်သားအနေဖြင့် ၇၆၇၀၅၆ ဒသမ ၅၈၃ တို့ ဖြစ်ပါသည်။ မြောက်နဝင်းဆည် ကမ္ဗည်းကျောက်စာတွင် ရေးထိုးထားပါသည်။ မြောက်နဝင်းဆည် စီမံကိန်းလုပ်ငန်းတစ်ခုလုံးကို ၃၀. ၃. ၁၉၈၁ ရက်နေ့ တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။

မြောက်နဝင်းဆည် တည်ဆောက်စဉ် တစ်ပြိုင်နက်တည်းဆိုသလို ဆည်ရေသောက်စနစ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဆည်ရေသောက်ဧရိယာသို့ စိုက်ပျိုးရေပေးဝေခြင်းကို ၁၉၇၆ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ဆည်ရေသောက်စနစ်တွင်ရှိ တူးမြောင်းများနှင့် အဆောက်အအုံတို့သည် နှစ်စဉ် မိုးစပါးနှင့် နွေစပါးတို့အတွက် တစ်နှစ်ပတ်လုံးနီးပါး ရေပေးဝေခဲ့ရပါသည်။ နှစ်ပေါင်း ၃၅ နှစ်ကျော်၊ နှစ်ကာလ ကြာမြင့်လာသော်လည်း ထိရောက်သော အထူးပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ တူးမြောင်းများအတွင်း သဲနုန်းများပို့လာခြင်း၊ ရေမှော်နှင့် သစ်ပင်ငယ်များ ပေါက်ရောက်လာခြင်း၊ တူးမြောင်းပေါင်များ နိမ့်ကျပျက်စီးလာခြင်း၊ တူးမြောင်းမူလဒီဇိုင်းပုံစံကျမရှိတော့ခြင်း၊ တူးမြောင်းတစ်လျှောက် အုတ်စီနံရံများနှင့် ကွန်ကရစ်ပြား နံရံများ ပျက်စီးလာခြင်း၊ သဲဆန်သော မြေသားအပေါ်တွင် ဖောက်လုပ်ထားသော တူးမြောင်းပေါင်များ ပြိုကျပျက်စီးလာခြင်း၊ ရေနုတ်မြောင်းများ တိမ်ကောပျက်စီးလာခြင်း အရပ်ရပ်တို့ကြောင့် ဆည်ရေအပြည့်အဝ ပေးနိုင်မှုမရှိတော့သည်ကို တွေ့မြင်လာရပါသည်။

မြောက်နဝင်းဆည်၏ ဆည်ရေသောက်စနစ်တွင် တူးမြောင်းမကြီး ၄ ဒသမ ၆၆ မိုင်၊ လက်ဝဲမြောင်းမကြီး ၂၉ ဒသမ ၅၃ မိုင်၊ လက်ယာမြောင်းမကြီး ၁၃ ဒသမ ၈၃ မိုင်၊ လက်တံမြောင်းများ ၂၈၀ ဒသမ ၉၅ မိုင် တို့ရှိကြပြီး တူးမြောင်းအဆောက်အအုံပေါင်း ၂၉၆၆ ခုတို့ ရှိကြပါသည်။

မြောက်နဝင်းဆည်ရေသောက်စနစ် ပျက်စီးယိုယွင်းနေမှုကို အဆင့်မြှင့်တင်ပြုပြင်နိုင်ရန် ဂျပန်နိုင်ငံ JICA ၏ အကူအညီ ODA (Official Development Assistance) Loan ဖြင့် ဆည်ရေသောက်စနစ်တစ်ခုလုံးကို နှစ်အလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းကာလကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်လေးနှစ်ကြာ အပိုင်းလေးပိုင်းခွဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပထမနှစ် ၂၀၁၄-၂၀၁၅ တွင် လုပ်ငန်းတစ်ခုလုံး၏ ၀ ဒသမ ၈ ရာခိုင်နှုန်း၊ ဒုတိယနှစ် ၂၀၁၅-၂၀၁၆ တွင် ၃၁ ဒသမ ၂ ရာခိုင်နှုန်း၊ တတိယနှစ် ၂၀၁၆-၂၀၁၇ တွင် ၃၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် စတုတ္ထနှစ် ၂၀၁၇-၂၀၁၈ တွင် ၃၆ ဒသမ ၅ ရာခိုင်နှုန်းတို့ဖြင့် အသီးသီး ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအနေဖြင့် ၂၀၁၄-၂၀၁၅ ပထမနှစ်တွင် ၀ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဒုတိယနှစ်တွင် ၃၁ ဒသမ ၂ ရာခိုင်နှုန်းတို့ ပြီးစီးနေပြီ ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ စတုတ္ထနှစ်တွင် လုပ်ငန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးသွားပါက ရေပေးဝေရေးလုပ်ငန်းများ ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုပါ တိုးတက်လာမည် ဖြစ်ပါသည်။ နွေစပါးလည်း နှစ်စဉ် ပျမ်းမျှ ၂၁၇၇၉ ဧက စိုက်ပျိုးလာရာမှ ၁၀၄၀၃ ဧက ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်၍ ၃၂၁၈၂ ဧကအထိ တိုးတက်စိုက်ပျိုးလာနိုင်မည် ဖြစ်ပါသဖြင့် ဒေသခံပြည်သူလူထုတို့၏ လူနေမှုဘဝမြင့်မားတိုးတက်လာမည် ဖြစ်ပါသည်။

မြောက်နဝင်းဆည်ရေသောက်စနစ်ကို အဆင့်မြှင့်တင်ပြုပြင်ပေးခြင်းနှင့် ပတ်သက်၍ ဆည်ရေသောက် ကျေးရွာများဖြစ်သော ဝက်ထီးကန်၊ လဘကျေးရွာ၊ ပုဏ္ဏားမကျေးရွာ၊ သရက်ချိုကျေးရွာ၊ ဝါးရုံဆိပ်ကျေးရွာ၊ အင်းယားကျေးရွာများရှိ တောင်သူ ဦးစိုးသိန်း၊ ဦးကျော်ဆန်း၊ ဦးခင်မောင်သန်း၊ ဦးဝင်းမြင့်၊ ဦးသန်းတို့ထံ တိုက်ရိုက်မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။

"အရင်က ကျွန်တော်တို့အနေနဲ့ ကောင်းကင်ကကျတဲ့ မိုးရေနဲ့ လက်လုပ်ဆည်တွေ တည်ဆောက်ပြီး တစ်သီးတည်း စိုက်ပျိုးခဲ့ရပါတယ်။ မြောက်နဝင်းဆည်ကြီး ရှိလာတဲ့အခါ မိုးစပါး၊ နွေစပါးအပြင် ဆောင်းသီးနှံများပါ စိုက်ပျိုးလာနိုင်ပါတယ်။ တောင်သူတွေ အလုပ်အကိုင် ရသလို ဝင်ငွေလည်း တိုးလာပါတယ်။ ဆည်ရေသောက်ထဲက မြောင်းတွေ နှစ်ကြာရှည်လာတော့ တိမ်ကောပျက်စီးလာပါတယ်။ ဆည်ရေလိုသလောက် တောင်သူတွေ စုပေါင်းပြီး ရေလိုက်ရတဲ့အခါတွေလည်း ရှိပါတယ်။ ဆည်ရေလိုသလောက် မရပါဘူး။ အခုလို မူလအတိုင်းဖြစ်အောင် ပြန်ပြင်ပေးတဲ့အတွက် ရေအခက်အခဲရှိမှာကို မပူတော့ပါဘူး။ ဒီဘက်နယ်မှာ ဒီမြောင်းကြီးရဲ့ ရေဟာတော်တော် ထိရောက်ပါတယ်။ ဝက်ထီးကန် ကန်ကြီးအတွင်းမှာ ရေနည်းနေလို့ ရေသွင်းပေးဖို့ လိုပါတယ်။ အနိမ့်ကွင်းလယ်တွေမှာ နစ်နေတဲ့ ရေဆိုးတွေကိုလည်း တူးမြောင်းကိုဖြတ်ပြီး တစ်ဖက်ရှိ လယ်မြေများသို့ ရေသွယ်ယူသုံးစွဲလိုပါတယ်။ ပညာရှင်များ ဆောင်ရွက်ပေးစေလိုပါတယ်။ မြင့်နေတဲ့ တိုက်ရိုက်ရေသွင်းပေါက်တွေကိုလည်းစစ်ဆေးပြီး နှိမ့်ချပေးဖို့ တောင်းဆိုချင်ပါတယ်" စသည်ဖြင့် ပြောကြားသွားကြပါသည်။

မြောက်နဝင်းဆည်သည် ဧကပေ ၂၉၁၀၀၀ ရေပမာဏကို သိုလှောင်ထားနိုင်ပါသည်။ သိုလှောင်ထားသည့် ဆည်ရေများကို ဆည်ရေသောက်စနစ်အတွင်းရှိ လယ်ယာမြေများသို့ လိုအပ်သည့် ဆည်ရေပမာဏကို လိုအပ်သည့်နေရာများသို့ လိုအပ်သည့်အချိန်တွင် အပြည့်အဝ ဆည်ရေပေးနိုင်ရန် ဂျပန်နိုင်ငံ JICA ၏ ODA Loan ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ဒေသခံပြည်သူလူထု တောင်သူလယ်သမားများ၏ စီးပွားရေးမှာ ယခုထက် ပိုမိုတိုးတက်လာခြင်း၊ စီးပွားရေးနှင့် ဆက်နွှယ်နေသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဆက်သွယ်ရေးစနစ်တို့ မြင့်မားလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ၍ မြောက်နဝင်းဆည်သို့ ၂၇ မိုင် ကွာဝေးသော ပြည်မြို့မှ လည်းကောင်း၊ ၅၁ မိုင်ရှိ အောင်လံမြို့မှ လည်းကောင်း၊ ၁၁ မိုင်သာရှိသော ဝက်ထီးကန်မှ လည်းကောင်း၊ မြို့နယ်များအတွင်းရှိ ကျေးရွာများမှ ရဟန်းရှင်လူပြည်သူလူထုအပေါင်းတို့မှ လည်းကောင်း၊ အပန်းဖြေခရီး လာရောက်လည်ပတ်နိုင်ကြတော့မည်ဖြစ်သည်။ ဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာများတွင် ဆည်ရေကြောင့် မြေအောက်ရေ မြင့်တက်လာသဖြင့် အဝီစိရေတွင်းတူးကာ သောက်သုံးရေရရှိနိုင်ပြီး မူလစိုက်ပျိုးနိုင်သည့် သီးနှံများအပြင် သီးထပ်သီးညှပ် သုံးသီးစား စိုက်ပျိုးနိုင်ခြင်း၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရရှိနိုင်ကြတော့မည်မှာ မုချဧကန် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်နေ ပြည်သူလူထုတို့၏ဘဝ မြှင့်တင်နိုင်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍ၏ လိုအပ်ချက်ဖြစ်နေသော ဆည်ရေသောက်စနစ်များအား အဆင့်မြှင့်တင် ပြန်လည်ပြုပြင်ပေးနေခြင်းမှာလည်း ထိရောက်သည့် စီမံဆောင်ရွက်မှုတစ်ခု ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း၊ ပြည်မြို့နယ်အတွင်းရှိ မြောက်နဝင်းဆည်နှင့် ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင် ပြန်လည်ပြုပြင်ပေးနေခြင်းလုပ်ငန်းများကို လေ့လာခွင့်ရသည့်အတွက် **"မြောက်နဝင်းဆီသို့"** ခရီးစဉ်ဖြင့် ရောက်ရှိရသည်ကို ကျေနပ်ဝမ်းသာပီတိအဟုန် လွှမ်းခြုံခဲ့ရပါကြောင်း တင်ပြလိုက်ရပါသည်။

**※ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ဒေသခံပြည်သူလူထု တောင်သူလယ်သမားများ၏ စီးပွားရေးမှာ ယခုထက် ပိုမိုတိုးတက်လာခြင်း၊ စီးပွားရေးနှင့် ဆက်နွှယ်နေသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဆက်သွယ်ရေးစနစ်တို့ မြင့်မားလာခြင်းအပြင် လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာမည်ဖြစ်**

## ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

လယ်ဝေး မတ် ၁၉

ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ နှစ်သက်ရာစာပေများကို အလွယ်တကူဖတ်ရှုနိုင်ကြစေရန်အတွက် ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့်အဖွဲ့သည် လယ်ဝေးမြို့နယ်ပေပင်ကျေးရွာနှင့် ဥသျှစ်လှိုင်ကျေးရွာ စာကြည့်တိုက်များသို့ မတ် ၁၆ ရက်ကသွားရောက်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ထို့နောက် ဥသျှစ်လှိုင်ကျေးရွာ ရွှေပြည်ကြီးစာကြည့်တိုက်သို့လည်း သွားရောက်၍ စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

# မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်မှု ထွန်းကားလာရေး ပုဂ္ဂလိကအခန်းကဏ္ဍအရေးပါ



**နေပြည်တော် မတ် ၁၉**

မြန်မာ့ဆန်စပါးကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းများ တိုးတက်ထွန်းကားလာရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၏အရေးပါမှု ဆွေးနွေးပွဲကို မတ် ၁၈ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားရာ၌ ဆန်စပါးသည် မိမိတို့နိုင်ငံသားအားလုံးတို့၏ "အသက်ဘဝ" ဖြစ်သကဲ့သို့ ဆန်စပါးသည် "နိုင်ငံနှင့် တောင်သူလယ်သမားတို့၏ စီးပွားရေး" ဖြစ်ပါကြောင်း။ တစ်နည်းအားဖြင့် နိုင်ငံ၏ နိုင်ငံရေးအခြေအနေ တည်ငြိမ်အေးချမ်းသာယာမှုသည်လည်း ဆန်စပါးစိုက်ပျိုးနေကြသော ကျေးလက်နေလူထု၏ အဓိက မှီခိုအားထားရာ ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် များစွာတည်မှီလျက်ရှိသည့် အတွက်ကြောင့် "ဆန်စပါးသည် ကျွန်ုပ်တို့၏ နိုင်ငံရေး" ပင်ဖြစ်ကြောင်း။

အခြေခံ စိုက်ပျိုးထုတ်လုပ်ကြသော တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးအတွက်လည်း စပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် အတူ ခိုင်မာသောဈေးနှုန်းဖြင့် ခိုင်မာသောဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် အရည်အသွေးပိုမိုကောင်းမွန်အောင်လည်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်ရှိပါကြောင်း။ လက်တွေ့ လယ်သမားများကို လူမှုဘဝဆင်းရဲတွင်းမှ လက်တွေ့ လွတ်မြောက်နိုင်စေရန် ကြိုးစားရိုင်းပင်းကူညီကြရကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေကြရသော အလွန်အန္တရာယ်ကြီးမားသည့် လွန်ကဲသဘာဝရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ရသည့် သဘာဝကပ်ဘေးဒုက္ခဆိုးကြီးများကြောင့် လည်းကောင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာ ပဋိပက္ခစစ်မီးစစ်ပွဲကြီးများ ဖြစ်ပွားနေကြသော လူတို့ကြောင့် ဖြစ်ပေါ်ရသော ဘေးဒုက္ခဆိုးများကြောင့် ဖြစ်ပေါ်ရသည့် ဆိုးကျိုးသက်ရောက်မှုများသည်လည်း ဒေသလိုက်အပါအဝင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုအပေါ်တွင် ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိနေပါကြောင်း။

ကြိုတင် မမျှော်မှန်းနိုင်ဘဲ ကျရောက်လာနိုင်သည့် ထိုကပ်ဘေးဒုက္ခအန္တရာယ်ဆိုးများအပေါ်၊ နိုင်ငံ့တာဝန်ရှိသူတိုင်း၊ နိုင်ငံကို အမှန်တကယ်ချစ်ကြသူတိုင်းအားလုံး နိုင်ငံ၏ "စားရေရိက္ခာ ဖူလုံရေး" အရေးပေါ်အခြေအနေအတွက် အရန်ဆန်ရိက္ခာအစီအစဉ်များ၊ အရေးပေါ် အရန်မျိုးစေ့ အစီအစဉ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ် နယ်မြေဒေသအလိုက် ကြိုတင်အသင့်စီမံစုဆောင်း သိုလှောင်ထားရှိကြရန် မဖြစ်မနေလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်မှု၏ အရေးပါမှုနှင့် မျိုးစေ့ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်မှာ နယ်မြေဒေသအလိုက် ပုဂ္ဂလိကကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍ၏ အရေးပါမှုများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)မှ ဌာနေကိုယ်စားလှယ် Dr. Jongsoo Shin၊ ဖိလစ်ပိုင်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)မှ Dr. Pakesh Kumar Singh၊ စိုက်ပျိုးရေးပညာရှင်များဖြစ်ကြသော ဒေါက်တာညီညီ၊ ဒေါက်တာထွန်းဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ အတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် စာတမ်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းများဖတ်ကြားတင်ပြကြရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသူများသည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ရွှေတောင်သုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိကြပြီး အထူးအထွက်တိုး စပ်မျိုးချည်မျှင်ရှည်ဝါ စိုက်ခင်းဧက ၁၀၀ အားလည်းကောင်း၊ တစ်ဆက်တစ်စပ်တည်း ဧက ၅၅၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းအားလည်းကောင်း၊ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များအား ခေတ်မီသန့်စင်စက်များဖြင့် သန့်စင်ထုပ်ပိုးနေမှုများကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆိပ်ကမ်းနှင့် ဆက်စပ်လုပ်ငန်းများ၊ မြို့ပြထူထောင်ခြင်းလုပ်ငန်းများပါဝင်သော သန်လျင်မြို့ ဒေသဖွံ့ဖြိုးမှုစီမံကိန်းစတင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တံတား အမှတ်(၁)နှင့်(၂)အကြားတွင် ဆိပ်ကမ်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ဆိပ်ကမ်းကိုအခြေခံသော မြို့ပြထူထောင်ခြင်းလုပ်ငန်းများပါဝင်သည့် သန်လျင်မြို့ပြ ဒေသဖွံ့ဖြိုးမှုလုပ်ငန်းစီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ်းထိန်းနံရံပြုလုပ်ခြင်း၊ ဆိပ်ကမ်းဆက်စပ်လုပ်ငန်းများ ကမ်းနားလမ်းတည်ဆောက်ခြင်း၊ ဆိပ်ခံများ၊ ဆိပ်ခံတံတားများနှင့် ကွန်တိန်နာလွင်ပြင်ပြုလုပ်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၈၆ သန်းနှင့် ဆိပ်ကမ်းကိုအခြေခံသော မြို့ပြထူထောင်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၇၄၀ ဒသမ ၄၈၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၂၆ ဒသမ ၄၈၇ သန်း အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းနှင့်စပ်လျဉ်းသည့် သန်လျင်မြို့ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းပွဲကို ယနေ့နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ဌာနဆိုင်ရာနှင့် ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ မြို့နယ်နှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအဖွဲ့များနှင့် ဒေသခံများတက် ရောက်ကြသည်။

"သန်လျင်မြို့က ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်မြို့တော်ဖြစ်ပေမယ့် ဒေသဖွံ့ဖြိုးမှုအားနည်းပါတယ်။ ပဲခူးမြစ်ရဲ့ရေတိုက်စားမှုကြောင့် ကမ်းပြိုခြင်း၊ မြစ်ကြောင်း ကျဉ်းမြောင်းလာခြင်း၊ မြစ်ကြောင်းကျဉ်းလာလို့ ရေတိုးမှုကြောင့် ကမ်းပါးမြေဧရိယာ ဧက ၁၅၀ ခန့် မြစ်အောက်သို့ရောက်ရှိသွားခြင်း၊ ယခင်ရှိပြီးသား သီတာသင်္ဘောဆိပ်က ကောသွားလို့ သင်္ဘောတွေ ဆိုက်ကပ်နိုင်မှုမရှိခြင်းနဲ့ မြစ်ကြောင်းဆိုင်ရာ စီးပွားရေးအခွင့်အလမ်းတွေ ဆုံးရှုံးခြင်းဖြစ်ခဲ့ရတာကြောင့် ဒီစီမံကိန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်တဲ့အလုပ်ဖြစ်လို့ ဝမ်းမြောက်မိပါတယ်"ဟု ရတနာရှင်းသန့်ကုမ္ပဏီ ဦးစိန်လွင်က ပြောသည်။

စီမံကိန်းရည်ရွယ်ချက်မှာ ကမ်းပါးရေတိုက်စားမှု ကာကွယ်ထိန်းသိမ်းရေးနှင့် ယခင်ရေတိုက်စားကမ်းပြို၍ ရေအောက်ရောက်သွားသော ကမ်းနားလမ်းအပိုင်းအား ပြန်လည်ဖော်ထုတ်ရေး၊ ပဲခူးမြစ်အတွင်းသို့ သင်္ဘောများ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ရန် ပဲခူးမြစ်ကြောင်းရှင်းလင်းရေး၊ ကူးတို့ဆိပ်ကမ်းနှင့် ပြည်တွင်းကုန်တင်ကုန်ချဆိပ်ခံတံတားတည်ဆောက်ရေးနှင့် ဆိပ်ကမ်းကို အခြေခံသော မြို့ပြထူထောင်ခြင်းဖြင့် ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ရတနာရှင်းသန့်ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးကာလကို အပိုင်းသုံးပိုင်းခွဲခြား၍ လပေါင်း ၇၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းလျာထားဧကမှာ ၄၃၆ ဒသမ ၈၆ ဧကဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းနှင့် ဆက်စပ်လုပ်ငန်းများ၊ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ၊ အဆင့်မြင့်တာဝါများ၊ ရှော့ပင်းမောလ်နှင့် ဟိုတယ်များ၊ ကျောင်း၊ ဆေးရုံများနှင့် ဆိပ်ကမ်းနှင့်မြို့အကြား သဘာဝပတ်ဝန်းကျင်ကိုထိန်းညှိပေးမည့် ပန်းခြံများ စသည်ဖြင့် အပိုင်းလိုက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သန်လျင်တံတား အမှတ်(၁)နှင့်အမှတ်(၂)အကြားတွင် ဆောင်ရွက်မည့် ပဏာမလုပ်ငန်းအစီအစဉ်များကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃၉/၂၀၁၃)ဖြင့် ခွင့်ပြုခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုသဘောအရ ဆောင်ရွက်မည့်အစီအစဉ်များကို သက်ဆိုင်ရာဌာနများသို့ပေးပို့ခဲ့ကာ မြေပြင်ကွင်းဆင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်မောင်ထွေး**

# သီလဝါအထူးစီးပွားရေးဇုန်အတွက် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို မတ် ၂၀ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အသစ်ဖွင့်လှစ်မည့် သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို Sumitomo Corporation ၏ နည်းပညာအကူအညီဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ ODA ချေးငွေ ဂျပန်ယန်း ၃၇၈၉ သန်းကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းတွင်ထွက်ရှိသည့် ဇော်တိကကမ်းလွန် သဘာဝဓာတ်ငွေ့ကို တစ်နေ့လျှင် ကုဗပေ ၁၅ သန်းအသုံးပြုပြီး ဓာတ်အားထုတ်လုပ်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

ယခုဖွင့်လှစ်သည့် သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ဒုတိယမြောက်ဖွင့်လှစ်သည့် နိုင်ငံပိုင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ထိုင်းနိုင်ငံ၏ အကူအညီဖြင့် ၁၂၀ မဂ္ဂါဝပ်ဓာတ်ငွေ့တာပိုင် ၁၂ လုံးဖြင့် ၂၄၀ မဂ္ဂါဝပ် တပ်ဆင်အင်အားရှိသည့် ဓာတ်အားပေးစက်ရုံကို ပထမဆုံးအကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

သီလဝါ ဓာတ်အားပေးစက်ရုံအတွက် ၂၄ ဒသမ ၈၅ မိုင်အရှည် သဘာဝဓာတ်ငွေ့ ၂၀ လက်မ ပိုက်လိုင်းကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံကို သီလဝါအထူးစီးပွားရေးဇုန်(အဆင့်-က)၏ အရှေ့ဘက် မြေဧရိယာ ၃ ဒသမ ၂ ဟက်တာ ၇ ဒသမ ၉၁ ဧကအတွင်း တည်ဆောက်ထားပြီး လောင်စာနှင့် ဓာတ်ငွေ့နှစ်မျိုးသုံး ၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက်နှစ်လုံး တပ်ဆင်ထားကြောင်း သိရသည်။



အဆိုပါစက်ရုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်အားကိုပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်သည်။

**သတင်း-မင်းသစ်၊ဓာတ်ပုံ-နေလင်း**

*✻ ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာအနီးရှိ တေဇသာလာမဏ္ဍပ်သို့ ကျင်းပသည့် မဟာတေဇဝန္တ ရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီတို့ စိန်ဖူးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒစရိယ ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်အထွတ်တွင် စိန်ဖူးတော် တင်လှူပူဇော်စဉ်။**

အခမ်းအနား အထိမ်းအမှတ်အဖြစ် မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပရိသတ်များနှင့်အတူ မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံပေါ်သို့ပင့်ဆောင်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး စေတီတော်အထွတ်၌ တင်လှူပူဇော်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မဟာတေဇဝန္တ ရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီများ

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်အထွတ်တွင် စိန်ဖူးတော် တင်လှူပူဇော်စဉ်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည့် ဒေသခံပြည်သူများအား ဗုဒ္ဓဆင်းတုတော်များ ပေးအပ်လှူဒါန်းစဉ်။**



အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒစရိယ ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်၏ စိန်ဖူးတော်ကို ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။**

များနှင့် အလှူရှင်ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒစရိယ ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ပူဇော်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး စေတီတော်အထွတ်၌ တင်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မဟာတေဇဝန္တ ရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီများ စိန်ဖူးတော်တင်လှူခြင်းမဟာမင်္ဂလာ စိန်ဖူးတော်တင်လှူခြင်းမဟာမင်္ဂလာ အခမ်းအနား အထိမ်းအမှတ်အဖြစ် မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော် သံဃာတော်များအား တေဇသာလာမဏ္ဍပ်၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဟာတေဇဝန္တ ရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီများ စိန်ဖူးတော်တင်လှူခြင်းမဟာမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည့် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ဗုဒ္ဓဆင်းတုတော်များနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ *စာမျက်နှာ ၉ ကော်လံ ၁ သို့*

*စာမျက်နှာ ၈ မှ*

နှင့်အဖွဲ့သည် ပူတာအို-မချမ်းဘော့လမ်းပိုင်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မချမ်းဘော့မြို့ ဂူဘားရိပ်သာ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)က တာဝန်ယူဆောင်ရွက်နေသည့် မလိခတံတား(မချမ်းဘော့) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး မလိခတံတားဟောင်း ကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် မလိခတံတားသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်ကို ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည့် ဒေသခံပြည်သူများအား အဝတ်အထည်များ ပေးအပ်စဉ်။**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလိခတံတားဟောင်းကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပူတာအို-မချမ်းဘော့လမ်းပိုင်းရှိ မလိခတံတားဟောင်းကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် မလိခတံတားသစ်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများ မှာကြား။



# အပြော-အရေး ကွာဟမှုများ (၃)



**မောင်ခင်မင်(ဓနုဖြူ)**

"ဆရာပြောမှ သတိထားမိပါတယ်။ ကျွန်တော်တို့ မြန်မာစကားလုံး တွေထဲမှာ အသံတစ်ဝက်ပဲ ထွက်ရတဲ့အသံတွေ အများကြီးပါတာပဲနော်"

"ဟုတ်တယ်။ အရင်းခံကတော့ အသံတစ်ဝက်ပဲ ထွက်ရတဲ့ သရသံတွေ အသုံးများတာလေ။ မင်းတို့ အဲဒီ သရသံကို သိပါတယ်နော်"

"သိပါတယ် ဆရာ။ 'အဆို၊ အက၊ အလုပ်'ဆိုတဲ့ စကားတွေမှာပါတဲ့ 'အ'သံမျိုးပါ"

"အဲဒီသရသံကို ဆိုတဲ့အခါ 'လူအ' တို့၊ 'တော်တော်အတဲ့ကောင်'တို့မှာပါတဲ့ 'အ'သံလို အသံအပြည့် မဆိုရဘူး။ ပညာရပ်စကားနဲ့ ပြောရင်တော့ အဲဒီသရသံကိုဆိုရတဲ့ အချိန်ဟာ တစ်မတြာရဲ့ တစ်ဝက်ပဲကြာတယ်"

"တစ်မတြာဆိုတာ ဘာအဓိပ္ပာယ်ပါလဲ ဆရာ"

"မတြာဆိုတာ သက္ကတစကားကိုယူထားတာ။ အဓိပ္ပာယ်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၊ လက်ဖျစ်တစ်တွက်ပဲကြာတဲ့အချိန် ကာလကိုဆိုလိုတာပါ"

"ဒါဆို အချိန်တိုတိုကလေးပေါ့နော်"

"ဟုတ်တယ်လေ။ မျက်စိတစ်ချက်မှိတ်ကြည့်ပါလား။ ဒါမှမဟုတ် ဖျောက်ခနဲမြည်အောင် လက်ဖျစ်တစ်ချက်တီးကြည့်လိုက်။ ဘာမှမကြာဘူး။ အဲဒါတစ်မတြာပဲ။ ခုပြောနေတဲ့အသံတစ်ဝက်ပဲကြာတဲ့ 'အ'ကျတော့ အဲဒီ တစ်မတြာရဲ့တစ်ဝက်ပဲ အချိန်ကြာတယ်။ ဒါကြောင့် အဲဒီသရကို မတြာဝက်သရလို့ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"စကားသံကိုလေ့လာတဲ့ သဒ္ဒဗေဒပညာရှင်တွေကတော့ အလယ်သရ (central vowel) လို့လည်းခေါ်တယ်။ ကြားသရ (neutral vowel) လို့လည်းခေါ်တယ်။ ပါးစပ်ထဲမှာ အဲဒီအသံထွက်တဲ့နေရာကို လိုက်ပြီး ခေါ်တာလို့ပဲ မှတ်ထားပါဦး"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒီမတြာဝက်သရကို ဗျည်းနဲ့တွဲပြီးဆိုတော့လည်း အသံတစ်ဝက်ပဲ ထွက်တယ်လေ။ 'ခရီး'တို့ ၊ 'ထမင်း'တို့မှာပါတဲ့ 'ခ'သံနဲ့ 'ထ'သံ တွေလို အသံမျိုးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အသံတစ်ဝက်ပဲဆိုရတာ ဟုတ်မဟုတ်။ အသံအပြည့်ဆိုတဲ့အသံနဲ့ ယှဉ်ကြည့်ရင် သိမှာပါ။ ကဲ . . . သားက အသံအပြည့်ဆိုရတဲ့ 'ခ' သံတစ်သံဆိုပြစမ်းပါ"

" 'လုပ်ခ' ပါဆရာ"

"ဟုတ်ပါပြီ။ 'လုပ်ခ' နဲ့ 'ခရီး' ယှဉ်ကြည့်လေ။ 'ခရီး' မှာ 'ခ' က အသံတစ်ဝက်ပဲထွက်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကဲ . . . သမီးက အသံအပြည့်ဆိုရတဲ့ 'ထ' သံတစ်သံဆိုပြပေါ့။"

"ဟုတ်ကဲ့ပါ။ 'မတ်တတ်ထ' ပါဆရာ။"

"ဟုတ်တာပေါ့။ 'မတ်တတ်ထ' မှာ 'ထ' ကိုအသံအပြည့်ဆိုရတယ်။ 'ထမင်း' ကျတော့ 'ထ' က အသံတစ်ဝက်ပဲထွက်တယ်လေ"

"ဟုတ်ကဲ့ပါ"

"ကဲ. . . ပြန်ကြည့်ရအောင်။ ခုပြောခဲ့တဲ့ 'အလုပ်' နဲ့ 'လူအ' ရယ်၊ 'လုပ်ခ' နဲ့ 'ခရီး' ရယ်၊ 'မတ်တတ်ထ' နဲ့ 'ထမင်း' ရယ် ။ အဲဒီစကားလုံးတွေမှာပါတဲ့ 'အ' သံနှစ်မျိုးရော၊ 'ခ' သံနှစ်မျိုးရော၊ 'ထ' သံနှစ်မျိုးရောရေးတဲ့အခါမှာ ကွဲကွဲပြားပြားရှိရဲ့လား"

"မရှိပါဘူးဆရာ။ 'အ' ရော၊ 'ခ' ရော၊ 'ထ' ရောစာလုံးက တစ်လုံးစီပဲရှိပါတယ်။ အသံတွေက နှစ်မျိုးစီ ကွဲနေပါတယ်"

"အဲဒီတော့ မတြာဝက်အသံတွေအတွက် သီးခြားစာလုံးမရှိတာဟာလည်း အပြောနဲ့အရေးထပ်တူမကျတဲ့ ကွာဟချက်တစ်ခုပဲပေါ့ကွယ်"

"နားလည်ပါပြီဆရာ။ ဒါဆိုရင် မြန်မာအဘိဓာန်မှာ အဲဒီအသံနှစ်မျိုးကို ခွဲရေးရမှာပေါ့နော်"

"အေးပေါ့။ မြန်မာစာအဖွဲ့ကပြုစုတဲ့ မြန်မာအဘိဓာန်မှာ မတြာဝက် 'အ' သံကို 'အ' လို့ပဲရေးပြီး အသံအပြည့်ဆိုရတဲ့ 'အ' သံကိုတော့ 'အ့' လို့ရေးတယ်"

"ဟုတ်ကဲ့"

"ဗျည်းပါရင်လည်း အဲဒီစနစ်အတိုင်းပဲရေးတာပေါ့။ 'ခရီး' မှာပါတဲ့ မတြာဝက် 'ခ' သံကို 'ခ' လို့ပဲရေးပြီး 'လုပ်ခ' မှာပါတဲ့ အသံအပြည့် 'ခ' သံကိုတော့ 'ခ့' လို့ရေးတာပေါ့"

"နားလည်ပါပြီဆရာ။ ဒါဆိုရင်အဲဒီမတြာဝက်သရပါတဲ့ စကားလုံးတွေနဲ့ အသံအပြည့်ဆိုရတဲ့ စကားလုံးတွေကို ဘယ်လိုခွဲခြားရမလဲ ဆရာ"

"အေး. . . အဲဒါအဓိက ပြဿနာပေါ့ကွယ်။ မြန်မာစကားမှာ မူလကတည်းက အသံတစ်ဝက်ဆိုရတဲ့ စကားလုံးတွေရှိသလို အသံရှည်ကနေပြီး အသံတစ်ဝက်ကို ပြောင်းလာတဲ့စကားလုံးတွေလည်းရှိတယ်။ ကဲ. . . တစ်ကန့်စီ ကြည့်ကြရအောင်။ ပထမဆုံး အသံနှစ်သံပါတဲ့ စကားလုံးတွေမှာ ပထမ အသံကို အသံတစ်ဝက်ပဲဆိုရတဲ့ စကားလုံးတွေကို ကြည့်ရအောင်။ အသံတစ်ဝက်နဲ့ အသံပြည့်နဲ့ပေါင်းထားတဲ့ စကားလုံးတွေဆိုပါတော့"

"ခုနကျွန်တော်တို့ပြောတဲ့ 'ခရီး'တို့၊ 'ထမင်း'တို့ ပါမှာပေါ့ ဆရာ"

"ဟုတ်တယ်။ ပုံစံပြရရင် ' ခရမ်း၊ တယော၊ ထရံ၊ ပလောင်၊ ဖယောင်း၊ မယား'ဆိုတဲ့ စကားလုံးမျိုးတွေပေါ့။ သားတို့သမီးတို့ စဉ်းစားကြည့်ရင် ပေါ်လာမှာပါ"

" 'ဆရာ ၊ ဗလ၊ ဘဝ၊ သမ' တို့လည်းပါမှာပေါ့။ တချို့ကတော့ မွေးစား စကားလုံးတွေဖြစ်မယ်ထင်ပါတယ် ဆရာ"

" အဲဒီစကားလုံးတွေမှာ ရှေ့ကအသံကို အသံတစ်ဝက် နောက်ကအသံကို အသံပြည့်ဆိုရတယ်။ ရှေ့အသံတွေက မူလကတည်းက အသံတစ်ဝက်ပဲ ထွက်ရတဲ့ အသံတွေလို့ ယူဆရတယ်။ တခြားအသံရှည်တစ်ခုခုက အသံတစ်ဝက်ပြောင်းလာတာ မဟုတ်ဘူး"

" အဲ့ဒါ - ဘာဆိုလိုတာပါလဲဆရာ ။ သမီးသိပ်နားမလည်လို့ပါ"

"ဒီလိုလေ။ ခုပြောတဲ့စကားလုံးတွေအားလုံး ရှေ့အသံတွေက မတြာဝက်အသံတွေချည်းပဲမဟုတ်လား။ တချို့စကားလုံးတွေကျတော့ ရှေ့အသံတွေက အသံရှည်ကနေပြီး မတြာဝက်အသံကို ပြောင်းလာတာလေ။ ဆိုပါတော့။ 'ငါးခြောက်' တို့၊ ' ငါးပိ' တို့ကို ဘယ်လိုအသံထွက်သလဲ "

" ' ငခြောက်' ၊ 'ငပိ ' လို့ အသံထွက်ပါတယ် ဆရာ "

" ဟုတ်တယ်။ ရှေ့အသံတွေက ' ငါး' ကနေပြီး ' င' ဆိုတဲ့ တစ်ဝက်သံကို ပြောင်းလာတာလေ။ အဲဒီလိုပဲ ' သူခိုး' က 'သခိုး'၊ 'ပုဆိုး' က 'ပဆိုး'၊ 'ထန်းရေ' က ' ထယေ'၊ 'ထမင်းရေ' က ' ထမယေ'၊ ' နှုတ်ခမ်း' က 'နှခန်း'ဆိုပြီး ရှေ့အသံရှည်တွေ အသံတစ်ဝက်အဖြစ်ပြောင်းသွားတယ် မဟုတ်လား "

" သြော် . . . ဟုတ်ပါတယ်ဆရာ"

" အခုဆရာပြောတဲ့သာဓကတွေက ရှေ့အသံရှည်တွေပဲ အသံတစ်ဝက်ကို ပြောင်းတဲ့စကားလုံးတွေလေ။ တခြားအသံပြောင်းတာ မဟုတ်ဘူး။ တချို့ကျတော့ ရှေ့အသံက အသံတစ်ဝက်ကိုပြောင်းရုံသာမကဘူး။ အထဲက ဗျည်းသံတွေလည်း အသံပျော့ကနေပြီး အသံပြင်းကိုပြောင်းတာရှိသေးတယ်"

" ပြောပြပါဆရာ"

" 'စကား' လို့ ရေးပေမယ့် အသံထွက်တော့ 'ဇဂါး' လို့ အသံထွက်ရတာမျိုးလေ၊ ရှေ့အသံတစ်ဝက်ကလည်း 'စ' ကနေ 'ဇ' ကို ပြောင်းတယ်။ နောက်အသံကလည်း 'ကား'ကနေ 'ဂါး'ကိုပြောင်းတယ်။ အဲဒီလိုပဲ 'တကာ'က 'ဒဂါ'၊ 'ကစား'က 'ဂဇား'ကိုပြောင်းတယ်လေ။ အဲဒီလိုပဲ 'ဆံပင်' က 'ဇဗင်'၊ 'ပါးစပ်'က 'ဗျဇတ်'၊ 'ထမ်းပိုး'က 'ဒဗိုး'၊ 'စားပွဲ' က 'ဇဗွဲ' ဆိုပြီး အထဲကအသံတွေ အသံပျော့ကနေပြီး အသံပြင်းကိုပြောင်းတာ အများကြီးပဲလေ။

"ဟုတ်ကဲ့ပါ ဆရာ"

"ခုပြတဲ့သာဓကတွေက အသံတစ်ဝက်နဲ့အသံပြည့်နဲ့ အသံနှစ်သံတွဲတဲ့ စကားလုံးပုံစံတစ်မျိုးပဲရှိသေးတယ်။ ရှေ့အသံကို အသံတစ်ဝက်နဲ့ပဲအမြဲတမ်း အသံထွက်ရတယ်။ အဲဒီအသံတစ်ဝက်ကလည်း မူလကတည်းက အသံတစ်ဝက်ပဲထွက်ရတဲ့ 'ခရာ'တို့ ၊ 'ဘဝ'တို့လိုစကားလုံးလည်းရှိတယ်။ အသံရှည်ကနေပြီး အသံတစ်ဝက်ကိုပြောင်းလာတဲ့ 'သူခိုး'တို့ ၊'ဆံပင်' တို့လို စကားလုံးမျိုးတွေလည်းရှိတယ်။ အဲဒီစကားလုံးမျိုးတွေကို တစ်စုစုပြီး ဘယ်အသံတွေက အသံတစ်ဝက်ကိုပြောင်းတာလဲ၊ ဘယ်အသံတွေက မူလကတည်းက အသံတစ်ဝက်ပဲရှိနေတာလဲဆိုတာ အသေးစိတ်လေ့လာဖို့လိုမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အသံပျော့ကနေပြီး အသံပြင်းကို ပြောင်းတဲ့စနစ်တွေကိုလည်း ဆက်ပြီး အသေးစိတ်လေ့လာကြည့်ကြရအောင်။ ကဲ. . . နားကြဦးစို့"

**"အဲဒီ သရသံကိုဆိုတဲ့အခါ 'လူအ' တို့၊'တော်တော်အတဲ့ကောင်'တို့မှာပါတဲ့ 'အ'သံကို အသံအပြည့် မဆိုရဘူး။ ပညာရပ်စကားနဲ့ ပြောရင်တော့ အဲဒီသရသံကိုဆိုရတဲ့အချိန်ဟာ တစ်မတြာရဲ့ တစ်ဝက်ပဲကြာတယ်" "တစ်မတြာဆိုတာ ဘာအဓိပ္ပာယ်ပါလဲ ဆရာ" "မတြာဆိုတာ သက္ကတစကားကို ယူထားတာ။ အဓိပ္ပာယ်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၊ လက်ဖျစ်တစ်တွက်ပဲ ကြာတဲ့အချိန် ကာလကိုဆိုလိုတာပါ"**

## ဒုတိယကမ္ဘာစစ်ကာလစစ်မြေပြင်လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

**မော်လူး မတ် ၁၉**

ရန်ကုန်မြို့ အားမာန်ရှင် လုံခြုံရေးကုမ္ပဏီလီမိတက်၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာ့မီးရထား စင်းလုံးငှားရထားတွဲဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာသို့ မတ် ၁၇ ရက် နံနက် ၆ နာရီ ၅ မိနစ်တွင် ဗြိတိန်တပ်မတော် တပ်မဟာ (၇၇) စစ်မြေပြင် လေ့လာရေးကိုယ်စားလှယ်အဖွဲ့များ ရောက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ တပ်မဟာ (၇၇)မှ ကွန်မန်ဒိုဂျိန်းစ် ဦးဆောင်ပြီး ဧည့်လမ်းညွှန်နှစ်ဦး နိုင်ငံခြားအမျိုးသား ၂၂ ဦး၊ အမျိုးသမီး လေးဦး ပေါင်း ၂၆ ဦးတို့သည် ဒုတိယကမ္ဘာစစ်ကာလအတွင်း စစ်မြေပြင်လေ့လာရေး ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့မီးရထားတိုင်း(၂)မန်နေဂျာ ဦးမင်းမင်းထွေးနှင့်အဖွဲ့(မန္တလေး)မှ လိုက်ပါပို့ဆောင်ပြီး အင်းတော်မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်လဝကဦးစီးအရာရှိနှင့်အဖွဲ့တို့က လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ အဖွဲ့သည် မော်လူးဘူတာမှ တစ်မိုင်ခန့်ဝေးသည့် White City Block နေရာသို့ နံနက် ၇ နာရီ ၁၅မိနစ်တွင် သွားရောက်ရာ တာဝန်ရှိသူများက ပို့ဆောင်ပေးပြီး မော်လူးဘူတာသို့ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် ကချင်ပြည်နယ် နန်းခွင်ဘူတာသို့ ဆက်လက်ထွက်ခွာကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**




## ဘားအံမြို့တွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများသင်တန်းပေး

**ဘားအံ မတ် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများအား ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ နားလည်တတ်ကျွမ်းစေရန် ရည်ရွယ်၍ ဂျပန်နိုင်ငံ Tokyo Metropolitan Assembly နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်)တို့ ပူးပေါင်းဖွင့်လှစ်သော Guest Relation Tetropolitan Program ကို ဘာသာရပ်များဖြင့် မတ် ၁၈ ရက်က ဘားအံမြို့ Hotel Gabbna တွင် သင်ကြားပို့ချကြောင်း သိရသည်။

ဘားအံမြို့တွင် ဟိုတယ်၊ တည်းခိုခန်းပေါင်း ၁၅ လုံး၊ တည်းခိုနိုင်သည့်အခန်း ပေါင်း ၄၈၁ ခန်း၊ ဟိုတယ်ဝန်ထမ်းပေါင်း ၄၃၀ ရှိရာ နိုင်ငံခြားခရီးသွားဧည့်သည် လာရောက်တည်းခိုမှုမှာ ၂၀၁၅ ခုနှစ်တွင် ဘားအံမြို့နှင့် မြဝတီမြို့တွင် ၈၉၅၃၇ ဦး၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ၈၀၆၆ ဦးရှိရာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် အနီးကပ်ဝန်ဆောင်မှုပေးရမည့်ဟိုတယ်လုပ်ငန်းရှင်များနှင့်ဝန်ထမ်းများအားဖွင့်လှစ်ပေးခြင်းဖြစ်သည်။

သင်တန်းတွင် ဘားအံမြို့ရှိ ဟိုတယ်၊ တည်းခိုရိပ်သာများမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးတက်ရောက်ကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော ဂျပန်နိုင်ငံ Tokyo Metropolitan Assembly မှ ကျွမ်းကျင်ပညာရှင် Mr.Katsumi Inamoto က သင်ခန်းစာများကို မတ် ၁၈ ရက်မှ ၁၉ ရက်ထိ နှစ်ရက်တိုင်ပို့ချပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီး စေတီတော်ကြီး၏ အကြိမ်(၃၀) မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို မတ် ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ စေတီတော်ကြီး၏ ပထမဖောင်းရစ်တွင် ကပ်လှူပူဇော်မည့် ရွှေပြား ၅၅ ပြားနှင့် ရွှေစင်၊ ရွှေသင်္ကန်းတော်များကို မတ် ၁၉ ရက်က မြို့တွင်း၌ လှည့်လည် ပူဇော်ကြစဉ်။ (အဆိုပါ ရွှေစင်၊ ရွှေပြားများကို တပေါင်းလပြည့်နေ့တွင် စေတီတော်ကြီးအား ကပ်လှူပူဇော်မည်ဖြစ်ရာ စေတီတော်ကြီးတွင် ဆက်ကပ်ခြင်းမပြုမီ ပွဲတော်ရက်များတွင် ပြည်သူများ ဖူးမြော်နိုင်ရန် စေတီတော်ရင်ပြင်၌ ပူဇော်ခံထားရှိမည် ဖြစ်သည်။) **ဇော်မျိုးနိုင်(ပြန်/ဆက်)**



● *ကျောဖုံးမှ*

မြန်မာနိုင်ငံတော်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသူ နိုင်ငံသားများ လူနေမှုဘဝမြင့်မားလာစေရန် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဆက်သွယ်ရေးများ ကမ္ဘာနှင့်ရင်ပေါင်တန်းလာစေရန် အခြေခံအကျဆုံးဖြစ်သည့် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ် အရေးပါလျက်ရှိသည်။

မြန်မာနိုင်ငံတော်အတွင်း မီးတင်းနေထိုင်ကြသော အိမ်ထောင်စုပေါင်းမှာ ၁၀ သန်းကျော်ရှိသည့်အနက် ၃၄ ရာခိုင်နှုန်းသော အိမ်ထောင်စုသုံးသန်းကျော်သာလျှင် လျှပ်စစ်ဓာတ်အား အသုံးပြုလျက်ရှိနေခဲ့ရာ ကျန်ရှိနေသေးသော အိမ်ထောင်စုပေါင်း ခုနစ်သန်းကျော်အတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို နိုင်ငံတော်က ကြိုးပမ်းလျက်ရှိသည်။

သူငွေးရေအားလျှပ်စစ်စီမံကိန်းကို ကြီးကြပ်ဆောင်ရွက်ရန် ၂၀၀၅ ခုနှစ် ဇွန်လတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးကို မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လ/ထညွှန်ကြားရေးမှူး(မြို့ပြ-၁) ရုံး၊ လ/ထ ညွှန်ကြားရေးမှူး(မြို့ပြ-၂)ရုံး၊ လ/ထ ညွှန်ကြားရေးမှူး (မြို့ပြ-၃) ရုံးတို့ကို သံတွဲ၌ လည်းကောင်း၊ လ/ထ ညွှန်ကြားရေးမှူး (စက်မှု)ရုံးအား တောင်ကုတ်မြို့၌ လည်းကောင်း ဖွင့်လှစ်ပြီး တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရေဆင်းဧရိယာမှာ ၄၄၂ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၃ ဒသမ ၃၂ သိန်း၊ ရေလှောင်တမံ၏ အလျား ၂၀၂၈ ပေ၊ အမြင့်မှာ ၂၉၈ ပေဖြစ်ပြီး တမံအမျိုးအစားမှာ ဇုန်အမျိုးအစား(ကျောက်ဖြည့်တမံ) ဖြစ်ကြောင်း၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၆ ဒသမ ၉၆ သိန်း၊ ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၂ ဒသမ ၂၁ သိန်းဖြစ်ကြောင်း သိရသည်။

ရေပိုလွှဲ၊ ရေယူအဆောက်အအုံနှင့် ရေထိန်းတံခါးတို့မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း၊ ရေလွှဲဥမင်လိုဏ်နှစ်ခုရှိပြီး အမှတ်(၁) ရေလွှဲဥမင်လိုဏ်မှာ အချင်း ၃၃ ပေ၊ အလျား ၂၃၁၆ ပေ၊ အမှတ် (၂) ရေလွှဲဥမင်လိုဏ်မှာ အချင်း ၃၃ပေ၊ အလျား ၁၇၉၄ ပေ ရှိကြောင်း သိရသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် တပ်ဆင်စက်အင်အား ၁၁၁ (၃×၃၇) မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှထုတ်ယူမည့် ဓာတ်အားပမာဏမှာ ၃၈၆ သန်းရှိကြောင်း၊ အဆိုပါစီမံကိန်းကို ၂၀၁၈-၂၀၁၉ တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

The Kansai Electric Power Co,INC အတိုင်ပင်ခံ ပညာရှင်များမှ ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် တင်ပြခဲ့သော သူငွေးရေအားလျှပ်စစ်စီမံကိန်းအတွက် အတည်ပြုဒီဇိုင်းပုံစံများကို အခြေခံပြီး ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေဖြင့် ပင်မတမံ၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ရေလွှဲဥမင်လိုဏ်၊ ရေထိန်းတံခါးပြွန်၊ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဆွစ်ယာဒ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာအုပ်စု တောင်ပြိုကျေးရွာ မီးဘေးသင့်ပြည်သူများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ကျွန်းစု မတ် ၁၉**

ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာအုပ်စု တောင်ပြိုကျေးရွာတွင် မတ် ၁ ရက် ည ၁၀ နာရီခွဲခန့်က မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ၄၆ လုံး၊ အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၃၃၀ မှာ မီးဘေးသင့်ခဲ့ရာ မီးဘေးသင့်ပြည်သူများအား ပြည်ထောင်စုဝန်ကြီးများနှင့် ထိုင်းနိုင်ငံမှအလှူရှင်များက လှူဒါန်းသော အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကိုဦးနှင့်အဖွဲ့က မတ် ၁၉ ရက် ညနေ ၄ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါမီးဘေးသင့်ပြည်သူများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းရှိန်၊ သတ္တုတွင်းဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဒေါက်တာကံဇော်တို့က တစ်ဦးလျှင် ငွေကျပ် သိန်း ၂၀ စီ စုစုပေါင်း ငွေကျပ်သိန်း ၆၀၊ ဆန်အိတ်ကြီးအိတ် ၃၀၊ ဆန်အိတ်ငယ်အိတ် ၂၀၊ အဝတ်အထည်နှစ်အိတ်နှင့် ငါးပုံး၊ ထိုင်းနိုင်ငံ သာသနာ့စုမုကာရီပရိယတ္တိအသင်းက အလှူငွေရှစ်သိန်းတို့အား လှူဒါန်းခဲ့ပြီး ယင်းအလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ကျေးရွာရာအိမ်မှူး ဦးစိန်လှသောင်းက လက်ခံ၍ မီးဘေးသင့်အိမ်ထောင်စု ၇၄ စုအား ပြန်လည်ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**(ကျွန်းစု ပြန်/ဆက်)**

# ငါးကန်များ အပူချိန်လွန်ကဲမှုမှ ကာကွယ်ရန် သတိပေးချက်များ ထုတ်ပြန်ထား

**မုံရွာ မတ် ၁၉**

လတ်တလောကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အပူချိန်မြင့်တက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ငါးမွေးမြူရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့်ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းရှင်များသို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးထားကြောင်း သိရသည်။

အဆိုပါ သတိပေးချက်တွင် ငါးကန်များအတွင်း ရေလျော့နည်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းရန်၊ ရေသွင်းရန်အခက်အခဲရှိပါက ငါးအကောင်ရေလျှော့ချမွေးမြူရန်၊ ရေထုညစ်ညမ်းပြီး ရောဂါကျရောက်နိုင်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် မွေးမြူထားသော ငါးများကို အစားအစာများအလွန်အကျွံ မကျွေးရန်၊ ပုံမှန်အစားအစာများကိုသာ ချိန်ဆကျွေးရန်၊ ကန်များအတွင်း အောက်ဆီဂျင်ဓာတ်လျော့နည်းမှုများဖြစ်ပွားနိုင်သဖြင့် ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်မောင်းပေးခြင်း၊ မွေးမြူရေးကန်အတွင်း လှေလှော်ပေးခြင်းတို့ကို လုပ်ဆောင်ပေးရန်၊ ရေအရည်အသွေးသတ်မှတ်ချက် (ရေကြည်နှုန်း)ကို အမြဲတမ်း သတိပြုတိုင်းတာရန်၊ အရန်ရေများ စုဆောင်းထားရှိရန်နှင့် ကန်အခြေအနေ ရေအရည်အသွေးပြောင်းလဲမှုကို နေ့စဉ်စောင့်ကြည့်ရန်နှင့် ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲမှုများ ဖြစ်ပေါ်ပါက ငါးလုပ်ငန်းဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်ရန်တို့ ပါဝင်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ဘုရင့်နောင်လမ်းမ အုတ်ကျင်းမှတ်တိုင်အနီး လမ်းလယ်တုံးကို ရေသန့်ကားဝင်တိုက်မိ၍ တိမ်းမှောက်

**ရန်ကုန် မတ် ၁၉**

ဘုရင့်နောင် လမ်းမကြီးပေါ်ရှိ အုတ်ကျင်းမှတ်တိုင်အနီး မတ် ၁၉ ရက် ညနေ ၄ နာရီခန့်က မြို့တွင်းသို့သွားသော ယာဉ်ကြောအလယ်ရှိ လမ်းတားတုံးတန်းကို ရေသန့်တင် ယာဉ်ငယ်တစ်စီး ဝင်တိုက်မိပြီး လမ်းလယ်၌ တိမ်းမှောက်သွားသည်။

ထောက်ကြန့်စက်ရုံမှ ရေသန့်ဘူးတွဲများ သယ်ဆောင်လာသော ယာဉ်မောင်း ကိုဖိုးသန့် (၃၅နှစ်) မောင်းနှင်လာသော ယာဉ်သည် အုတ်ကျင်းမှတ်တိုင်အနီးရှိ လမ်းလယ် ယာဉ်ဖြတ်လမ်းအလွန်တွင် လမ်းလယ်တုံးတန်း ဝင်တိုက်မိပြီး ယာဉ်တိမ်းမှောက်သွားသည်။



မြို့ထဲမှလာသော ယာဉ်မောင်း ဦးကျော်ကျော်လွင်(၄၃နှစ်) မောင်းနှင်သည့် အငှားယာဉ် အမှတ် FF/---- ၏ ဘယ်ဘက်ခြမ်းကို ထိခိုက်မိပြီး ယာဉ်မောင်းဖြစ်သူအား လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ပို့ပေးပြီး ကားပေါ်၌ လိုက်ပါလာသူများမှာ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖေဖော်ဝါရီလကလည်း မြို့ထဲမှ မင်္ဂလာဒုံဘက်သို့ ပြည်လမ်းမ အတိုင်းမောင်းနှင်လာသော ရေသန့်တင် ကုန်တင်ကားငယ်တစ်စီးသည် မင်္ဂလာဒုံ ကျိုက်ကလော့မှတ်တိုင်အနီး လမ်းဖြတ်ကူးသူ ပုဂ္ဂလိကဘဏ်ဝန်ထမ်း (၃၇နှစ်)ရှိ အမျိုးသမီးငယ်တစ်ဦးအား တိုက်မိရာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း သေဆုံးခဲ့ကြောင်း ယင်းအမျိုးသမီးငယ်၏ ဆွေမျိုးဖြစ်သူ လှိုင်သာယာမြို့နယ် အောင်ဇေယျ တံတားအနီးနေ ဦးကျော်ကျော်နိုင်ထံမှ သိရသည်။ **ခင်ဆိုင်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၉**

ထူးခြားသည့်နေ့အပူချိန်များမှာ အောင်လံမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ၊ ချောက်မြို့၊ မကွေးမြို့၊ ပြည်မြို့၊ ကြို့ပင်ကောက်မြို့၊ ဟင်္သာတမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# တွံတေးမြို့နယ်တွင် ယာဉ်ရပ်တန့်စစ်ဆေးရာမှ တရားခံပြေးနှစ်ဦးအပါအဝင် လူလေးဦးတို့အား ပစ္စတိုတစ်လက်၊ ကျည်ဆန်များ၊ ဓားများနှင့်အတူဖမ်းမိ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၉ ရက် နံနက် ၄ နာရီက ဆိုးသွမ်းရမ်းကားနေသော လူဆိုးလူမိုက်များ နယ်မြေအတွင်း လှုပ်ရှားနေကြောင်း သတင်းအရ တွံတေးမြို့နယ် ရန်ကြီးကျေးရွာလမ်းတွင် စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ် 1J ---- ဆလွန်းအမျိုးအစား ခဲရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်မှာ နောက်ဆုတ်ပြီး ထွက်ပြေးမည်ပြုစဉ် ရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်၏ ဘီးအား သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့သည်။

အဆိုပါယာဉ်မှာ ရပ်တန့်သွားခဲ့ပြီး မော်တော်ယာဉ်ပေါ်တွင် တွံတေးမြို့နယ်နေသူများဖြစ်သည့် စန်းဦး (၄၄နှစ်)၊ ငြိမ်းချမ်းကို (၂၅နှစ်)၊ မျိုးသက်နိုင် (၃၁နှစ်) နှင့် ကိုကိုမောင် (၃၀နှစ်)တို့နှင့်အတူ ယာဉ်၏ ခေါင်းခန်းရှိ ခါးပတ်အိတ်အတွင်းမှ ကျည် ငါးတောင့် အသင့်ထည့်ထားသည့် ၉ မမ ပစ္စတိုသေနတ်တစ်လက်နှင့် ၎င်းကျည် ၄၇ တောင့်တို့ကိုတွေ့ရှိပြီး ယာဉ်နောက်ခန်းအတွင်း အရိုးအသွား ၁၆ လက်မခွဲခန့်ရှိ ဓားမြှောင်နှစ်ချောင်း၊ အရိုးအသွား ၁၆ လက်မရှိ လှံစွပ်တစ်ချောင်းနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ ဖမ်းဆီးရမိခဲ့သူ စန်းဦးနှင့် ငြိမ်းချမ်းကိုတို့မှာ တွံတေးမြို့မရဲစခန်း(ပ) ၂၀၅/၂၀၁၅၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄/၄၂၇/၃၃၆/၅၀၆/၁၁၄ အမှုမှ တရားခံပြေးများဖြစ်သည့်အပြင် စန်းဦးမှာ လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် အနိုင်ကျင့်ဗိုလ်ကျနေသူတစ်ဦးဖြစ်ပြီး ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၁၅၆/၂၀၁၄၊ ပြစ်မှုဆိုင်ရာပုဒ်မ ၃၂၆/၁၀၉/၁၁၄ အမှုမှ တရားခံပြေးတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသော စန်းဦးပါ လေးဦးတို့အား သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် အများပြည်သူတို့ စိုးရိမ်ကြောက်ရွံ့နေရသော လူဆိုးလူမိုက်များအား အထူးစီမံချက်ဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဆင်ပေါင်ဝဲမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်



**ဆင်ပေါင်ဝဲ မတ် ၁၉**

ဆင်ပေါင်ဝဲမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် မတ် ၁၈ ရက်က မြို့နယ်ကမ်းနားလမ်းရှိ ဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်သို့ ဧရာဝတီမြစ်မှ အင်ဂျင်စက်ဖြင့် ရေဖြည့်တင်းမှုနှင့် မီးသတ်ကားများ လွယ်ကူစွာ ရေဖြည့်တင်းနိုင်ရေး ရေငုပ်များ စီစဉ်ဆောင်ရွက်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးမျိုး(ဆင်ပေါင်ဝဲ)**

# သုံးခွမြို့နယ်တွင် စက်ရေတွင်းများတူးဖော်



**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိကျေးရွာများတွင် နွေရာသီကာလ၌ အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေအခက်အခဲမဖြစ်ပေါ်စေရေးအတွက် ကျော်သူပရဟိတကွန်ရက်အဖွဲ့ကဦးစီး၍ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ ကုသိုလ်ပြုလှူဒါန်း၍ ဖေဖော်ဝါရီ ၂၅ ရက်မှမတ် ၁၅ ရက်အထိ ကွန်ကလ၊ ရေခလာ၊ ဘုံလုံကတုံးပေါ်(အလယ်)၊ သနပ်ကုန်း၊ အမောင်း၊ ညောင်လန်းကန်(ခတ်ပုံ)ကျေးရွာတို့တွင် နှစ်လက်မပိုက် စက်ရေတွင်းများတူးဖော်ခဲ့ရာ ရေချိုများထွက်ရှိခဲ့သည်။

စက်ရေတွင်းနှင့်အတူ ရေစက်ရုံ၊ အုတ်ရေကန်ကွန်ပရက်ဆာတစ်လုံးပါရှိပြီး ငွေကျပ်သိန်း ၂၀ ခန့်ကုန်ကျသည်ဟု သိရသည်။

ရေအကျိုးကုသိုလ်ပြုရန် စိတ်ပါဝင်စားသူ အလှူရှင်များအနေဖြင့် စက်ရေတွင်းများ လှူဒါန်းလိုပါက ဖုန်း-၀၉-၄၂၀၀၂၇၅၈၃၊ ၀၉-၉၆၁၉၂၇၆၇၈၊ ၀၉-၇၉၆၃၃၀၁၉၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ချိုး(ချင်း)ရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် တိုက်နယ်ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ

**မင်းတပ် မတ် ၁၉**

ချိုး(ချင်း)ရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် မင်းတပ်-ကန်ပက်လက်မြို့နယ်ရှိ တိုက်နယ်များ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအကို မင်းတပ်မြို့ စံပြရပ်ကွက်ရှိ မြို့မဘောလုံးကွင်းတွင် မတ် ၁၉ ရက်က ကျင်းပခဲ့သည်။

"တိုက်နယ်အလိုက် ဘောလုံးသမားကောင်းများ ပေါ်ထွက်လာစေရန်၊ တိုက်နယ်အလိုက် စည်းလုံးညီညွတ်မှုကို ဦးစီးဦးဆောင်ပြုလုပ်နိုင်မယ့် လူငယ်တွေကို အားပေးအားမြှောက်ပြုဖို့ အဓိကရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ချိုးလူမျိုးစုအသင်း(CEA) ဥက္ကဋ္ဌ ဦးထန်းတမ်က ပြောသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မတ် ၁၉ ရက်မှ ၃၁ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်ရှိ တိုက်နယ်(၁၄)ခုမှ အသင်းပေါင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်တွင် ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်

**မုံရွာ မတ် ၁၉**



မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် မုံရွာမြို့ အလယ်ရပ်ကွက် ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၃၄)ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်ကို ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပြု လှူဒါန်းလိုသူများအနေဖြင့် လာရောက် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

"နွားဘေးမဲ့ပွဲတော်ကို မြန်မာသက္ကရာဇ် ၁၃၄၅ ခုနှစ်က စပြီး နှစ်စဉ်ကျင်းပလာတာ အခုနှစ်ဆို (၃၄)ကြိမ်ရှိပါပြီ။ အဓိကကတော့ သတ်မဲ့နွားတွေကို ဝယ်ယူပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ အသက်ကယ် ကုသိုလ်ပြုကြတာပါ။ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ညနေပိုင်းမှာ စုပေါင်းလှူဒါန်းကြတဲ့ အလှူငွေတွေနဲ့ ဝယ်ယူပြီး နှစ်ဆန်း ၃ ရက်နေ့မှာ မြို့အတွင်းမှာ လှည့်လည်ပြသမယ်။ နှစ်ဆန်း ၅ ရက်မှာ နွားဘေးမဲ့ခြံကို ပို့ဆောင်ပေးမှာပါ။ နွားဘေးမဲ့ပွဲကတော့ မုံရွာမြို့မှာ နှစ်စဉ်ကျင်းပတဲ့ အလှူပွဲတစ်ခုပါ" ဟု ချမ်းသာကြီး မြတ်စွာဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ယခင်နှစ်က(၃၃)ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်တွင် မုံရွာမြို့နယ်အတွင်းနှင့် မြို့နယ်များမှ အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၁၇ သိန်းဖြင့် ဝယ်ယူကယ်တင်ခဲ့သော နွား ၄၇ ကောင်အား မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဗောဓိငါးထောင် ဘေးမဲ့ခြံသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ကားဘော်ဒီရုံမှ ဆူညံသံ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ

ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၉ ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းမကြီးပေါ်တွင် ကားဘော်ဒီရုံမှ ဝရိန်ဆော်သံ၊ ဘော်ဒီထုသံ၊ သံပြားဖြတ်သံများမှာ ပတ်ဝန်းကျင်ရှိပြည်သူများအား နားမချမ်းသာဖြစ်ရသည့်အပြင် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ကားဆေးမှုတ်ရာမှ ဖြစ်ပေါ်လာသောအနံ့ဆိုးများကို ရှူရှိုက်နေရခြင်းတို့ကြောင့် သက်ကြီးရွယ်အိုများ စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူရပ်ကွက်သားများ**

### လမ်းပျက်စီး၍ ပြုပြင်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် ကျောင်းလမ်းတွင် နောက်ဖေးလမ်းကြားမှ ရေပုပ်များပိတ်ဆို့ပြီး လမ်းမပေါ်သို့ စီးဆင်းလျက်ရှိရာ လမ်းသွားလမ်းလာများနှင့် အိမ်များမှ အနံ့ဆိုးများ နေ့စဉ်ရှူရှိုက်ခံစားနေရပါသည်။

ယခုအခါ လမ်းပေါ်တွင် ချိုင့်ခွက်များဖြစ်၍ ရေများနှင့်ပြည့်လျှံပြီး ရွှံ့ဗွက် များဖြစ်နေသည်။ ယင်းလမ်းမှာ ဘုန်းကြီးကျောင်းများ ရှိ၍ ရဟန်းသံဃာများ သွားလာခြင်း၊ ရထားဘူတာရှိ၍ ရထားစီးနင်းလာသော ပြည်သူများသွားလာရာ အဓိကလမ်းဖြစ်သည့်အတွက် ထိုလမ်းကိုပြုပြင်ပေးပါရန် ပြည်သူများကဆန္ဒရှိကြောင်း သိရသည်။

**လမ်းစောင့်နတ်**

## သတင်းတိုများ

### ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရေမြောင်းများတူးဖော်

**ရန်ကုန် မတ် ၁၉**

ရေစီးရေလာကောင်းမွန်စေရန် စီမံချက်ဖြင့် မိုးရာသီကာလတွင် မြို့နယ်အတွင်းရှိ ရေမြောင်းများ အဓိကလမ်းမကြီးများဘေးရှိ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၆၄) ရပ်ကွက် ပြည်ထောင်စုလမ်းဘေးရှိ ရေမြောင်းတစ်လျှောက်အား ဘက်ဟိုးဖြင့် အမှိုက်သရိုက်များနှင့် ရွှံ့နွံများကို မတ် ၁၉ ရက်က လိုက်လံတူးဖော်ဆယ်ယူခဲ့ကြောင်း သိရသည်။

**စန်းမောင်**

### ဖျာပုံမြို့နယ် စာပေချစ်သူများ၏ စာပေဟောပြောပွဲကျင်းပ

**ဖျာပုံ မတ် ၁၉**

ဖျာပုံမြို့နယ် စာပေချစ်သူများ၏ ပဋ္ဌမအကြိမ် စာပေဟောပြောပွဲကို မတ် ၁၈ ရက်က ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်တိုးချဲ့ဆောင်သစ်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် ကဗျာဆရာ မင်းချမ်းမွန်က ကဗျာလက်ဆောင်စာလက်ဆောင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အယ်ဒီတာချုပ်ဆရာအောင်စိုးသူက တိုင်းပြည်နှင့်လူမျိုးကို ဘယ်လိုချစ်ကြမှာလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဦးဘုန်း(ဓာတု)က မောင်လည်းလိုက်မယ်ချန်မထားနဲ့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

### အယ်နီညိုအကျိုးသက်ရောက်မှုတုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေး

**ဒိုက်ဦး မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို မတ် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အပူဒဏ်ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာစောမြထွန်းက အယ်နီညိုနှင့် ကျန်းမာရေးအကြောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီးနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက အယ်နီညိုရာသီဥတုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ကျပ်သိန်း ၉၀၀၀ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းကျော် ဖမ်းဆီးရမိ

**ကလော မတ် ၁၉**

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ် ကလောမြို့မှ သာစည်မြို့ဘက်အထွက် ရေယားကျေးရွာနှင့် ရေယောင်းမကျေးရွာအကြား ပြည်ထောင်စုလမ်းမကြီးပေါ်၌ မတ် ၁၈ ရက် နံနက်က တောင်ကြီးမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၂၅)မှ ရဲအုပ်ထွန်းမြတ်ဦးနှင့် တပ်ဖွဲ့ဝင်များ မူးယစ်ဆေးဝါးသတင်းအရ ကလောမြို့ဘက်မှ ယာဉ်မောင်း စိုင်းနေလင်းထွန်း(ခ) အိုက်ဆား (၃၃နှစ်) မိုင်းရှူးမြို့နယ် နေသူမောင်းနှင်၍ ယာဉ်ပေါ်တွင် စိုင်းခမ်းမောင်(ခ)ပြာလောင် (၄၄နှစ်) တောင်ကြီးမြို့နေသူ စီးနင်းလိုက်ပါလာသော ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်၏ရှေ့ဘန်ဘာအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀၊ ယာဉ်၏ရှေ့ ဒက်ရှ်ဘုတ်အတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀၀၀ စုစုပေါင်း ဆေးပြား ၂၃၄၀၀၀ အလေးချိန် ၂၃ ဒသမ ၄ ကီလိုဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် သိန်း ၉၃၆၀ ခန့်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။



အဆိုပါအမှုနှင့် ပတ်သက်၍ ကလောမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန္တာ(ကလော)**

# ဝှက်ထားသည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းများ အချိန်မီထပ်မံဖော်ထုတ်နိုင်



**ဟားခါး မတ် ၁၉**

နေအိမ်မှဆင်းသွားသော ဇနီးသည် ခေတ္တတည်းခိုသည့် နေအိမ်ကို ယမ်းဖြင့် ဖောက်ခွဲရန် ကြံစည်သူအား ယမ်းနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်သတင်းကို ၁၆-၃-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၁ တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ယင်းသတင်း၏ နောက်ဆက်တွဲသတင်းအဖြစ် ယမ်းပျော့အား ဝယ်ယူပြီး နေအိမ်ကို ယမ်းဖြင့်ဖောက်ခွဲရန်ကြံစည်သူ ဦးဟရဲလ်ကုန်းနှင့် ရောင်းချသူ ဦးကျော်လွင်တို့ကို ဟားခါးမြို့မရဲစခန်းမှူး ဒုရဲမှူး တင်မောင်အေးနှင့် အဖွဲ့က တိုက်ဆိုင်စစ်ဆေးရာတွင် ဝယ်ယူသည့်အရေအတွက်နှင့် ပြစ်မှုကျူးလွန်သူထံမှ သိမ်းဆည်းရမိသည့် အရေအတွက်သည် ကွာဟမှုရှိသည်ကို တွေ့ရှိရသဖြင့် ကျန်ရှိသည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းများကို အချိန်မီ ထပ်မံဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား ထပ်မံစစ်ဆေးပြုလုပ်ရာတွင် ရှစ်လက်မခန့်ရှိ ယမ်းပျော့ ၁၇ တောင့်၊ အနေးယမ်းကြိုးခွေတစ်ခွေနှင့် ဖြတ်ထားသည့် ကြိုးတစ်ခွေ စုစုပေါင်း နှစ်ခွေ၊ ဒီတိုနေတာနှစ်ခုကို ၎င်းတည်းခိုနေထိုင်သည့် အိမ်နှင့် ပေ ၁၅၀ ခန့်အကွာ ချုံပုတ်အတွင်း အဝါရောင်ဆာလာအိတ်ဖြင့် ထည့်ပြီး ဝှက်ထားကြောင်း သိရှိရသဖြင့် မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပြီး ပေါက်ကွဲမှုအန္တရာယ်မှ အချိန်မီကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေစကြို-ပခုက္ကူကားလမ်းတွင် အမျိုးသမီးတစ်ဦး ကားတိုက်ခံရ

**ရေစကြို မတ် ၁၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေစကြို-ပခုက္ကူကားလမ်း၌ မတ် ၁၈ ရက် ညနေပိုင်းက ထန်းသီးမုန့်ရောင်းနေသူ အမျိုးသမီးတစ်ဦး ကားတိုက်ခံရမှုဖြစ်ပွားကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် ညနေ ၆ နာရီခွဲက ရေစကြို-ပခုက္ကူကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ရေစကြိုမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီးမြင့်ဌေး သွားရောက်စစ်ဆေးခဲ့ရာ ပခုက္ကူမှ ရေစကြိုဘက်သို့ လင်းထက် (၅၂နှစ်) ပြည်ကြီးတံခွန်မြို့နယ်နေသူ မောင်းနှင်လာသော 4H/-------တိုယိုတာတောင်းအေ့စ်သည် မိုင်တိုင်အမှတ် ၂၅/၃ နှင့် ၂၅/၄ ကြား မြို့ရှောင်လမ်းဆုံအရောက် ထန်းသီးမုန့်ရောင်းနေသော မလှဌေး (၄၀နှစ်) ဖူလုံကျေးရွာ ရေစကြိုမြို့နယ်နေသူအား ယာဉ်၏ဝဲဘက်ခြမ်းဖြင့်တိုက်မိခဲ့၍ မလှဌေးတွင် ဝဲခြေကျင်းဝတ်ကျိုးဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ရေစကြိုမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကသာ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဦးစီး(၁)ဌာနစိတ်မှ ရဲအုပ်သောင်းထက်အောင်နှင့်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မတ် ၁၈ ရက် နံနက်က ပင်လည်ဘူးမြို့နယ် ပေပင်စုကျေးရွာနေ စိန်ထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ စိန်ထွန်းနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသော စိုးလင်းထွန်းနှင့် ရန်အောင်လင်းတို့အား တွေ့ရှိရသည်။

ဆက်လက်၍ ရှာဖွေခဲ့ရာ ၎င်းတို့သုံးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄ ပြား ၁၁ ဒသမ ၄ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၅၇၀၀၀၀၊ ဘိန်းဖြူဟုယူဆရသော အမှုန့်များပါရှိသော ပင်နီဆီလင်ပုလင်းနှစ်လုံးထဲမှ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၁၃ ဂရမ်ခန့် ကာလတန်ဖိုး ငွေကျပ် ၁၃၁၀၀၊ ခဲပြားဆိုဒ်စုံ ကိုးပြားတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

၎င်း၏ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးများကို လွန်ခဲ့သော သုံးရက်ခန့်က ပင်လည်ဘူးမြို့နယ် ကညင်ကုန်းကျေးရွာနေ ဆန်းအောင်ထံမှတစ်ဆင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ ဆက်စပ်ပစ္စည်းများနှင့်အတူတွေ့ရှိသူ စိန်ထွန်းပါသုံးဦးကို ပင်လည်ဘူးမြို့မရဲစခန်းက စစ်ဆေးလျက်ရှိနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ရှောင်လေဝေးဝေး မူးယစ်ဆေး


## ဝန်ထမ်းအမြန်အလိုရှိသည်

(ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တာဝန်ထမ်းဆောင်ရန်)

**Superior international Trading Co.,Ltd**

1. Sale & Marketing (ကျား/မ) (20)Posts (လစာ+%)
2. Showroom Sale (ကျား/မ) (10))Posts (လစာ+%)
3. ရောင်း/မောင်း(ကျား) (4)Posts (လစာ+%)
4. Office Staff (မ) (4 )Posts
5. Accountant (မ) (3)Posts

အမှတ်စဉ်(1,2)အတွက် အနိမ့်ဆုံး (၁၀တန်း)အောင်သူဖြစ်ရမည်။ လိုအပ်လျှင် နယ်သွားနိုင်ရမည်။

ဆက်ဆံရေးပြေပြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(3)အတွက် ကားမောင်းသက်တမ်းအနည်းဆုံးနှစ်နှစ်ရှိရမည်။ အတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(4)အတွက် ရုံးပိုင်းဆိုင်ရာအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(5)အတွက် B.Com(or)LCCI Level III with any graduated၊ စာရင်းနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

**မှတ်ချက်**။ ။ အလုပ်လျှောက်လိုသူများ သက်ဆိုင်ရာထောက်ခံချက်များနှင့်အတူ CV Form များ ပူးတွဲတင်ပြပေးရပါမည်။ မန္တလေးတွင်လုပ်ကိုင်လိုသူများ CV Form ကို မန္တလေးတွင် တင်ရပါမည်။ လိပ်စာ အမှတ်၄၅၁၊ ကုန်သည်လမ်း၊ ဘိုကလေးဈေးမှတ်တိုင်၊ ကုဋေကြွယ်လက်ဖက်ရည်ဆိုင်အပေါ်ထပ်၊ရန်ကုန်။ **ဖုန်း-၀၁-၃၈၀၉၂၂၊၀၁-၂၉၅၇၈၃၊ ၀၉-၄၂၀၀၈၀၉၁၉**

**Email-office@globalviews.com.sg**

**မန္တလေးမြို့လိပ်စာ အမှတ်၁၀၊ ၃၀×၃၁ကြား၊ ၆၆လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၄၇၈၃၊ ၀၉-၄၀၂၅၉၂၆၈၉၊ ၀၉-၂၅၆၁၇၈၈၂၃**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၂**

ဒေါ်ညိုညိုဝင်း **နှင့်** ၁။ ဦးကိုကိုလေး
၂။ ဒေါ်ခင်စန်းယု

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ သဇင်လမ်း၊ အမှတ်(၃/၂၅၇)နေ (၁) ဦးကိုကိုလေး၊(၂) ဒေါ်ခင်စန်းယု(ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၃၁ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်တို့ကထုချေတင်ပြ အဆိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပြုံးရီ (၁၂/ဥကတ(နိုင်)၀၇၃၇၆၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ်(၉၁၇/က) မြေကွက်ပေါ်တွင် တည်ရှိဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း)တိုက်ခန်းအား ပိုင်ဆိုင်သူ မြေရှင် ဒေါ်သိင်္ကီ(၈/ဂဂန(နိုင်)၀၀၀၀၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ရှင်ဖြစ်သူကျွန်ုပ်၏မိတ်ဆွေကြီး သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း တစ်စုံတစ်ရာ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မျိုးသန့်** စဉ်-၁၀ဂ၇၉ | **ဒေါ်ဝါဝါခိုင်** စဉ်-၃၇၁၁ဂ LL.B, D.B.L, D.I.L |
| B.A (Eco), H.G.P, D.B.L | **ဒေါ်ယမင်းထွေး** စဉ်-၃၅၀၆၆ LL.B |
| WIPO, D.L.P (Switzerland) | **ဦးဝင်းသူရဇော်** စဉ်-၄၂၀၆၆ LL.B |

အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉၇၃၃၀၇၀၉၀၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1389 Toyota Townace KM 70 P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဥက္ကံသ ၉/မနတ(သ)၀၀၃၁၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/6093, Mitsubishi K 74, P/V (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းချောစုအောင် ၁/မကန(နိုင်)၀၂၈၄၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ စံပယ်ရုံလမ်း၊ အမှတ် (၅၅) ဟုခေါ်တွင်သော မြေအကျယ် (၃၅ × ၆၀) ပေရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုလာသူ ဒေါ်မြင့်မြင့်စန်း [၁၂/အစန (နိုင်) ၀၄၃၀၉၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၉၆၇)**
**အမှတ် (၂)၊ အောင်ဇေယျလမ်း၊ ဖော့ကန်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ ၄၂၀၁၄၆၃၈၉**

ရန်ကုန် ရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင်

# ကိုလိုနီခေတ် မေ့ထား၍မရနိုင်သည့် လုပ်ငန်းကြီးတစ်ခု၏ ရုံးစိုက်ရာ ပြည်တွင်းရေကြောင်းကုန်သွယ်ရေး အဆောက်အအုံ




ဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

**တစ်ချိန်က ရန်ကုန်မြို့သည် အလွန်ကြီးကျယ်ခမ်းနားသည့် မြို့ပြအခင်းအကျင်းတစ်ခုကို ပိုင်ဆိုင်ခဲ့ဖူးသည်။ အချိန်ကာလအားဖြင့် ဗြိတိသျှကိုလိုနီတို့ သိမ်းပိုက်ထားချိန်တွင် မြန်မာဘုရင်တို့အဆက်ဆက် သစ်လုံးခံတပ်အဖြစ်နှင့် ဆိပ်ကမ်းမြို့ငယ်အဖြစ် အသုံးပြုခဲ့သည့် ရန်ကုန်သည် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ ပြီးချိန်မှစတင်ကာ အပြောင်းအလဲများကို ကြုံခဲ့ရသည်။ မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးချိန်တွင်တော့ နေမဝင်အင်ပါယာအဖြစ် မြန်မာနိုင်ငံကို သွတ်သွင်းရန်နှင့် မြန်မာနိုင်ငံအတွင်းရှိ သယံဇာတများကို ထုတ်ယူသုံးစွဲခွင့်ရရှိရန်နှင့် အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာစေရန်ရည်ရွယ်ကာ မြို့ပြအခင်းအကျင်းကို အကောင်းဆုံးဖန်တီးပေးခဲ့ခြင်းဖြင့် ရန်ကုန်၏ သမိုင်းတစ်ခေတ်ပေါ် ထွန်းလာခဲ့သည်။**

ထိုအခင်းအကျင်းများတွင် အစိုးရယန္တရားအတွက် အထောက်အပံ့ဖြစ်စေမည့် ဝန်ကြီးများရုံးကဲ့သို့သော ရုံးကြီးများ၊ ဆက်သွယ်ရေးလုပ်ငန်းများ ချောမွေ့စေရေးအတွက် ဆက်သွယ်ရေးကြေးနန်းရုံးကြီးများနှင့် စာတိုက်ကြီး၊ ကုန်စည်များအား တင်ပို့ရန်နှင့် အကောက်ခွန်ရရှိရန်အတွက် အကောက်ခွန်ရုံးများနှင့် ဆိပ်ကမ်းရုံးကြီးများ တည်ဆောက်သကဲ့သို့ ပုဂ္ဂလိကပိုင် အဆောက်အအုံများဖြစ်သည့် စထရင်းဟိုတယ်၊ ပဲခူးကလပ်၊ ရန်ကုန်မီးရထား ကုမ္ပဏီတို့နှင့် အပြိုင် မြန်မာရာဇဝင်တွင် မေ့ထား၍မရနိုင်သည့် လုပ်ငန်းကြီးတစ်ခု ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုလုပ်ငန်းကြီးသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ကို လက်ဝါးကြီးအုပ်ခဲ့ပြီး ဗြိတိသျှတို့နှင့် နိုင်ငံခြားသားများ၊ ကုန်သည်ကြီးများနှင့် အင်္ဂလိပ်လက်ပါးစေများအတွက် အထူးတန်းမှ စီးနင်းခွင့်ရရှိပြီး ပြည်သူများအတွက်မူ မတူမတန်ဆက်ဆံခံကာ စီးနင်းခဲ့ရသည့် ဧရာဝတီသင်္ဘောကုမ္ပဏီပင် ဖြစ်သည်။

"ဦးနာအောက်အရှုံးပေးခဲ့ရတဲ့ ဧရာဝတီသင်္ဘောကုမ္ပဏီက အလွန်နာမည်ကြီးခဲ့ပါတယ်။ ဦးတို့ငယ်ငယ်ကတည်းက စာထဲမှာ သင်ယူခဲ့ရဖူးတယ်။ ရုံးရဲ့ကြီးကျယ်ခမ်းနားမှုကတော့ ပြောမဆုံးနိုင်ဘူး။ လွန်ခဲ့တဲ့နှစ်များစွာက ဆောက်ခဲ့တာမှဟုတ်ရဲ့လားလို့ ထင်ရတယ်။ နေရာတိုင်းက ဟောင်းနွမ်းပေမယ့် အသုံးဝင်ဆဲပါ။ လှေကားကြီးတွေကနေ ရုံးခန်းတွေအဆုံး၊ အခန်းတိုင်း၊ အဆောင်တိုင်းမှာ လိုအပ်ချက်ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းထားတဲ့ အဆောက်အအုံတစ်ခု ဖြစ်ပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ အဆောက်အအုံကြီးသည် ကိုလိုနီခေတ်၏ လက်ရာများအနက် ချမ်းသာကြွယ်ဝမှုနှင့် ဩဇာအာဏာကြီးမားမှုကို ကိုယ်စားပြုသည့် အဖြူရောင်နန်းတော်ကြီးသဖွယ် တည်ဆောက်ထားသည့် အဆောက်အအုံဖြစ်သည်။ ဧရာဝတီသင်္ဘောကုမ္ပဏီသည် မြန်မာနိုင်ငံသို့ ၁၈၆၅ ခုနှစ်ကတည်းက စတင်အခြေစိုက်ခဲ့ပြီး မြန်မာပြည်အောက်ပိုင်းမှ တစ်စစနှင့် မန္တလေး အထက်ပိုင်း ဗန်းမော်၊ ကသာတို့အထိ ဧရာဝတီမြစ်ရိုးတစ်လျှောက် ရေလမ်းခရီးသွားလာမှုတွင် ရာနှုန်းပြည့်နေရာယူထားသည့် သင်္ဘောကုမ္ပဏီကြီးတစ်ခု ဖြစ်သည်။ မူရင်းကုမ္ပဏီမှာ Findlay and Co ဖြစ်ပြီး ဧရာဝတီသင်္ဘောကုမ္ပဏီအမည်ဖြင့် မြန်မာနိုင်ငံတွင် ဝင်ရောက်အခြေစိုက်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတစ်ဝိုက်၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်အပြင် ချင်းတွင်းမြစ်ရိုး၊ မော်လမြိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ဧရာဝတီသင်္ဘောကုမ္ပဏီမှ အခြေစိုက်ခဲ့ပြီး ပြည်တွင်းတိုင်းရင်းသား သင်္ဘောလုပ်ငန်းငယ်များကို ယှဉ်ပြိုင်အနိုင်ရယူကာ တစ်ခုတည်းသော ပြည်တွင်းရေကြောင်းသွားလာမှုများကို ချုပ်ကိုင်ထားနိုင်ခဲ့သည့် သင်္ဘောကုမ္ပဏီတစ်ခုလည်း ဖြစ်သည်။

အောင်မြင်မှုနှင့်အတူ ဗြိတိသျှအစိုးရ၏ လက်ကိုင်တုတ်အဖြစ် တန်ခိုးအာဏာကိုပါ ရရှိထားသည့် ဧရာဝတီသင်္ဘောကုမ္ပဏီသည် ပြည်တွင်းကုန်သွယ်ရေးကိုလည်း ချုပ်ကိုင်ခဲ့ပြီး မြန်မာ့သယံဇာတအများစုကို နိုင်ငံရပ်ခြား သင်္ဘောကြီးများထံ အရောက်ပို့ပေးခဲ့သည်။ ထို့ပြင် ဗြိတိသျှလူမျိုးများနှင့် အထက်တန်းလွှာ အသိုင်းအဝိုင်းအတွက် အလွန်ခမ်းနားထည်ဝါသည့် မြစ်တွင်းခရီးသွားလာမှုကို ဖန်တီးပေးခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏ သွားလာရေးအတွက်မူ အလွန်ပင် ကန့်သတ်ချက်များပြားခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

၁၉၂၀ပြည့်နှစ်တွင် ဧရာဝတီသင်္ဘောကုမ္ပဏီသည် အလွန်ပင်အောင်မြင်လာခဲ့ပြီး မြန်မာ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှ အမြတ်ငွေများစွာရရှိခဲ့သည့် အနေအထားသို့ရောက်ရှိလာခဲ့သည်။ ထိုအခါ သင်္ဘောစီးနင်းသူများအတွက် လိုအပ်သည့် လက်မှတ်မှတ်တမ်းများ၊ များပြားလှသည့် ကုမ္ပဏီပိုင်သင်္ဘောမှတ်တမ်းများနှင့် ခရီးစဉ်အနေအထားများအတွက် ရုံးချုပ်အနေဖြင့် ထိန်းချုပ်လုပ်ကိုင်နိုင်ရန် ၁၉၃၀ ပြည့်နှစ်တွင် စတင်ရည်ရွယ်ခဲ့ပြီး နေရာရွေးချယ်မှုများ စတင်ခဲ့သည်။

ပန်းဆိုးတန်းလမ်းပေါ်ရှိ အမှတ် ၅၀ နေရာတွင် ယနေ့မြင်တွေ့ရသော အဆောက်အအုံကြီး၏ပုံစံကို ဒီဇိုင်းရေးဆွဲသူမှာ Arthur Flavell @ Co; မှ ဗိသုကာပညာရှင် A.G. Bray ဆိုသူဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်က စတင်ရေးဆွဲသည့် ဒီဇိုင်းကို ၁၉၃၁ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ထိုနှစ်အတွင်းမှာပင် တည်ဆောက်ရေးလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် အဆိုပါအဆောက်အအုံကြီး၏ အတွင်းအပြင် တည်ဆောက်ခြယ်မှုန်းသည့်လုပ်ငန်းများ အပြီးသတ်ခဲ့ကြောင်း ကိုလိုနီခေတ်လက်ရာ မြို့ပြအမွေအနှစ် ရှေးဟောင်းအဆောက်အအုံ ၃၀ စာအုပ်တွင် ရေးသားဖော်ပြထားသည်။

ကြွယ်ဝသည့်ဟန်အပြည့် အကောင်အထည်ဖော်နိုင်ရေးအတွက် အစွမ်းကုန်ပြင်ဆင်ခဲ့ပြီး မြေညီထပ်သည် လခြမ်းသဖွယ် အုတ်အခုံးများဖြင့် တံခါးများကို အလှဆင်ထားပြီး အလယ်ဝင်ပေါက်အထက်တွင်မူ ကနုတ်များ၊ ကုမ္ပဏီ အမှတ်တံဆိပ်များ ဗဟိုပြုဒီဇိုင်းဖော်ထားသည့် ပေါ်တီကိုအား တည်ဆောက်ထားသည်။ ပထမထပ်၊ ဒုတိယထပ်နှင့် စတုတ္ထထပ်တို့ကို လွှမ်းခြုံနိုင်မည့် ကွန်ကရစ်တိုင်လုံးကြီး ၁၂ တိုင်သည် မြင့်မားစွာ ဖောက်ထွင်းတပ်ဆင်ထားပြီး တိုင်လုံးကြီးများနောက်တွင်မှ အဆောက်အအုံ၏ လေသာပြတင်းများကို ထည့်သွင်းထားသည့်အတွက် နေရောင်ခြည်တိုက်ရိုက်ထိတွေ့ခြင်းကို ကာကွယ်ထားပြီး အပူဒဏ်ကို များစွာကာကွယ်ရာ ရောက်ကြောင်း ယနေ့တိုင် လုပ်ငန်းခွင်အတွင်း အကျိုးရှိနေဆဲ အခြေအနေကို ရှင်းပြပေးသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



**အဆောက်အအုံကြီးသည် နှစ်ပေါင်း ၈၃ နှစ်ခန့်ရှိပြီဖြစ်ကာ ကိုလိုနီခေတ် ရှေးဟောင်း အဆောက်အအုံများစာရင်းဝင်ခဲ့ပြီဖြစ်။ ရာဇဝင်တွင်းမှ ဧရာဝတီသင်္ဘောကုမ္ပဏီနှင့်အပြိုင် မှတ်တမ်းအဖြစ်ကျန်ရှိသည့် အဆောက်အအုံအဖြစ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဆက်လက်ရုံးစိုက်ကာ တာဝန်ယူထိန်းသိမ်းလျက်ရှိ**

သံပန်းသံတံခါးများ၊ အောက်ခံကျောက်ပြားများ၊ တရုတ်ကပ်မှန်များ၊ မီးဆိုင်းများနှင့် စတီးအိမ်ဆောက် အသုံးအဆောင်များကြောင့် အဆောက်အအုံကြီးသည် ယနေ့ခေတ်တွင်တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုနှင့်မခြား ခေတ်မီလှသည်ကို မြင်တွေ့ရသည်။ သို့သော် အဆောက်အအုံ အထပ်တိုင်းတွင် ပျက်စီးနေသော မှန်တံခါးများ၊ ပြုတ်နေသော ပြတင်းပေါက်များနှင့် ကွဲအက်နေသော အုတ်နံရံများကြောင့် အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသည့် အဆောက်အအုံတစ်ခုဟု မှန်းဆနိုင်သည်။

အဆောင်တိုင်း အခန်းတိုင်းတွင် သီးခြားအုပ်ချုပ်ရုံးထိုင်နိုင်ရန်အတွက် မူလကတည်းက လျာထားတည်ဆောက်ခဲ့ကြောင်းကို လက်ရှိမြင်ကွင်းများအရသိရပြီး သစ်သားလှေကားသည် ယနေ့တိုင် သစ်လွင်ဆဲပင်ဖြစ်သည်ကို မြင်တွေ့ရသည်။

အပေါ်ဆုံးထပ်တွင် မူလက ဝန်ထမ်းများအတွက် အိမ်ရာများအဖြစ် ထည့်သွင်းတည်ဆောက်ထားသည်ဟု မှတ်သားရပြီး အဆောက်အအုံ အထပ်တိုင်းတွင် အတက်အဆင်းလွယ်ကူသည့် လှေကားသို့ ဆက်သွယ်ပေးသည့် ကော်ရစ်ဒါကို အထူးခမ်းနားသည့် ဒီဇိုင်းဖြင့် တည်ဆောက်ထားပြီး ဝက်ပါအခန်းများသဖွယ် ထောင့်ချိုးဒီဇိုင်းဖြင့် တည်ဆောက်ထားသည်ကို တွေ့ရသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့် အချိန်များတွင် ဧရာဝတီသင်္ဘောကုမ္ပဏီသည် သင်္ဘောပေါင်းအစင်း ၆၀၀ခန့်ဖြင့် ခရီးသည်များကို တင်ဆောင်ကာ ပြေးဆွဲပေးခဲ့ပြီး ခရီးသည်ရှစ်သန်းကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် တန်ချိန်ငါးသိန်းရှိ ကုန်သေတ္တာများကိုလည်း တင်ဆောင်ပြေးဆွဲပေးခဲ့ရကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ဇွန်လ ၁ ရက်တွင် အင်္ဂလိပ်တို့လက်ထက်က ဩဇာကြီးမားခဲ့သည့် ဧရာဝတီသင်္ဘောကုမ္ပဏီ အဆောက်အအုံကြီးကို နိုင်ငံတော်ပိုင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရုံးကြီးအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ရာ ယနေ့အထိပင်ဖြစ်သည်။ အဆောက်အအုံကြီးသည် နှစ်ပေါင်း ၈၃ နှစ်ခန့်ရှိပြီဖြစ်ကာ ကိုလိုနီခေတ် ရှေးဟောင်း အဆောက်အအုံများစာရင်းဝင်ခဲ့ပြီဖြစ်သည်။ ရာဇဝင်တွင်းမှ ဧရာဝတီသင်္ဘောကုမ္ပဏီနှင့်အပြိုင် မှတ်တမ်းအဖြစ်ကျန်ရှိသည့် အဆောက်အအုံအဖြစ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဆက်လက်ရုံးစိုက်ကာ တာဝန်ယူထိန်းသိမ်းလျက်ရှိပါကြောင်း။ **(မြန်မာ့အလင်း)**

# သုဝဏ္ဏဘူမိ သထုံဆီသို့

ခ ရီး သွာ း ဆေ ာ င် း ပါ း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

**သထုံသည်မွန်ဘာသာအမည်(ဂမို)မှ အသံထွက်ပေါ်ရာတွင် ဂထုံဟုဖြစ်ရာမှ သထုံဟူ၍ဖြစ် လာခဲ့ပြီး မြန်မာလို အုပ်ဆိုင်းသည်ဟု အဓိပ္ပာယ် ရလေသည်။ သထုံမြို့၏ ရှေးအမည်တစ်ခုမှာ သုဓမ္မပူရဟုလည်း ဖြစ်ပြီး အေဒီ ၃ ရာစုကပင် သထုံကို စတင်တည်ထောင်ခဲ့သည်ဟု မှတ်တမ်းအချို့တွင် ဖတ်ရှုခဲ့ဖူးသည်။**

**သထုံမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၀ ခန့်တွင်ရှိသော မြို့ဖြစ်ပြီး လူဦးရေ ၁၅၀၀၀၀ ခန့်နေထိုင်သော မြို့တစ်မြို့လည်းဖြစ်**




*ရန်ကုန်မှအထွက် အမြန်လမ်းမပေါ် တက်လိုက်သည်နှင့် ကားအသွားအလာရှင်းသွားသည်။ ပိတ်ဆို့ကျပ်တည်းနေသော ရန်ကုန်မြို့တွင်းရှိ ကားလမ်းများပေါ်မှ မော်တော်ယာဉ်များကြောင့် အဲကွန်းဖွင့်ထားသော်လည်း ကားထဲ၌အသက်ရှူကျပ်နေသည့်အဖြစ်မှ လွတ်လပ်ပေါ့ပါးသွားသည်။ မြင်ကွင်းက ပွင့်လင်းသွားပြီး ကားလမ်းဘေးတစ်ဖက်တစ်ချက်တွင် ပဲခူးရိုးမတောင်စွယ်များကို မြင်တွေ့ရသည်။ ရော်ဘာစိုက်ခင်းများ၊ ရွာငယ်များ၊ ရိတ်သိမ်းပြီး လယ်ကွင်းများက အမြန်လမ်းဘေးတစ်လျှောက် မပြတ်တမ်းတွေ့ခဲ့ရသည်။ နံနက် ၈ နာရီခန့်အချိန်မှ ရန်ကုန်မြို့ကထွက်ခဲ့သဖြင့် အပူချိန်က အရှိန်ပြင်းစပြုနေပြီ။*

ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာသော မိမိတို့မော်တော်ယာဉ်က ဘုရားကြီးသို့ ဖြတ်ချိန်တွင် နံနက် ၁၀ နာရီခန့်ရှိပြီဖြစ်သည်။ ဘုရားကြီးရွာက အိမ်ကြီးအိမ်ကောင်းများ၊ ဈေးဆိုင်များဖြင့် စည်ကားနေသည်။ ရန်ကုန်- မန္တလေး ကားလမ်းဟောင်းပေါ်တွင်တည်ရှိပြီး မွန်ပြည်နယ်သို့သွားရာ ကားလမ်းလည်းဆုံသဖြင့် မော်တော်ယာဉ်အသွားအလာများသည်ကို တွေ့ရသည်။ ကျွန်တော်တို့ ဘုရားကြီးရွာတွင် မရပ်နားတော့ဘဲ ဆက်လက်ထွက်ခွာလာခဲ့သည်။ ဘုရားကြီးရွာမှ ထွက်လိုက်သည်နှင့် ကားလမ်းဘေးဝဲယာတစ်လျှောက် နွေစပါးစိုက်ခင်းအချို့၊ ဖရဲစိုက်ခင်းနှင့် သခွားစိုက်ခင်းအချို့ကို မြင်တွေ့ရသည်။ ကားလမ်းဘေးဝဲယာနေရာအချို့တွင် တစ်ဖက်ရပ်တဲများဖြင့် ဖရဲသီးများအလုံးလိုက်ပုံပြီး ရောင်းချနေသောဆိုင်များ၊ ဆိုင်ရှေ့တွင် မော်တော်ယာဉ်တစ်စီး၊ နှစ်စီးစရပ်ကာ ဖရဲသီးများဝယ်ယူနေသူများကို တွေ့ရသည်။ အပြန်မှ ဖရဲသီး ဝယ်မည်ဟုတွေးကာ ခရီးဆက်ခဲ့သည်။ ကျွန်တော်တို့ ခရီးစဉ်က သထုံမြို့သို့ တာဝန်ဖြင့် ခရီးသွားရင်း လေ့လာရန်ဖြစ်ရာ အချိန်မီရောက်ရှိရေးအတွက် လမ်းခရီးတွင် မရပ်နားတော့ခြင်းဖြစ်သည်။

ရန်ကုန်နှင့်သထုံမြို့က ၁၂၉ ကီလိုမီတာဝေးပြီး ပဲခူးနှင့်သထုံက ၁၀၅ ကီလိုမီတာခန့်ကွာဝေးသည်။ ကားလမ်းက နှစ်လမ်းသွားဖြစ်သော်လည်း လမ်းတိုးချဲ့ထားသဖြင့် လွတ်လပ်စွာမောင်းနှင်နိုင်သည်။ ကတ္တရာခင်းလမ်းဖြစ်သော်လည်း ချိုင့်ခွက်မရှိ၊ အပေါက်မရှိသဖြင့် စိတ်အနှောင့်အယှက်မဖြစ်အောင် မော်တော်ယာဉ်ကိုမောင်းနှင်နိုင်လေသည်။ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ထားသောကားလမ်းက ချောမွေ့ပြေပြစ်လျက်ရှိသည်။

ကျွန်တော်တို့ဝေါမြို့သို့ရောက်လာသည်။ ဝေါမြို့သည် မွန်ဘာသာ အမည်(ဝအ်)မှ ဆင်းသက်လာခြင်းဖြစ်ပြီး အသံထွက်အတိုင်း ဝေါဟုခေါ်ခြင်းဖြစ်သည်။ ပဲခူးမြစ်နှင့်စစ်တောင်းမြစ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ပဲခူး-စစ်တောင်းတူးမြောင်းက ဝေါမြို့အလယ်မှဖြတ်သန်းသွားသည်ကို တွေ့ရသည်။ ကားလမ်းဘေးတစ်လျှောက် ယှဉ်လျက်တွေ့ရသော ပဲခူး-စစ်တောင်းတူးမြောင်းက ၃၈ မိုင်ရှည်ပြီး စစ်တောင်းမြစ်ကမ်းအနီး မြစ်ကြိုးရွာမှ ဝေါ၊ မင်းရွာ၊ သနပ်ပင်မြို့များကိုဖြတ်ကျော်ကာ ပဲခူးမြစ်ကမ်းအနီး တာဝရွာသို့ ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်သည်။ ၁၈၇၈ ခုနှစ်က ဖွင့်လှစ်ခဲ့သော ပဲခူး-စစ်တောင်းတူးမြောင်းက သစ်ဖောင်၊ ဝါးဖောင်များမျှောရန်နှင့် လယ်ယာထွက်ကုန်များကို သယ်ယူပို့ဆောင်ရာတွင် များစွာအဆင်ပြေသည့် တူးမြောင်းလည်းဖြစ်သည်။ ဝေါမြို့က ရေလမ်း၊ ကုန်းလမ်းတို့ဖြင့်ဆက်သွယ်ရေးကောင်းမွန်သောမြို့ဖြစ်ရာ စီးပွားရေးအတန်အသင့် ကောင်းမွန်သောမြို့ဖြစ်သည်။

ဝေါမြို့ကိုဖြတ်သန်းပြီးနောက် ဆက်လက်မောင်းနှင်လာရာ စစ်တောင်းတံတားသို့ရောက်ရှိလာသည်။ စစ်တောင်းမြို့မှာ ယခင်က ဟံသာဝတီ ၃၂ မြို့အဝင်မြို့တစ်မြို့ဖြစ်ပြီး ယခုကျိုက်ထိုမြို့နယ်အတွင်း တည်ရှိသည်။ စစ်တောင်းမြို့ကို ဖြတ်ကျော်ချိန်တွင် ယခင်နှစ်များက စစ်တောင်းမြို့စားအဖြစ်တာဝန်ယူခဲ့ဖူးသော စစ်သူကြီး မဟာဗန္ဓုလကို သတိရနေမိသည်။ စစ်တောင်းမြို့နှင့် စစ်တောင်းတံတားကို ကျော်ဖြတ်လိုက်သည်နှင့် မွန်ပြည်နယ်မှလှိုက်လှဲစွာ ကြိုဆိုပါ၏ဟူသော ဆိုင်းဘုတ်ကဆီးကြိုနေသည်။ အရင်က စစ်တောင်းတံတားကို အချိန်အကန့်အသတ်ဖြင့်သာ ဖြတ်သန်းသွားလာခွင့်ပြုခဲ့သဖြင့် စစ်တောင်းတံတားတစ်ဖက်တစ်ချက်တွင် ညအိပ်ခဲ့ရသည်များကို ပြန်သတိရနေမိသည်။ ယခုတော့တံတားကို အချိန်မရွေးဖြတ်သန်းမောင်းနှင်နိုင်ပြီဖြစ်သည်။

ကားလမ်းဘေးဝဲယာတွင် ကျေးရွာများ၊ စိုက်ခင်းများကိုမြင်တွေ့ရသည်။ အပူရှိန်ကပြင်းထန်သော်လည်း ကားလမ်းပေါ်တွင် မော်တော်ယာဉ်မောင်းနှင်နေမှုများက မပြတ်တမ်းတွေ့မြင်ရသည်။ အထူးသဖြင့် ခရီးသွားယာဉ်များ၊ ဘုရားဖူးယာဉ်များ၊ ကုန်တင်ယာဉ်များဖြစ်သည်။ ကျွန်တော်တို့ ကျိုက်ထိုသို့ရောက်ရှိလာသည်။ ကျိုက်ထိုမြို့တွင် ကျိုက်ထီးရိုးဘုရားဖူးကားများ ဝင်ထွက်သွားလာနေကြသည်ဖြစ်ရာ ကျိုက်ထီးရိုးဘုရားကို စိတ်ထဲရည်စူးကာ ရှိခိုးမိသည်။ ကျိုက်ထီးရိုးစေတီက မြန်မာနိုင်ငံတွင် ဘုရားဖူးအများဆုံးလာရောက်သောစေတီများတွင်တစ်ဆူဖြစ်ရာ နေ့စဉ်ဘုရားဖူးများဖြင့် စည်ကားနေလေ့ရှိသည်။ ကျိုက်ထိုမြို့တွင် မဲ့ရှင်ဘုရားရှိပြီး ကျိုက်ပေါလောဟုလည်းခေါ်ဆိုကြသည်။ ကျိုက်ထိုမြို့က နိုင်ငံတော်ပန်းချီဆရာကြီး ဦးဘကြည်၏ ဇာတိဖြစ်ရာ သတိတရရှိနေမိသည်။

ကျိုက်ထိုမြို့နယ်အတွင်း မုပ္ပလင်မြို့ရှိသည်။ မွန်ဘာသာအသံထွက် မုတ်ပရင်းမှဆင်းသက်လာခြင်းဖြစ်ပြီး မုတ်မှာ သွားရာလမ်းကြောင်း၊ ပရင်းမှာ ကျွဲဖြစ်ရာ ကျွဲများသွားရာလမ်းကြောင်းဟုအဓိပ္ပာယ်ရသည်။ ပဲခူးနံကရိုင်းမယ်တော် ကျွဲအုပ်သွားရာလမ်းကြောင်းဟု ဒေသခံများကပြောဆိုကြသည်ကို မှတ်သားဖူးသည်။ ကျွန်တော်တို့ မော်တော်ယာဉ်ဆက်လက်ထွက်ခွာလာရာ ဘီးလင်းသို့ရောက်ရှိလာသည်။ ဘီးလင်းတွင် သကြားစက်ရှိသော်လည်း ယခုစက်ရုံလည်ပတ်ခြင်း ရှိ မရှိ သေချာစွာ မသိတော့။ ဘီးလင်းမြို့နယ်အတွင်း နှင်းပုလဲရွာရှိသည်။ နှင်းပုလဲရွာမှာ တေးသံရှင် ဖြူသီ၏ဇာတိဖြစ်သည်ကို အမှတ်ရနေမိသည်။

ကားလမ်းဘေးဝဲယာတွင် စိုက်ခင်းများ၊ မြို့ရွာများ၊ ရော်ဘာခြံများကို နေရာလွတ်မရှိအောင်မြင်တွေ့ရသည်။ ဓာတ်ဆီဆိုင်များ၊ နာမည်ကြီးစားသောက်ဆိုင်များ၊ ထမင်းဆိုင်ကြီးများက နေရာကျယ်ကျယ်ပြန့်ပြန့် ယူထားသဖြင့် ကားလမ်းဘေးဝဲယာတွင် မြေနေရာလွတ်မရှိအောင် ပြည့်နေပြီဖြစ်သည်။ ကျွန်တော်တို့ မော်တော်ယာဉ်က ဒုံဝန်း၊ သိမ်ဆိပ်တို့ကိုဖြတ်ကျော်လာခဲ့ပြီးနောက် မကြာမီ သထုံမြို့နယ်အတွင်း ရောက်ရှိလာသည်။ လမ်းဘေးဝဲယာတွင်နေအိမ်များတွေ့ရပြီး ကားနှင့်စက်ဘီး၊ ဆိုင်ကယ်များဖြင့်သွားလာမှု တဖြည်းဖြည်းများလာသည်ကို သတိပြုမိသည်။ အမျိုးသားအဝေးပြေးလမ်းမကြီးအမှတ်(၈)ပေါ်တွင် တည်ရှိသောသထုံမြို့က တဖြည်းဖြည်းစည်ကားဖွံ့ဖြိုးလာသောမြို့တစ်မြို့ဖြစ်ပြီး ကရင်ပြည်နယ် ဘားအံမြို့သို့လည်း ကားလမ်းအဖြစ်လွယ်ကူစွာသွားလာနိုင်ရန် ချိတ်ဆက်ထားသည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။

ကျွန်တော်တို့ သထုံမြို့အတွင်းသို့ဝင်ရောက်ခဲ့ချိန်မှာ မွန်းလွဲ ၁ နာရီခန့်ရှိနေပြီဖြစ်ရာ ထမင်းဆိုင်တစ်ဆိုင်အတွင်းဝင်ကာစားသောက်ခဲ့သည်။ ငါးနုသန်းဆီပြန်၊ သီးစုံပဲဟင်း၊ သရက်ချဉ်သုပ်နှင့် အရန်ဟင်းများအပါအဝင် ငါးပိထောင်းစပ်စပ်ဖြင့် စားရသည်မှာ မြိန်လှသည်။ ထမင်းစားပြီး ဖရဲသီးများစိတ်၍ အချိုပွဲအဖြစ်လာချပေးသည်ကိုပင် မစားနိုင်တော့။ သထုံထမင်းဆိုင်များသည်လည်း ဟင်းချက်လက်ရာကောင်းမွန်ကြောင်း အသိအမှတ်ပြုရမည်မှာ အမှန်ပင်ဖြစ်သည်။

ခေတ္တအနားယူပြီးနောက် သထုံမြို့တွင်း လေ့လာရေးစတင်ခဲ့သည်။ ပထမဦးစွာ ကားလမ်းနှင့်ကပ်လျက်တည်ရှိသော ရွှေစာရံစေတီအားသွားရောက်ဖူးမြော်လေ့လာခဲ့သည်။ သထုံ-မော်လမြိုင်ကားလမ်းဘေးကပ်လျက်တည်ထားသော ရွှေစာရံစေတီတော်ကား ရွှေသင်္ကန်းများကပ်လှူရန်ငြမ်းစင်ထားသည်ကို တွေ့ရသည်။ ကိုယ်လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနေသည်ဖြစ်ရာ ရွှေရောင်တောက်ပနေသော ရွှေစာရံစေတီကို ဖူးမြော်လို့မဝခဲ့ရပေ။ ရင်ပြင်တော်ကကျယ်ဝန်းမှုရှိပြီး တန်ဆောင်းများကလည်း စုလစ်မွမ်းချွန်တို့ဖြင့် ထည်ဝါစွာတည်ရှိလေသည်။ မိုးလေကင်းလွတ်သည့်ကာလဖြစ်၍လားမသိ။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးမော်တော်ယာဉ်များ မပြတ်တမ်းလာရောက်ဖူးမြော်နေကြသည်ကိုတွေ့ရသည်။ ရွှေစာရံစေတီကတောင်ကုန်းအမြင့်ပေါ်တွင် တည်ထားခြင်းမဟုတ်သဖြင့် ဘုရားဖူးများ သက်သောင့်သက်သာစွာဖြင့် ဝင်ရောက်ဖူးမြော်နိုင်ကြလေသည်။ ရွှေစာရံစေတီကိုဖူးမြော်ပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့သည်။




သထုံမြို့၏မြို့တွင်းတစ်နေရာကို တွေ့ရစဉ်။

မွန်းလွဲ ၂ နာရီခန့်ဖြစ်ရာ နေက ချစ်ချစ်တောက် ပူလောင်လျက်ရှိသည်။ ရွှေစာရံစေတီအနီး ကားလမ်းအဝိုင်းပေါ်တွင် ကလာပ်သဏ္ဍာန်ပြုလုပ်ပြီး ပိဋကတ်သုံးပုံအထိမ်းအမှတ်စာအုပ် သုံးအုပ်တင်ထားသည်ကို တွေ့မြင်ရသည်။ သထုံသည် ဗုဒ္ဓဘာသာထွန်းကားရာရှေးဟောင်းမြို့တစ်မြို့ ဖြစ်ကြောင်း အထိမ်းအမှတ် ပြုလုပ်ထားခြင်းဖြစ်သည်။ ရွှေစာရံစေတီနှင့် ပိဋကတ်သုံးပုံအထိမ်းအမှတ်က ပန်းရစ္စာတည်ရှိနေသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။

သထုံသည် မွန်ဘာသာအမည်(ဂမို)မှ အသံထွက်ပေါ်ရာတွင် ဂထုံဟုဖြစ်ရာမှ သထုံဟူ၍ဖြစ်လာခဲ့ပြီး မြန်မာလို အုပ်ဆိုင်းသည်ဟု အဓိပ္ပာယ်ရလေသည်။

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ



ရွှေစာရံစေတီအနီး ကားလမ်းအဝိုင်းပေါ်မှ ပိဋကတ်သုံးပုံအထိမ်းအမှတ်ကို တွေ့ရစဉ်။

သထုံမြို့၏ ရှေးအမည်တစ်ခုမှာ သုဓမ္မပူရဟုလည်းဖြစ်ပြီး အေဒီ ၃ ရာစုကပင် သထုံကိုစတင်တည်ထောင်ခဲ့သည်ဟု မှတ်တမ်းအချို့တွင် ဖတ်ရှုခဲ့ဖူးသည်။

သထုံကို သုဓမ္မဟု ခေါ်ဆိုခြင်းမှာ ပါဠိဘာသာအရ ကောင်းသည့်အဆင်းရှိသောမြို့ဟု ဆိုလိုခြင်းဖြစ်ပြီး ပုဂံခေတ်မနုဟာကျောက်စာ တွင် သထုံကိုသဓုံဟုရေးထိုးထားသည်ကို တွေ့ရှိမှတ်သားခဲ့ဖူးသည်ကို ပြန်သတိရနေမိသည်။ သထုံမြို့အနီးတွင် သုဝဏ္ဏဘူမိ ရှေးမြို့တော်ဟောင်းတည်ရှိကြောင်း ဆိုင်းဘုတ်ထူထားသည်ကို တွေ့ရသည်။ လက်ရှိအခြေအနေတွင် ကေလာသတောင်ခြေရှိ အရက်သည်မရွာနေရာသည် သုဝဏ္ဏဘူမိမြို့ဟောင်းနေရာဖြစ်ကြောင်း မှတ်ယူလျက်ရှိ ကြသည်။ အရက်သည်မရွာရှိ မြသိန်းတန်ဘုရားရင်ပြင်တော်ပေါ်မှာရရှိသော ရှေးဟောင်းမွန်ကျောက်စာတစ်ချပ်ကို ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အတွင်း တွေ့ရှိဖတ်ရှုမှတ်သားခဲ့ဖူးသည်။ ယင်းကျောက်စာကို ကျန်စစ်သားမင်းက စေတီတော်ပြန်လည်ပြုပြင်မှုကို ရေးထိုးထားခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အတွင်း ပြောင်းရွှေ့ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သထုံမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၆၀ ခန့်တွင်ရှိသော မြို့ဖြစ်ပြီး လူဦးရေ ၁၅၀၀၀၀ ခန့်နေထိုင်သော မြို့တစ်မြို့လည်းဖြစ်သည်။ သထုံမြို့ဟောင်းမြေသားမြို့ရိုးများရှိရာ လိပ်အင်းရပ်ကွက်ဘက်သို့ ကျွန်တော်တို့ထွက်ခဲ့သည်။ မြို့တွင်းကတ္တရာခင်းလမ်းမှ မြေကြီးလမ်းအတိုင်းဖြည်းဖြည်းချင်း ကားမောင်းဝင်ခဲ့ပြီးနောက် မြေသားမြို့ရိုးများ များစွာရှိရာကို ရောက်ရှိခဲ့သည်။ မြေသားမြို့ရိုးများပေါ်တွင် ချုံနွယ်ပိတ်ပေါင်းများဖုံးလွှမ်းလျက်ရှိရာ ရှင်းလင်းမှုများပြုလုပ်လျက်ရှိသည်။ အချို့နေရာများတွင် မြေသားမြို့ရိုးမှာ တာတမံကဲ့သို့ မထင်မရှားဖြစ်နေပြီး အချို့နေရာများတွင် မြေသားမြင့်မြင့် တာရိုးသဖွယ် တွေ့မြင်ရသည်။ သုဝဏ္ဏဘူမိမြို့ဟောင်းတွင် မြေသားမြို့ရိုး လေးထပ်ရှိနေပြီး အတွင်းမြို့ရိုးမှာ အရှေ့အနောက် ပေ ၇၇၀၀ ခန့်နှင့် တောင်မြောက် ပေ ၄၀၀၀ ခန့်ရှိသော်လည်း ယခုအခါ တိမ်ကောပျက်စီးနေပြီဖြစ်သည်။ နှစ်ကာလကြာမြင့်မှု၊ အိုးအိမ်အဆောက်အအုံများ တိုးချဲ့လာမှု၊ ပြုပြင်ထိန်းသိမ်းမှု အားနည်းခဲ့ခြင်းတို့ကြောင့် ယိုယွင်းလာခဲ့ခြင်းဖြစ်မည်ဟု တွေးနေမိသည်။

နေရှိန်မြင့်မြင့်အောက်တွင် မြေသားမြို့ရိုးဟောင်းများကို ကျွန်တော်တို့ကားပေါ်မှဆင်းကာ လမ်းလျှောက်ကြည့်ရှုမိသည်။ မြေသားမြို့ရိုးဟောင်းများ ရေရှည်တည်တံ့စေရန် ယခုအခါစည်းရိုးများ စတင်ကာရန်နေသည်ကို တွေ့ရသည်။ မြောက်ဘက်အတွင်း မြို့ရိုး၌ အလျားပေ ၆၀၀ ကျော်နှင့်အနံပေ ၅၀ ခန့်ကို ယခုရက်ပိုင်းအတွင်းမှ စတင်ကာရန်နေပြီး မြို့ရိုးပေါ်မှ ချုံနွယ်များကိုလည်း ရှင်းလင်းနေပြီဖြစ်သည်။ သမိုင်းအမွေအနှစ်များကို မပျောက်ပျက်ရန် ထိန်းသိမ်းခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်မှာ အမှန်ပင်။

မြေသားမြို့ရိုးဟောင်းများကို ကြည့်ရှုပြီးပြန်ထွက်လာခဲ့သည်။ သထုံမြို့ နေရာအများအပြားသည် ရှေးဟောင်း သုဝဏ္ဏဘူမိမြို့ဟောင်းဧရိယာအတွင်းပါဝင်နေသည်ဟု ကျွန်တော်တို့နှင့်အတူလိုက်ပါလာသော သထုံမြို့သား ကိုအောင်မွန်က ပြောပြသည်။ သထုံမြို့အတွင်းနေရာအနှံ့အပြား မြေအောက်မှတွေ့ရသော အုတ်ချပ်များ၊ ဂဝံရုပ်ကြွ အုတ်ချပ်များ၊ အုတ်ခွက်ဘုရားအကျိုးအပဲ့များ၊ ဆီမီးခွက်များ၊ ဒဂါးပြားများကို စုဆောင်းပြီး ယခုအခါ မော်လမြိုင်မြို့ ယဉ်ကျေးမှုပြတိုက်၌ ထိန်းသိမ်းပြသထားကြောင်း သိရသည်။

ကျွန်တော်တို့ သထုံမြို့ဟောင်း အစိတ်အပိုင်းအချို့ကို မြင်တွေ့နိုင်သည့် သမီးတော်ကုန်းဘက်သို့ထွက်လာခဲ့သည်။ သမီးတော်ကုန်းက အတန်ငယ်မြင့်သော တောင်ကုန်းတစ်ခုဖြစ်ပြီး အပေါ်သို့တက်ရောက်ခဲ့ရာ ဘုန်းတော်ကြီးကျောင်း အဆောက်အအုံအချို့ကိုတွေ့ရသည်။ ရှေးဟောင်းအုတ်ရိုး အပိုင်းအစများ၊ ရှေးဟောင်းအုတ်စည်းရိုး သင်္ချာန်ဖြစ်ပေါ်နေသော အရာအချို့မှလွဲပြီး ထင်ရှားသော အဆောက်အအုံအပျက်အစီးများမတွေ့ခဲ့ရ။ ယခင်က ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများကို သမီးတော်ကုန်းမှ တွေ့ရှိရသည်ဟု ဆိုသည်။ သမီးတော်ကုန်းကို ပြန်လည်တူးဖော် ထိန်းသိမ်းမှုများ ပြုလုပ်လျှင် ရှေးဟောင်းသမိုင်းအထောက်အထားများရရှိနိုင်မည်ဖြစ်သည်ဟု တွေးမိသည်။ ရှေးဟောင်း သုတေသနကလည်း အစီအစဉ်များရှိကြောင်းသိရ၍ ဝမ်းသာမိသည်။

တစ်ချိန်က ထွန်းကားခဲ့သော သုဝဏ္ဏဘူမိမြို့ဟောင်းနှင့်ပတ်သက်ပြီး မွန်ကျောက်စာရုံအတွင်း ထိန်းသိမ်းထားသော ရှေးဟောင်းရုပ်ပွားတော်များနှင့် မွန်ကျောက်စာများ၊ ကလျာဏီသိမ်တော်ဝန်းကျင်ရှိ သိမ်နမိတ်ကျောက်ဆစ်ရုပ်တုများနှင့် သိမ်ကျောက်စာများ၊ အုတ်ခွက်ဘုရားများ၊ ကျွန်တော်တို့မကြာခင်က ရောက်ရှိခဲ့သော သထုံရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သိကြားဘုရားပေါ်မှ စဥ့်ကွင်းရုပ်ကြွများကလည်း အတိတ်သမိုင်းကို ဖော်ညွှန်းပြသနေသည်ကို တွေးမိသည်။ ဆက်လက်ပြီး သထုံမြို့တွင်းရှိ ဦးဘိုးသီးပိဋကတ်တိုက်သို့ရောက်ခဲ့သည်။ ပိတ်ထားသဖြင့် အထဲသို့ မဝင်ကြည့်နိုင်ခဲ့။ သထုံမြို့ပင်စင်ရစစ်ကဲနယ်ပိုင် ဝန်ထောက်အငြိမ်းစား ဦးဘိုးသီးက ပါဠိ၊ မြန်မာစာပေများကို ဝယ်ယူစုဆောင်းထားခဲ့ခြင်းဖြစ်ပြီး ပေစာ ၁၃၄၅ ထုပ် နှင့် ပုံနှိပ်စာအုပ်ပေါင်း ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။

ကျွန်တော်တို့သထုံမြို့ မြသပိတ်တောင်ပေါ်သို့ တက်ရောက်ခဲ့ကြပြန်သည်။ မြသပိတ်တောင်က လှေကားများရှိသော်လည်း မတ်စောက်သဖြင့် ဖြည်းဖြည်းတက်ရသည်။ တောင်ထိပ်ပေါ်တွင် စေတီတည်ထားပြီး ရင်ပြင်ကမကျဉ်းမကျယ်ဖြစ်သော်လည်း ကြွေပြားများခင်းထားသဖြင့် သန့်ရှင်းနေသည်။ ရင်ပြင်တော်ပေါ်မှ သထုံမြို့ရှုခင်းကို အပေါ်စီးမှမြင်တွေ့ရသလို သထုံတောင်တန်း၊ တောင်စွယ်များ၊ စိမ်းညို့နေသောတောင်များကို စိတ်အေးချမ်းစွာ လှမ်းမြင်ရသည်။ သန့်ရှင်းလတ်ဆတ်သော လေကိုရှူရင်း ကေလာသတောင်တန်း၊ ဒေါနတောင်တန်းများကို လှမ်းမျှော်ကြည့်ရှုမိသည်။ နေစောင်းလာပြီဖြစ်ရာ ကျွန်တော်တို့ပြန်ဆင်းလာခဲ့သည်။

သထုံမြို့က လေ့လာစရာများသည်။ သမိုင်းမှတ်တမ်းများလည်း စုံလင်သည်။ သထုံမြို့မှ ၁၂ မိုင်ခန့်ဝေးသော ဘုရင့်ညီဂူသို့သွားလျှင်ရသော်လည်း အချိန်လင့်နေ၍ မသွားနိုင်တော့။ မနူဟာမင်း၏သားတော်များဖြစ်သည့် သီဟကုမာရနှင့် စိတ္တကုမာရတို့ခိုအောင်းခဲ့သော လိုဏ်ဂူတော်ဖြစ်ရာ ခရီးသွားဧည့်သည်များ သွားရောက်လေ့လာကြသည်။ စိတ်ဝင်စားဖွယ်ဂူဖြစ်သည်။ ရေပူကန်လည်းရှိသည်။ ဗုဒ္ဓရုပ်ပွားတော်များလည်းရှိသည်။

နေညိုလာပြီဖြစ်ရာ တည်းခိုရာသို့သွားခဲ့သည်။ သထုံတွင် ကျွန်တော်တို့ညအိပ်ပြီး နံနက်စောစော ရန်ကုန်ပြန်ရမည်။ အမှောင်ထုက တဖြည်းဖြည်းချင်းနင်း ဝင်ရောက်ခဲ့လေပြီ။ ။

# ပြီးပြည့်စုံရန် အချိန်ယူရဦးမည်ဖြစ်သည့် သားအိမ်အစားထိုးခွဲစိတ်မှု

ဘာသာပြန်-ကလျာမိုးမြင့်

အမေရိကန်၌ ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အကြာက ပထမဆုံးသော သားအိမ်ရွှေ့ပြောင်းတပ်ဆင်အစားထိုးသည့် ခွဲစိတ်မှုပြုလုပ်ခဲ့ပြီးနောက် အဆိုပါ သားအိမ်အားပြန်လည်ဖယ်ထုတ်ခဲ့ရသည်။ လူအနည်းအကျဉ်းသာ ပြုလုပ်လေ့ရှိသော အဆိုပါခွဲစိတ်မှုသည် အခြားနိုင်ငံများတွင် အောင်မြင်ခဲ့သည်ဖြစ်ရာ အမေရိကန်မှ ဆရာဝန်များအတွက် မေးခွန်းထုတ်စရာ စိန်ခေါ်မှုမျိုးဖြစ်လာခဲ့သည်။

သားအိမ်အစားထိုးခြင်းသည် သားအိမ်မပါရှိသော သို့မဟုတ် သားအိမ်မကောင်းသော၊ မကျန်းမာသော အမျိုးသမီး၏ကိုယ်တွင်းသို့ ကျန်းမာကောင်းမွန်သော သားအိမ်ကို လဲလှယ်ထည့်သွင်းသည့် ခွဲစိတ်ကုသမှုတစ်ခုဖြစ်သည်။

လူတို့၌ လိင်မှုတစ်ဆင့် မျိုးပွားခြင်းအပိုင်းတွင် သားအိမ်အားနည်းလျှင် သို့မဟုတ် သားအိမ်မရှိလျှင် သန္ဓေသားမတွယ်ကပ်နိုင်သည်ဖြစ်ရာ သားသမီးမရရှိနိုင်ပေ။ အဆိုပါ ဖြစ်စဉ်ကို သားအိမ်ချို့ယွင်းမှုကြောင့် သားသမီးမထွန်းကားနိုင်ခြင်း (Absolute Uterine Factor Infertility -AUFI) ဟုခေါ်ပြီး သားအိမ်အစားထိုးခြင်းဖြင့် ကုသရလေသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်းက Cleveland ဆေးကုသဌာနမှ တာဝန်ရှိသူများက သားအိမ်အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သော ၄င်းတို့၏လူနာသည် နောက်ဆက်တွဲ ပြဿနာအချို့ ရုတ်တရက်ပေါ်ပေါက်လာပြီးနောက် အသစ်တပ်ဆင်ထားသော သားအိမ်ကို ပြန်လည်ဖယ်ရှားခဲ့ရသည်ဟု ကြေညာခဲ့သည်။ အဆိုပါခွဲစိတ်မှုကို ဖေဖော်ဝါရီ ၂၅ ရက်က ကိုးနာရီကြာ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

**သားအိမ်အစားထိုး ခွဲစိတ်ခြင်း၏ စိန်ခေါ်မှုတစ်ရပ်မှာ အဆိုပါ ကုသမှုသည် အသစ်အဆန်းတစ်ခု ဖြစ်နေသေးသည့်အတွက် ပြီးပြည့်စုံရန် အချိန်ယူရလိမ့်ဦးမည်**



သားအိမ်အစားထိုးခွဲစိတ်မှုပြုလုပ်နေကြသော Cleveland ဆေးရုံမှ ခွဲစိတ်ကုဆရာဝန်များ။

သို့သော် ခွဲစိတ်မှုပြုလုပ်ခဲ့သည့် သားဥအိမ်ကို ပြန်လည်ဖယ်ထုတ်ပစ်လိုက်ရသည့် နောက်ဆက်တွဲရှုပ်ထွေးမှုများကို ဆရာဝန်များက အသေးစိတ်ဖြေကြားခဲ့ခြင်းမရှိပေ။ “ကျွန်တော်တို့လူနာရဲ့ လုံခြုံဘေးကင်းမှုအတွက်လိုအပ်တဲ့ ကြိုတင်စစ်ဆေးဆောင်ရွက်မှုတွေကို ဆေးအဖွဲ့က လုပ်ဆောင်ခဲ့ပါတယ်”ဟု ဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံးတွင် သားအိမ်အစားထိုး ခွဲစိတ်မှု ၁၂ ခု ပြုလုပ်ခဲ့ပြီဖြစ်ပြီး ငါးခုသည် မအောင်မြင်ခဲ့ပေ။ “သားအိမ် အစားထိုးရာမှာ မအောင်မြင်တာဟာ အခြားသော ကိုယ်တွင်းအင်္ဂါတွေ အစားထိုးခွဲစိတ်တဲ့အခါ မအောင်မြင်သလိုဘဲ တူညီတဲ့ယေဘုယျအကြောင်းအချက်တွေကြောင့် ဖြစ်နိုင်ပါတယ်”ဟု နာဘာစကာ ဆေးတက္ကသိုလ်မှ ခွဲစိတ်ကုသမှုဆိုင်ရာ လက်ထောက်ပါမောက္ခချုပ် ဒေါက်တာ အလက်ဇန်းဒါးမာစကင်က ပြောခဲ့သည်။ ဒေါက်တာ မာစကင်သည် Cleveland ၌ အဆိုပါ ခွဲစိတ်ကုသမှုအတွင်း ပါဝင်ခဲ့ခြင်းမရှိသော်လည်း ၄င်းသည် သားအိမ်အစားထိုး ကုသမှုအစီအစဉ်၌ ပါဝင်ဆောင်ရွက်နေသူ တစ်ဦးဖြစ်သည်။

မအောင်မြင်ရသည့် အကြောင်းအရင်းများတွင် လူနာ၏ ခုခံအားစနစ်က အင်္ဂါကို တိုက်ခိုက်သည့်အတွက် အင်္ဂါ၏ငြင်းဆန်မှု၊ အင်္ဂါအတွင်း ရောဂါပိုးဝင်ရောက်မှု သို့မဟုတ် အဆိုပါအင်္ဂါအား သွေးထောက်ပံ့မှုတွင် အခက်အခဲ ကြုံတွေ့ရခြင်းများပါဝင်ပြီး အစားထိုးလိုက်သည့် အင်္ဂါဆီသို့ သွေးစီးဆင်းမှုကို သွေးခဲများက ပိတ်ဆို့ခြင်းကြောင့်လည်းဖြစ်နိုင်သည်ဟု ၄င်းကရှင်းပြသည်။

၂၀၀၀ ပြည့်နှစ်က ဆော်ဒီအာရေဗျ၌ ပြုလုပ်ခဲ့သည့် အလားတူ ခွဲစိတ်မှုမျိုးတွင် လူနာအမျိုးသမီးသည် သားအိမ်သို့ သွေးစီးဆင်းမှုကို သွေးခဲများ ပိတ်ဆို့ခံရသဖြင့် အင်္ဂါယိုယွင်းမှုကြောင့် ခွဲစိတ်ပြီး သုံးလအကြာတွင် သားအိမ်ကို ဖယ်ထုတ်လိုက်ရသည်။ နောက်တစ်ဦးမှာ တူရကီနိုင်ငံမှ အမျိုးသမီးဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် နာမကျန်းသော အလှူရှင်တစ်ဦးထံမှ သားအိမ်ကို အစားထိုးခဲ့ရာ ကိုယ်ဝန်ဆောင်နိုင်ခဲ့သော်လည်း သန္ဓေသား ပျက်ကျခဲ့သည်။ဆွီဒင်၌ သားအိမ် အစားထိုးခွဲစိတ်မှု ကိုးခုအနက် နှစ်ဦးမှာ ခွဲစိတ်ထားသော သားအိမ်ကို ပြန်လည်ဖယ်ရှားခဲ့ရသည်။ သို့သော် ဆွီဒင်အမျိုးသမီးငါးဦးမှာ အောင်မြင်စွာ ကလေးမွေးဖွားခဲ့သည်။

Cleveland၌ ပြုလုပ်ခဲ့သော သားအိမ်အစားထိုးကုသမှုတွင် မကျန်းမာသော အလှူရှင်ထံမှ သားအိမ်ဖြင့် ခွဲစိတ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ မကျန်းမာသူထံမှ ရယူခြင်းကြောင့် အစားထိုးခွဲစိတ်မှုကို ထိခိုက်နိုင်ကြောင်း တပ်အပ်ပြောဆိုနိုင်ခြင်းမရှိသေးဟု မာစကင်က ဆိုသည်။ သားအိမ်အစားထိုး ခွဲစိတ်ခြင်း၏ စိန်ခေါ်မှုတစ်ရပ်မှာ အဆိုပါ ကုသမှုသည် အသစ်အဆန်းတစ်ခုဖြစ်နေသေးသည့်အတွက် ပြီးပြည့်စုံရန် အချိန်ယူရလိမ့်ဦးမည်ဟု ၄င်းက ပြောသည်။ အမျိုးသမီး ၁၀ ဦးပါဝင်ဦးမည့် နောက်ထပ် သားအိမ်အစားထိုးခွဲစိတ်မှုကို Cleveland ဆေးရုံက ထပ်မံပြုလုပ်သွားရန်ရှိကြောင်း သိရသည်။




ခွဲစိတ်ကုသမှုခံယူခဲ့သည့် အမျိုးသမီး လင်ဆေးအား ၄င်း၏ခင်ပွန်းနှင့်အတူတွေ့ရစဉ်။

နိုင်ငံတကာရေးရာဆောင်းပါး

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# ဆီးရီးယားစစ်ပွဲမှ ရုရှားတို့၏နည်းဗျူဟာအခင်းအကျင်း

မြူးစန္ဒီနွေး

**မကြာသေးမီကာလအတွင်းက ရုရှားသမ္မတပူတင်သည် ဆီးရီးယားရှိ ၎င်း၏တပ်ဖွဲ့ဝင်အချို့ကို ရုပ်သိမ်းတော့မည်ဟုကြေညာခဲ့သည်။ ရုရှားတို့ ဆီးရီးယား စစ်ပွဲအတွင်း စတင်ပါဝင်ခဲ့သည့်အချိန်မှစ၍ ယခုအချိန်ထိကာလအတွင်း လေ့လာကြည့်လျှင် ဆီးရီးယားစစ်ပွဲ၌ ရုရှားတို့မျက်နှာပန်းလှခဲ့သည်ဟု ပြောနိုင်သည်။**

ရုရှားတို့သည် ၂၀၁၅ ခုနှစ်ဆီးရီးယား၌လေကြောင်းတိုက်ခိုက်မှုများ စတင်ပြုလုပ်စဉ်က ရုရှားသမ္မတပူတင်သည် ၎င်းအနေဖြင့် ဆီးရီးယားစစ်ပွဲအတွင်းပါဝင်ရသည့် အဓိကအကြောင်းနှစ်ချက်ရှိကြောင်း ပြောခဲ့သည်။ အင်အားချည့်နဲ့ပြီး ဖရိုဖရဲဖြစ်နေသော ဆီးရီးယားစစ်တပ်အနေဖြင့် အကြမ်းဖက်အုပ်စုကို တိုက်ထုတ်ရာတွင် အားပေးကူညီရန်နှင့် ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်ကို အိုင်အက်စ်စစ်သွေးကြွများ သိမ်းပိုက်ခြင်းမှကာကွယ်ရန်ကြိုးပမ်းနေသည့် မြေပြင်တပ်ဖွဲ့များကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ပူတင်က ပြောခဲ့သည်။

အမေရိကန်ကမူ ရုရှားတို့သည် အာဆတ်အစိုးရဆီးရီးယား၌ ဆက်လက် အာဏာတည်မြဲရေးအတွက် စစ်ရေးအရကူညီမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုပြောသည်။ ဆီးရီးယားသမ္မတအာဆတ်ကို ထောက်ခံအားပေးသည့် ရုရှားနှင့်အီရန်တို့၏ လုပ်ဆောင်ချက်များသည် အန္တရာယ်များသည့်လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း အိုဘားမားက ပြောသည်။

ရုရှားတို့အနေဖြင့်မူ ဆီးရီးယားရှိ ၎င်းတို့၏တပ်များကိုဆုတ်ခွာတော့မည်ဟု ကြေညာပြီးသည့်နောက် ဆီးရီးယားစစ်မြေပြင်၌ ၎င်းတို့အောင်မြင်မှုရရှိခဲ့သည် ဟု ပြောနိုင်ပြီဖြစ်သည်။

**ဘယ်လိုအောင်မြင်မှုတွေရရှိခဲ့တာလဲ**

ပထမဦးဆုံးအချက်မှာ ရုရှားတို့သည် ဆီးရီးယားသမ္မတအာဆတ်ကိုကူညီရန်အလို့ငှာ ဗုံးမိုးများကြဲချခဲ့သည်။ ရုရှားတပ်ဖွဲ့ဝင်များဆီးရီးယား၌ တပ်စွဲနေစဉ်အတွင်း အာဆတ်သည် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆီးရီးယားနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည်လည်း မကြာမီပြိုလဲတော့မည်ဟု ခန့်မှန်းချက်များလည်း ပေါ်ထွက်လာခဲ့သည်။ ရုရှားတို့လေကြောင်းမှ တိုက်ခိုက်ကူညီမှုများပြုလုပ်အပြီး ငါးလအကြာ၌ ဆီးရီးယားနိုင်ငံအတွင်း တောင်ပိုင်းနှင့်မြောက်ပိုင်းတို့ရှိ အရေးပါသည့် နေရာအတော်များများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ သမ္မတအာဆတ်လည်း ပြန်လည်ဦးမော့လာနိုင်ခဲ့သည်။ ရုရှား၏တပ်ကူများကြောင့် အခက်ခဲဆုံးအခြေအနေများမှ ရုန်းထွက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေး အေဂျင်စီမှ အကြီးအကဲဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး ဗင်းဆင့်အာ စတီးဝပ်က ပြောသည်။

ရုရှားတို့၏ ဗုံးမိုးရွာသွန်းသည့် စစ်ဆင်ရေးဆင်နွှဲမှုကြောင့် အာဆတ်အစိုးရသည် အိုင်အက်စ်တို့ထံ ဆုံးရှုံးခဲ့ရသည့်နယ်မြေများကို ပြန်လည်ရရှိခဲ့သည်။ အမေရိကန်၏ ထောက်ခံအားပေးကူညီမှုရရှိထားသော ဆွန်နီသူပုန်များသည် ရုရှားတို့၏ စစ်ဆင်ရေးဆင်နွှဲမှုများကို အလူးအလဲခံခဲ့ရသည်။ အထူးသဖြင့် ဆီးရီးယား တူရကီနယ်စပ် မြောက်ပိုင်းတစ်လျှောက်ရှိ နယ်မြေများတွင် အာဆတ်၏တပ်ဖွဲ့ဝင်များသည် အမေရိကန်က ကျောထောက်နောက်ခံပြုထားသည့် ဆွန်နီသူပုန်များထံသို့ တူရကီမှ တစ်ဆင့်ပေးပို့သည့် ထောက်ပံ့ရေးယာဉ်တန်းဖြတ်သန်းသည့် ဆက်သွယ်ရေးလမ်းကြောင်းကို ပိတ်ဆို့ဖြတ်တောက်ခဲ့သည်။ ၎င်းတို့သည် အာဆတ်၏ တပ်ဖွဲ့ဝင်များနှင့် အိုင်အက်စ်အဖွဲ့တို့ကြား ပိတ်မိနေခဲ့သည်။

ဆီးရီးယားစစ်ပွဲ၌ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်သည့်အာဆတ်ကို ဖြုတ်ချရမည်လော သို့မဟုတ် အိုင်အက်စ်အဖွဲ့၏ ဥပဒေမဲ့လုပ်ရပ်များကို လက်ခံရမည်လောဟူ၍ ခက်ခဲပြီးဘေးကျပ်နံကျပ်ဖြစ်စေသည့် ရွေးချယ်မှုနှစ်ခုကို အနောက်အုပ်စုအနေဖြင့် ရွေးချယ်ရခက်နေချိန် ရုရှားတို့ အမြတ်ထုတ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ အမေရိကန်တို့အနေဖြင့် အိုင်အက်စ်အဖွဲ့ကို ဆက်လက်ရှင်သန်ခွင့် မပြုမည်မှာ အခိုင်အမာပင်ဖြစ်သည်။ ဤသို့ဆိုလျှင် ဆီးရီးယား၌ အာဆတ်အစိုးရကို ဆက်လက်အုပ်ချုပ်ခွင့်ပေးရတော့မည့်အနေအထားပင် ဖြစ်လာခဲ့သည်။

**သံတမန်ရေးရာအရအောင်မြင်မှု**

ဒုတိယအချက်အနေဖြင့် ပူတင်သည် သံတမန်ရေးရာအရလည်း အောင်မြင်မှုရရှိခဲ့သည်။ ရုရှားနိုင်ငံသည် ဆီးရီးယား၏အနာဂတ်ကို ဆုံးဖြတ်ရာတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို အမေရိကန်တို့ အသိအမှတ်ပြုလက်ခံခဲ့ရသည်။ အမေရိကန်နှင့် ရုရှားတပ်ဖွဲ့

**ဆီးရီးယားစစ်ပွဲ၌ ရက်စက်ကြမ်းကြုတ်စွာအုပ်ချုပ်သည့် အာဆတ်ကိုဖြုတ်ချရမည်လော။ သို့မဟုတ် အိုင်အက်စ်အဖွဲ့၏ ဥပဒေမဲ့လုပ်ရပ်များကို လက်ခံရမည်လောဟူ၍ ခက်ခဲပြီး ဘေးကျပ်နံကျပ်ဖြစ်စေသည့် ရွေးချယ်မှုနှစ်ခုကို အနောက်အုပ်စုအနေဖြင့် ရွေးချယ်ရတော့မည့်ကိန်း ဆိုက်ခဲ့သည်။**

ဝင်တို့ အချင်းချင်းတိုက်ပွဲဖြစ်ပွားမှုကို ရှောင်ရှားရန် အမေရိကန်သည် ရုရှားနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည့် မည်သည့်ကိစ္စမဆို စစ်ရေးအရ ပဋိပက္ခဖြစ်စေမည့် ဆွေးနွေးပြောဆိုမှုများကို သတိထားရှောင်ရှားရမည့် အနေအထားမျိုးဖြစ်ခဲ့သည်။ သမ္မတပူတင်အတွက် သံတမန်ရေးရာအရ အောင်မြင်မှုပင်ဖြစ်သည်။

ရုရှားနှင့် အမေရိကန်တို့ တိုက်ရိုက်စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီးနောက် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဂျီနီဗာမြို့၌ ဆီးရီးယားအပစ်အခတ်ရပ်စဲရေး ရရှိအောင်ဆောင်ရွက်နိုင်ခဲ့သည်။ နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲရေးအတွက် သာတူညီမျှသည့် အာမခံချက်များထားရှိရန် သဘောတူခဲ့သည်။ အိုဘားမားကလည်း ပူတင်နှင့် တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

အမေရိကန်တို့၏ ဆီးရီးယားသမ္မတကို ဖြုတ်ချရေးအစီအစဉ်ကို ရပ်တန့်ရန် ရုရှားတို့က ဖိအားပေးနိုင်ခဲ့သည်။ အမေရိကန်နှင့် ၎င်း၏



မဟာမိတ်များသည် ဆီးရီးယားနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်အမည်ခံမျှ ပြောင်းလဲခြင်းကို လက်မခံကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကပြောသည်။ အာဆတ်နှင့်ပတ်သက်၍ မည်သို့ဖြစ်သင့်မဖြစ်သင့်ဆိုသည့်အပေါ်တွင် အလေးအနက်မထားကြောင်း ၎င်းက ထပ်ပြောသည်။

**တူရကီနိုင်ငံအပေါ်ခြိမ်းခြောက်နိုင်မှု**

တူရကီတို့သည် ၎င်းတို့၏အချုပ်အခြာအာဏာကိုထိပါးသည်ဟုဆိုကာ ရုရှားပိုင် ဂျက်လေယာဉ်ကိုပစ်ချခဲ့သည့်အပေါ် ပူတင်၏တုံ့ပြန်မှုကြောင့် အရှေ့အလယ်ပိုင်းနှင့်အာရှဒေသအကြား ယှဉ်ပြိုင်မှုတစ်ခုပေါ်ထွက်လာခဲ့သည်။ ရုရှားတို့သည် ခေတ်မီဒုံးကျည်ကြီးများကို တူရကီနယ်စပ်အနီးတပ်ဖြန့်ချထားခဲ့သည်။ ထို့ပြင် ရုရှားတို့သည် ဆီးရီးယားနိုင်ငံသာမက ၎င်း၏အိမ်နီးချင်းနိုင်ငံများ၏ ဝေဟင်ပိုင်နက်များကိုပါ စိုးမိုးခြယ်လှယ်လာနိုင်ပြီး တူရကီပိုင် ဂျက်လေယာဉ်တစ်စင်းတလေမျှ ဆီးရီးယားကောင်းကင်ယံသို့ ပျံတက်ခွင့်မပြုသည်အထိ ရုရှားတို့စွမ်းဆောင်နိုင်ခဲ့သည်။

ပူတင်သည် တူရကီကိုထိုးနှက်ရာ၌လည်း ကာ့ဒ်တို့ကိုအသုံးပြုခဲ့သည်။ ဆီးရီးယား-ကာ့ဒ်များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးစတင်ရန် ကြိုးပမ်းနေပြီး တူရကီ ဆီးရီးယားနယ်စပ်တစ်လျှောက် တပ်စွဲထားသည်။ ၎င်းတို့ကို တူရကီတို့က စိုးရိမ်ထိတ်လန့်သည်။ ယင်းအချက်ကို အခွင့်ကောင်းယူလာသည့် ရုရှားတို့သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အား တူရကီ-ဆီးရီးယားနယ်စပ်ကို ကောင်းစွာချုပ်ကိုင်နိုင်ရေး လေကြောင်းမှတစ်ဆင့် ကူညီထောက်ပံ့မှုများပြုလုပ်ခဲ့သည်။ ထို့ပြင် တူရကီနယ်စပ်အနီးကာ့ဒ်တို့ထိန်းချုပ်ထားရာမြို့တွင် ရုရှားတပ်ဖွဲ့ဝင် ၂၀၀ ကို တပ်ဖြန့်ချထားခဲ့သည်။

**ပထဝီနိုင်ငံရေးအရအောင်မြင်မှု**

နောက်ဆုံးအချက်အနေဖြင့် ပူတင်၏ဆီးရီးယားနိုင်ငံ၌ ပြုလုပ်သည့် စစ်ဆင်ရေးသည် ဥရောပသမဂ္ဂကို အင်အားချည့်နဲ့စေသည်။ ရုရှားတို့က အာဆတ်ကိုစစ်ရေးအရ ကူညီထောက်ပံ့မှုများပြုလုပ်ခဲ့ပြီးနောက် အာဆတ်အစိုးရသည်စစ်ဆင်ရေးများစွာ ပြုလုပ်ခဲ့ရာအရပ်သားတို့ ထိခိုက်သေကျေပျက်စီးခဲ့ရသည်။ ထို့ကြောင့်ဥရောပသို့ ဒုက္ခသည်အမြောက်အမြား ဝင်လာခဲ့သည်။ အလက်ပိုမြို့တစ်မြို့တည်းမှပင် ဥရောပသို့ဝင်ရောက်လာသည့် ဒုက္ခသည်အရေအတွက်မှာ ၁၀၀၀၀၀ ခန့်ရှိကြောင်း ဥရောပဆိုင်ရာ နေတိုးတပ်မှူး ဖိလစ်ဘရီဒ်လတ်ဖ်က ပြောသည်။ ဂျာမနီနိုင်ငံက ဒုက္ခသည်များကို တံခါးဖွင့်လက်ခံသည့်မူဝါဒသည် ဥရောပသမဂ္ဂ၌ပြဿနာပေါင်းများစွာ ရိုက်ခတ်လာသည်။

ရုရှားတို့သည် ဆီးရီးယားနိုင်ငံအတွင်း ဝင်ရောက်စဉ်က ဦးစားပေးလုပ်ဆောင်ခဲ့သောကိစ္စမှာ အာဆတ်အစိုးရအဖွဲ့၏အုပ်ချုပ်မှုကို တည်တံ့အောင် ထောက်ခံပေးခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်၌ဖြစ်ပွားခဲ့သော အန္တရာယ်ဖြစ်နိုင်သည့်အခြေအနေများ၊ အမှားများနောက်ထပ်မဖြစ်ပွားစေရန် အာဆတ်၏တပ်ဖွဲ့ဝင်များ၊ ရှီးယိုက်တိုက်ခိုက်ရေးသမားများ၊ ဟစ်ဘိုလာ၊ အီရန်တို့နှင့် ကြားခံ၍အသုံးချခဲ့သည်။ ရုရှားတို့ ဆီးရီးယားစစ်မြေပြင်၌အောင်မြင်မှုရရှိခဲ့ခြင်းမှာ ပူတင်သည်ရှီးယိုက်တိုက်ခိုက်ရေးသမားများ၊ ဟစ်ဘိုလာနှင့်အာဆတ်၏တပ်ဖွဲ့ဝင်များကို အကောင်းဆုံးကိုင်တွယ်မှုပြုလုပ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ဆီးရီးယားကိစ္စ၌အမေရိကန်၏ မူဝါဒမှာမူ ပူတင်၏နည်းလမ်းကဲ့သို့ တိကျသေချာမှုမရှိခဲ့ပေ။ အိုဘားမားအစိုးရသည် သမ္မတအာဆတ်ဖြုတ်ချရေးကိုသာ တစိုက်မတ်မတ် တောင်းဆိုခဲ့သည်။ သို့သော် အာဆတ်အစိုးရမှာမူ ပြုတ်ကျသွားခဲ့ခြင်း မရှိပေ။

အမေရိကန်တို့၏ အဓိကရည်ရွယ်ချက်မှာ အိုင်အက်စ်အဖွဲ့ကို တိုက်ဖျက်ရန်နှင့် အင်အားချည့်နဲ့အောင်ပြုမူဆောင်ရွက်ရန်ပင် ဖြစ်သည်။ အမေရိကန်တို့သည် ဆီးရီးယားလွတ်မြောက်ရေးတပ်ကိုကူညီထောက်ပံ့မှုများပြုလုပ်ခဲ့သည်။ သို့သော် ဆီးရီးယားလွတ်မြောက်ရေးတပ်သည် နည်းပညာပိုင်းဆိုင်ရာ အကူအညီရယူရာ၌ အယ်လ်ခိုင်ဒါတို့နှင့် မဟာမိတ်ဖြစ်သည်။ ယင်းအချက်သည် အမေရိကန်တို့အတွက် ကြီးမားသော ထိုးနှက်ချက်တစ်ခုပင်ဖြစ်သည်။

ဆီးရီးယားကာ့ဒ်များသည် ဒေသတွင်းရှိ အိုင်အက်စ်တို့ကိုဆန့်ကျင်တိုက်ခိုက်နေသည့် အမာခံတပ်ဖွဲ့ပင်ဖြစ်သည်။ သို့သော် အိုင်အက်စ်တို့ကိုတိုက်ခိုက်နေသည့် ကာ့ဒ်များကို အမေရိကန်အဓိကထောက်ပံ့ပေးထားသည့် တူရကီတို့က တိုက်ခိုက်နေသည်။ ထို့ကြောင့် အမေရိကန်၏ နည်းဗျူဟာမှာ ထင်သလောက်အောင်မြင်မှုမရခဲ့ပေ။

ထို့ပြင် အမေရိကန်ကပင်ထောက်ပံ့မှုများပြုထားသည့် ဆီးရီးယားကာ့ဒ်များသည် စီအိုင်အေကကျောထောက်နောက်ခံပြုထားသည့် သူပုန်များနှင့် တိုက်ခိုက်မှုများဖြစ်ပွားနေပြန်သည်။ ထို့ကြောင့် အမေရိကန်၏ နည်းဗျူဟာသည်ရှေ့ဆက်မတိုးနိုင်ဘဲပဋိပက္ခများသာ ပေါ်ပေါက်လာသည်။

အမေရိကန်နှင့်ယှဉ်လျှင်ရုရှားတို့၏ နည်းဗျူဟာမှာပို၍ တိကျခိုင်မာခဲ့သည်။ ထို့ကြောင့် ဆီးရီးယားမှရုရှားတပ်ဖွဲ့ဝင်များ မဆုတ်ခွာမီရုရှားတို့သည် ပထဝီနိုင်ငံရေးအရလည်းအောင်မြင်မှုရရှိခဲ့သည်ဟု ပြောနိုင်ပေသည်။

-Ref : Reuters

မြန်မာ့ရိုးရာအားကစား

# မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံသည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ကြီး တကယ်ပဲ စတင်ပေါ်ပေါက်လာတော့မည်လား-----

သတင်းဆောင်းပါး
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**ယနေ့မြန်မာတို့၏ အမျိုးသားရိုးရာအားကစားနယ်ပယ်တွင် ရိုးရာလက်ဝှေ့ဟုကြားလိုက်သည်နှင့် လူငယ်များကြား ဦးထောင်ခေါင်းမော့ စိတ်ဝင်တစား သတိပြုမိလာကြသည်ကို သတိထားမိကြပေလိမ့်မည်။ မြန်မာ့ရိုးရာလက်ဝှေ့သည် ယနေ့လူငယ်များကြားတွင် အတော်အတန်ပင် နေရာယူထိုးဖောက်စိမ့်ဝင်နေခြင်းကြောင့်ဖြစ်သည်။ အကြောင်းမှာ နိုင်ငံတစ်ဝန်းရိုးရာလက်ဝှေ့ပွဲများက သက်သေထူနေသည်။ ရှေးနှစ်ပေါင်းများစွာကတည်းကပင် ရိုးရာအားကစားတစ်ရပ်အသွင်ဖြင့် ရပ်တည်လာသော မြန်မာ့ရိုးရာလက်ဝှေ့သည် များမကြာမီတွင် ကမ္ဘာ့နိုင်ငံကြီးများ၏ အထင်ကြီးလေးစားမှုကိုခံရလောက်သည်အထိ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ကြီး စတင်ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ကြားလိုက်သည်နှင့်ပင် မယုံကြည်နိုင်စရာ အိပ်မက်တစ်ခုဟုပင် သံသယဖြစ်နိုင်သော်လည်း မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံသည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ကြီး တကယ်ပင်အစစ်အမှန်ပေါ်ပေါက်လာတော့မည်ဖြစ်သည်။**

"ကျွန်တော်တို့ ရိုးရာလက်ဝှေ့အနေနဲ့ ဒီလိုကမ္ဘာနဲ့ ဆိုင်တဲ့ ရိုးရာလက်ဝှေ့အဖွဲ့ ဖွဲ့ဖြစ်မယ်ဆိုရင် မြန်မာ့ရိုးရာ လက်ဝှေ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်မိပါတယ်။ တကယ်စိတ်ရင်းနဲ့ပြောရမယ်ဆိုရင် နှစ်ပေါင်းများစွာ ကတည်းက ထိန်းသိမ်းလာခဲ့တဲ့ ကိုယ့်ရိုးရာလက်ဝှေ့ သမားတွေက ရိုးရာမဟုတ်တဲ့ တခြားပွဲတွေမှာ သွား ရောက်ယှဉ်ပြိုင်နေတာမြင်ရတော့ စိတ်မကောင်းဘူး။ အခုလို မြန်မာ့ရိုးရာလက်ဝှေ့ကို အခြေခံတဲ့ ကမ္ဘာ့ လက်ဝှေ့အဖွဲ့ချုပ်ကြီးကို ဖွဲ့ဖြစ်မယ်ဆိုရင် ကျွန်တော်တို့ ရိုးရာလက်ဝှေ့အနေနဲ့ ကမ္ဘာမှာ ဒီထက်ပိုမိုထိုးဖောက် လာနိုင်မှာပါ"ဟု ပြည်တွင်း၊ ပြည်ပရိုးရာလက်ဝှေ့ပွဲများ နှင့် မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲများကို အခမဲ့ပြုလုပ် ပေးနေသည့် ဦးဝဏ္ဏ(မာဂျေ)က များမကြာမီတွင် ပေါ် ပေါက်လာတော့မည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ကြီးနှင့် မြန်မာ့ရိုးရာလက်ဝှေ့အနာဂတ်အပေါ် သုံးသပ်ပြောကြား သည်။

ယနေ့မြန်မာ့ရိုးရာလက်ဝှေ့ကို မြန်မာများနည်းတူ ပိုင်နိုင်ကျွမ်းကျင်စွာထိုးသတ်နိုင်သော နိုင်ငံတစ်နိုင်ငံ ပေါ်ထွက်လာပြီဖြစ်သည်။ ယင်းနိုင်ငံသည် အခြားမဟုတ် ရုရှားနိုင်ငံပင်ဖြစ်သည်။ ရုရှားတို့သည် ၁၉၇၈ ခုနှစ် ကတည်းကပင် နည်းပြများဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ ကို ကောင်းစွာသင်ကြားလာခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။ ထို့ကြောင့် လက်ရှိ ရုရှားနိုင်ငံတွင် ရုရှား နိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ကလပ်မှာ ၁၀၀ ကျော်ပြီဖြစ်သော်လည်း မူရင်းမြန်မာနိုင်ငံတွင် ကလပ် ပေါင်း ၃၀ ဝန်းကျင်သာရှိသေးကြောင်း သိရသည်။



"ရုရှားနိုင်ငံဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ကို တည်ထောင်ထားသူ မစ္စတာဗလာဒီမာဒင်းနစ်က ကျွန်တော်တို့ ဘာကြောင့် ရိုးရာလက်ဝှေ့အားကစားနည်း



ရုရှားနိုင်ငံလုံးဆိုင်ရာ ရိုးရာလက်ဝှေ့ကလပ်တွင် ကစားသမားများ လေ့ကျင့်နေစဉ်။

ကို စိတ်ဝင်စားတာလဲဆိုရင် အကာအကွယ်မဲ့တိုက်ခိုက် ရတဲ့အားကစားနည်းဖြစ်လို့ပဲ။ ကန့်သတ်ချုပ်ချယ်မှု တွေနည်းတဲ့ အားကစားနည်းလည်းဖြစ်တယ်။ အခုဆိုရင် ဒီမြန်မာနိုင်ငံမှာတော့မသိဘူး ကျွန်တော်တို့ရုရှားမှာ တော့ ရိုးရာလက်ဝှေ့လာသင်တဲ့ နိုင်ငံခြားသားတွေ တစ်နေ့တခြားပိုပိုများလာတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ကဆိုရင် အီတလီနိုင်ငံသား ၁၃၀၀ ကျော်လောက် ကျွန်တော်တို့ ရုရှားနိုင်ငံကို မြန်မာ့ရိုးရာလက်ဝှေ့လာ သင်ကြတယ်"ဟု ရုရှားနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ရိုးရာလက်ဝှေ့အပေါ် စိတ်ဝင်စားလာမှုကို ရှင်းပြ သည်။

ရုရှားတွင် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ချန်ပီယံလုပွဲများ၊ ဒေသဆိုင်ရာ မြန်မာ့ ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပမြဲတောင် မြောက်ပေးလျက်ရှိသည်။ ထို့ကြောင့် မြန်မာ့ရိုးရာ လက်ဝှေ့ကို ယခုအခါ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အင်္ဂလန်နှင့် နယ်သာလန်နိုင်ငံများကလည်း စိတ်ဝင်စားကာ ရုရှားတွင် သွားရောက်သင်ယူနေ ကြပြီဖြစ်သည်။ ထို့ကြောင့် ရုရှားတွင် မြန်မာ့ရိုးရာလက်ဝှေ့ ကလပ်များသည် မြန်မာနိုင်ငံထက် နှစ်ဆကျော် တိုးတက် များပြားလာခြင်းဖြစ်သည်။

"ကျွန်တော်လည်း ကြားတယ်ခင်ဗျ။ ရုရှားနိုင်ငံမှာ မြန်မာ့ရိုးရာလက်ဝှေ့ကလပ်တွေ ဒီထက်မကများတယ်။ ပြိုင်ပွဲတွေ အဆက်မပြတ်ကျင်းပပေးနေတယ်ဆိုတာ။ ကျွန်တော်တို့ဆီက အစပြုတာဆိုပေမယ့် သူတို့က လုပ်ငန်းလုပ်ပြီ၊ ယုံကြည်ပြီဆိုရင် တစ်စိုက်မတ်မတ် လုပ်တတ်ကြတာ။ ဒါကြောင့်လည်း အောင်မြင်တယ်လို့ မြင်တယ်။ ခုသကြံန်ဖိုက်မှာ လာထိုးမယ့် လက်ဝှေ့သမား နှစ်ဦးကလည်း ဝိတ်တန်းအလိုက် ချန်ပီယံတွေ ဖြစ်တယ် လို့ ပြောတယ်။ ပြီးခဲ့တဲ့လက ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ ဒီကသက်ဆိုင်ရာလူကြီး တွေ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ဖွဲ့စည်းဖို့ ဆွေးနွေးကြ တယ်လို့ပြောတယ်။ ဘယ်အတိုင်းအတာထိ အောင်မြင် သွားလဲတော့ မသိဘူး။ မြန်မာနိုင်ငံကိုတောင် ဥက္ကဋ္ဌ ရာထူးခန့်ဖို့ ကမ်းလှမ်းထားတယ်လို့ သိရတယ်။ တကယ် ဖြစ်မြောက်သွားရင်တော့ အခုထက် ကျွန်တော်တို့ မြန်မာ့ ရိုးရာလက်ဝှေ့ကမ္ဘာကိုထိုးဖောက်ပြီး ပိုအောင်မြင်လာ မယ်လို့ ယုံကြည်ပါတယ်"ဟု ရိုးရာလက်ဝှေ့ဝါသနာရှင် ကိုစိုင်းဝဏ္ဏကအသစ်ဖွဲ့စည်းမည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ ချုပ်အပေါ် သုံးသပ်ပြောကြားသည်။

ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ ချုပ်မှ တာဝန်ရှိသူများသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၅ ရက်က မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနမှ တာဝန် ရှိသူများနှင့် မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများကို ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် ဖွဲ့စည်းရန် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။ ကမ္ဘာ့လက်ဝှေ့ အဖွဲ့ချုပ်ဖွဲ့စည်းရာတွင် Myanmar Traditional Boxing အစား မြန်မာတို့၏ မူပိုင်ဖြစ်သော Letwhay စာသားကိုသုံးစွဲသွားမည်ဖြစ်သည်။ အဆိုပါကမ္ဘာ့လက်ဝှေ့ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌရာထူးနေရာကို မြန်မာနိုင်ငံမှ ခန့်အပ်မည်ဖြစ်ပြီး အသစ်ဖွဲ့စည်းမည့် ကမ္ဘာ့ လက်ဝှေ့အဖွဲ့ချုပ်တွင် မြန်မာအပါအဝင် ကမ္ဘာ့အင်အား ကြီးနိုင်ငံများဖြစ်သော အမေရိကန်၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် အင်္ဂလန်နိုင်ငံ စသည့်အင်အားကြီး နိုင်ငံ ၁၉ နိုင်ငံပါဝင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ တို့၏ နှစ်ပေါင်းများစွာ လက်ဆင့်ကမ်းအမွေဖြစ်သော ရိုးရာလက်ဝှေ့သည် ကမ္ဘာ့အလယ်တွင် နိုင်ငံပေါင်းစုံမှ လက်ခံသော ကိုယ်ခံပညာအားကစားနည်းအဖြစ် ပေါ်ထွန်း လာတော့မည်ဖြစ်သည်။

**ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ဖွဲ့စည်းရာတွင် Myanmar Traditional Boxing အစား မြန်မာတို့၏ မူပိုင်ဖြစ်သော Letwhay စာသားကို သုံးစွဲသွားမည်ဖြစ်သည်။ အဆိုပါ ကမ္ဘာ့လက်ဝှေ့ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ရာထူးနေရာကို မြန်မာနိုင်ငံမှ ခန့်အပ်မည်ဖြစ်ပြီး အသစ်ဖွဲ့စည်းမည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်တွင် မြန်မာ အပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် အင်္ဂလန်နိုင်ငံ စသည့်အင်အားကြီးနိုင်ငံ ၁၉ နိုင်ငံ ပါဝင်မည်ဖြစ်**

## ဖားကန့်မြို့ ဆိပ်မူကျေးရွာတွင် ရိုးရာလက်ဝှေ့စိန်ခေါ်ထိုးသတ်မည်

**ဖားကန့် မတ် ၁၉**

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဆရာဒဿစီစဉ်သည့် လက်ဝှေ့ကျော်များစွာ ပါဝင်သည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဖားကန့်မြို့ ဆိပ်မူကျေးရွာ စာသင်ကျောင်းဘောလုံးကွင်း၌ မတ် ၂၁ ရက်နှင့် ၂၂ ရက် ညနေ ၆ နာရီတွင် စိန်ခေါ်ထိုးသတ်မည်ဟု သိရသည်။

တစ်နေ့လျှင် တွဲဆိုင်း ၁၀ ဆိုင်း ပါဝင်မည်ဖြစ်ပြီး မြန်မာပြည် တစ်ဝန်းရှိ လက်ဝှေ့ကျော်များ၊ ဒေသခံလက်ဝှေ့ကျော်များ ပါဝင်မည်ဟု သိရသည်။

ဗထူးမောင်(ရွှေလက်သီး)နှင့်နိုင်ဗို (T&T)၊ မင်းနိုင်ထွန်း(တောင်ကလေး) နှင့် မင်းမင်း(ရွှေသောင်ရင်း)၊ စိုးမောင်ဦး(ရွှေလက်သီး)နှင့် ရွှေဖြူမင်း (ရွှေသောင်ရင်း)၊ ဗျူဟ (ကျားဖြူ)နှင့်ရှမ်းညီ(T&T)၊ အံဘွား(ကောလင်း)နှင့် သိန်းနိုင်ထွန်း(ယူနိုက်တက်)၊ ကျော်စွာဝင်း(ယူနိုက်တက်)နှင့် သားစနေ (စနေသိန်း)၊ 5 K(ကျားဖြူ)နှင့် ငါးမြွေထိုး(ကောလင်း)တို့ တွဲဆိုင်းများ စိန်ခေါ်ထိုးသတ်ကြမည်ဖြစ်ပြီး တခြားနာမည်ကြီးတွဲဆိုင်းများ၊ ဒေသခံများ ပါဝင်ထိုးသတ်ကြမည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ ဦးမော့လာအောင်၊ မတိမ်ကောအောင် လုပ်ဆောင်ပေးနေသည့် မြန်မာနိုင်ငံရိုးရာ လက်ဝှေ့ အဖွဲ့ချုပ်၊ ပွဲစီစဉ်သူများ၊ ရိုးရာချစ်စိတ်ဖြင့်ထိုးနေသည့် အားကစားသမားများ၊ စပွန်ဆာများ၊ ပွဲကြည့်ပရိသတ်များကိုလည်း ကျေးဇူးတင်ကြောင်း၊ ယခုပွဲပြီးလျှင် မြစ်ကြီးနားတွင်လည်း ပွဲတစ်ပွဲထပ်မံကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ကိုဒဿက ပြောသည်။ ရုံဝင်ကြေးမှာ ငွေကျပ်တစ်သောင်းဖြစ်သည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# လူငယ်နှင့် အကျင့်စာရိတ္တ

ချစ်နိုင်(စိတ်ပညာ)

"ရွှေဂုဏ်ငွေဂုဏ်၊ ရာထူးဂုဏ်သည်
လူ့ဘုံလောက၊ အကာမျှတည့်၊
သူကပြုစု၊ မကြည်ဖြူက
ခွာယူလိုက၊ ခွာ၍ရ။
ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက၊ နှစ်သာရတည့်၊
သူကပြုစု၊ မကြည်ဖြူလည်း
ခွာယူမရ၊ ကွာမကျ။ "

ဆရာဇော်ဂျီ(၁၉၀၇-၁၉၉၀)

### တန်ဖိုးမသိကြ

ပြောရလျှင် အပြစ်တင်သည်ဟု အထင်မှားမှာလည်းစိုးပါ၏။ မပြောမပြီး မတီးမမည်ဆိုသည်နှင့်အညီ ဆိုရေးရှိလှ၍ ဆိုရပါတော့မည်။ လူအတော်များများသည် အကျင့်စာရိတ္တ၏တန်ဖိုးကို ကြီးမားကောင်းမွန်းမသိကြပါ။ အချို့ကတော့ လူငယ်များသည် အကျင့်စာရိတ္တ၏အရေးပါမှုကို သိသူနည်းသည်ဟု ပြောလေ့ရှိကြ၏။ လူငယ်များက ဘာမှပြန်မပြောကြသော်လည်း တကယ်စင်စစ် လူကြီးပေါင်းများစွာ များစွာတို့မှာလည်း စာရိတ္တအရေးကြီးကြောင်း နားမလည်သူတွေ များလေစွ။ လုပ်ငန်းဆောင်တာတွေမအောင်မြင်ဘဲဖြစ်နေကြ၏။

### ဘာကြောင့်အောင်မြင်

အောင်မြင်သူတွေရှိပါ၏။

သူတို့ဘာကြောင့် အောင်မြင်သနည်း။

အားပေးထောက်ခံသူတွေ အင်အားများပြားကြသဖြင့်ပင်။

အဘယ်ကြောင့်သူ့အလုပ်ကို ထောက်ခံအားပေးကြပါသနည်း။ သူ့အပေါ်တွင် ယုံကြည်စိတ်ချအားကိုးကြသဖြင့်ပဲ ဖြစ်လေ၏။ ဘာကိုယုံကြည်တာလဲ။

အနှစ်သာရကတော့ ရိုးသားမှု၊ ဖြောင့်မတ်မှု အမှန်တရားကို တန်ဖိုးထားမြတ်နိုးတတ်ခြင်းကို နှစ်သက် သဘောကျကြခြင်းပင်။ လူအများကို စည်းရုံးရ၊ ဦးဆောင်ရ၊ လမ်းညွှန်ရသူမှန်သမျှတွင် မရှိမဖြစ် အခြေခံအရည်အချင်းတစ်ရပ်လိုအပ်၏။ အကျင့်စာရိတ္တရိုးသားဖြောင့်မှန်ခြင်း။

အားမနာတမ်းမေးပါရစေ။ သင့်မှာရှိထားပြီလား။ (ရဲရဲဖြေကြည့်စမ်းပါ)

ခေါ်မအတွေးအခေါ်ပညာရှင်၊ သိပ္ပံပညာရှင် အရစ္စတိုတယ်(၃၈၄-၃၂၂ ဘီစီ) တစ်ခါကပြောဖူး၏။ "အကျင့်စာရိတ္တဆိုတဲ့ အရာကို လူအများအားဆွဲဆောင်စည်းရုံးရာမှာ အထိရောက်ဆုံးသောနည်းလမ်းအပေါင်းရဲ့ ခေါင်ချုပ်လို့ ခေါ်ဆိုနိုင်လောက်ပါတယ်" တဲ့။

### ထောက်ခံစာ

မှန်လေစွ။ နိုင်ငံ့ဝန်ထမ်း ရာထူးတစ်နေရာအတွက် လျှောက်ထားမည်လား။ ထောက်ခံစာပါရမည်။ ဘာထောက်ခံစာလဲ။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကဖြစ်စေ၊ သက်ဆိုင်ရာနယ်မြေအပိုင် ရဲစခန်းမှ စခန်းမှူးထံမှဖြစ်စေ၊ ထောက်ခံချက်စာရွက် အထောက်အထားပူးတွဲလျှောက်ထားရပါလိမ့်မည်။ တောင်းသူဘက်ကို အဆိုးမဆိုလေနှင့်။ ထိုပုဂ္ဂိုလ်နိုင်ငံ့ဝန်ထမ်း နေရာရသွားပြီးလျှင် အကျင့်စာရိတ္တမကောင်းပါကသူသည် ပြည်သူများအတွက် ဝန်ထမ်းမဖြစ်ဘဲ ဝန်ထုပ်ဝန်ပိုးလုပ်လာပါလိမ့်မည်။ ပုဒ်မလေးကို သူကျင့်သုံးလိမ့် မည်။ ပေးမှလုပ်၏။ (ပေးမှလုပ်သော အကျင့်ပျက်နိုင်ငံ့ဝန်ထမ်းများကို ပြည်သူကပုဒ်မလေးသမား တွေဟု ကွယ်ရာမှာပြောတတ်၏)

အကျင့်စာရိတ္တကောင်းခြင်းသည် ထိုသူကို တပြောင်ပြောင်တလက်လက် အရောင်ထွက်စေပါ၏။ အကျင့်စာရိတ္တညံ့ဖျင်းသူကား ရာထူးမည်မျှပင်မြင့်စေကာမူ လူမရိုသေ။ မည်မျှပင်ကြွယ်ဝချမ်းသာစေကာမူ လူမလေးစား။ ဘာအဆောင်အယောင် ဘာအဝတ်အစားဝတ်ထားထား၊ လူအများက နှာခေါင်းရှုံ့နေကြလေသည်။

### ကောင်းသတင်း

သီလဖြူစင်သူ၊ ရိုးသားဖြောင့်မတ်သူ၏ ကောင်းသတင်းဟူသည်ကား အရပ်ဆယ်မျက်နှာသို့ မွှေးကြိုင်သင်းပျံ့နေတတ်၏။ ပန်းရနံ့က လေတင်သို့ မဆန်နိုင်။ လေညာသို့ ရနံ့မရောက်၊ လေအောက်သို့သာ မွှေးနိုင်သော်လည်း စာရိတ္တကောင်းသူ၏ ဂုဏ်သတင်းကား အကြားအလပ်မရှိ အနီးအဝေးအရပ်တိုင်းသို့ရောက်၏။ စာရိတ္တ၏တန်ခိုးကား သတင်းမွှေး၏။

စပိန်ကဗျာဆရာ ဂျော့စန်တာယာနား(၁၈၆၃-၁၉၅၂) ဆိုသူက "စာရိတ္တဆိုတာ ပျော်ရွှင်မှုရဲ့အခြေခံအကြောင်းရင်းဖြစ်တယ်။ ပျော်ရွှင်မှုကတော့ စာရိတ္တရဲ့ ခွင့်ပြုမိန့်ဖြစ်ပေတယ်" ဟု ပြောခဲ့ဖူး၏။ စန်တာယာနားသည် ထင်ရှားသော စပိန်တွေးခေါ်ရှင် ပါမောက္ခတစ်ဦးလည်းဖြစ်ပါသည်။ စာရိတ္တဖြူစင်မှ ပျော်ရွှင်မှုက လွတ်လပ်ပေါ့ပါးမည်။ အသက်ဝင်ပေမည်။ ပျော်ရွှင်မှုဟူသည် စာရိတ္တ၏ ခွင့်ပြုချက်စည်းအတွင်းမှာသာရှိနိုင်၏။ ခိုးဆိုးလုယက်စာရိတ္တပျက်သူတို့၏ သတ်ဖြတ်လုပ်ကြံရသဖြင့် ပေါ်ထွက်လာသော ရယ်မောပျော်ရွှင်မှုဟူသည် ရူးသွပ်မှုသာလျှင် ဖြစ်ကောင်းဖြစ်မည်။ အစစ်အမှန် ပျော်ရွှင်မှုကား မဖြစ်နိုင်ပေ။

### အကဲဖြတ်ကြ

မည်သူမဆို အကျင့်စာရိတ္တ၏ အခြေခံကျမှုကို သတိပြုကြရမည်။ အကျင့်စာရိတ္တ၏ အဓိကကျပုံကို အကျယ်တဝင့် သဘောပေါက်နားလည်သင့်ကြသည်။ အကျင့်စာရိတ္တ၏ အခန်းကဏ္ဍကို ကောင်းစွာသိမြင်ကြရမည်။

"သစ်ပင်တစ်ပင်ကို သူ့အသီးတွေကို ကြည့်ပြီး သစ်ပင်ကောင်းလို့ ကျွန်တော်တို့ သမုတ်ကြတယ်လေ။ လူတစ်ယောက်ကိုလည်း သူ့ရဲ့လုပ်ဆောင်ချက်တွေကို ကြည့်ပြီး ကောင်းတယ် ဆိုးတယ်၊ တော်တယ် ညံ့တယ် အကဲဖြတ်ဆုံးဖြတ်ကြတာပါပဲ" ဟု အမေရိကန်ကဗျာဆရာ ရာ့ဖ်ဝါလ်ဒို အယ်မာဆင်(၁၈၀၃-၁၈၈၂)က ဆိုခဲ့ဖူးပါ၏။ သူကပင် "အကျင့်စာရိတ္တဟာ ဉာဏ်ရည်ဉာဏ်စွမ်းထက်ပိုပြီး မြင့်မားပါတယ်"ဟု သတ်မှတ်ဖော်ပြခဲ့ပါ၏။

တိုင်းပြည်နိုင်ငံကို သစ်ပင်များ၊ ကျောက်ခဲများ၊ မြစ်ချောင်းများ၊ လယ်ယာများနှင့် တည်ဆောက်ခြင်းမဟုတ်။ နိုင်ငံကို ပြည်သူ ပြည်သားများ၏ စာရိတ္တဖြင့် တည်ဆောက်ထားကြခြင်းသာဖြစ်သည်ဟု ရှေးပညာရှိတို့က မိန့်ဆိုခဲ့ကြ၏။

လူငယ်များသည် အနာဂတ်ကို ပိုင်စိုးကြ၏။ အနာဂတ်သည် လူငယ်များအတွက်သာဖြစ်၏။ (မိမိတို့လို အဘိုးအိုတွေက ကြာကြာနေရတော့မည်မှ မဟုတ်တော့ပဲကို)၊ အနာဂတ်ကို ကောင်းမွန်တိုးတက်အောင် လက်ဆင့်ကမ်း ဖန်တီးတည်ဆောက်ကြရမည့် လူငယ်များမှာ အမြင်ရှင်းလင်းသဲကွဲကြရန် အရေးကြီးပေသည်။ လူတစ်ယောက်၏ဘဝမှာ ကောင်းမွန်သော စာရိတ္တကို မိမိဘာသာ ကြိုးစားတည်ဆောက်ယူရမည်။ စာရိတ္တကောင်းတစ်ခုကို ပိုင်ဆိုင်မှ မိမိဘဝသည် သေချာပေါက်လှပမည်။ သာယာမည်။ အောင်မြင်မည်။ ပျော်ရွှင်မည်။ ကောင်းစွာပျိုးထောင်ပြုစုထားခြင်းမရှိသော ညံ့ဖျင်းသည့် စာရိတ္တနှင့်သာဆိုလျှင် ဘဝခရီးတစ်လျှောက် အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ အရာမရောက်ဖြစ်ရပေလိမ့်မည်။

### ရေရှည်ပျိုးထောင်

ကောင်းမွန်သည့် စာရိတ္တကို တစ်ပတ်အတွင်း မတည်ဆောက်နိုင်။ တစ်လအတွင်းလည်း မရရှိနိုင်။ နည်းနည်းချင်း နည်းနည်းချင်း တစ်ရက်ပြီး တစ်ရက်၊ တည်ဆောက်ဖန်တီးယူရခြင်းဖြစ်၏။ လောဘကြီး၍မရ၊ စိတ်လောကြီး၍မဖြစ်။ ကောင်းမွန်သည့် စာရိတ္တဖွံ့ဖြိုးစေဖို့ စိတ်ရှည်သည်းခံပြီး အချိန်ယူပျိုးထောင်ရပါ၏။ အားစိုက်ထုတ်မှုလည်း လိုအပ်၏။

ထိရောက်အောင်မြင်မှုအရှိဆုံးပုဂ္ဂိုလ်များ၏ အလေ့အကျင့် ခုနစ်ချက်ဟူသော ကမ္ဘာကျော်စာတစ်အုပ်ဖြင့် ထင်ရှားကျော်ကြားခဲ့သော စတီဗင်အာကိုဗေး (၁၉၃၂-၂၀၁၂)ဆိုသူ စာရေးဆရာ၊ စီမံခန့်ခွဲမှုကျွမ်းကျင်ပညာရှင်က "ကျွန်တော်တို့တွေရဲ့ စာရိတ္တဆိုတာ အခြေခံအားဖြင့် ကျွန်တော်တို့ရဲ့ အကျင့်တွေအမျိုးမျိုးကို ပေါင်းစပ်ထားတာပဲ" ဟု ရေးသားခဲ့ဖူး၏။

အကျင့်စာရိတ္တသည် လူတစ်ယောက်၏ဘဝကို ကောင်းမွန်အောင်၊ ဆိုးရွားပျက်ယွင်းအောင် လုပ်ဆောင်နိုင်စွမ်းရှိသောအရာဟု ပညာရှင်များက ဆိုလေ့ရှိပေသည်။ ထို့ကြောင့် ဘဝလမ်းကြောင်းကို မတိမ်းမစောင်း လျှောက်လှမ်းကြမည့် လူငယ်များသည် ပညာရှိများ၏ နီတိ၊ အဆုံးအမ၊ ဩဝါဒများကို မြန်မာ့ယဉ်ကျေးမှု ဆိုရိုးစကား၊ စကားပုံစသည်တို့မှလည်း များများဖတ်ရှုလေ့လာပါ။ နိုင်ငံတကာအဆိုအမိန့်၊ ဟောပြောချက်၊ အတ္ထုပ္ပတ္တိ၊ မိန့်ခွန်း၊ သမိုင်းများမှလည်း ရှာဖွေမှတ်သားပါဟု တိုက်တွန်းလိုပါသည်။

အောင်မြင်မှုထိပ်တန်းနေရာသို့ ရောက်ရှိနေကြသူများသည် နောက်မှပေါက်သည့်ရွှေကြာပင်များ မဟုတ်ကြချေ။ နှစ်ရှည်လများနီတိ၊ ကျင့်ဝတ်၊ ဩဝါဒ၊ အဆုံးအမကောင်းများကို အကြိမ်ကြိမ်အဖန်ဖန် နာယူမှတ်သားကာ လိုက်နာကျင့်သုံးပြီး အောင်မြင်လာကြသူများချည်း ဖြစ်ပါ၏။

### ဥပဒေသ

ကံကောင်းကံဆိုး အမျိုးမျိုးသည် မိမိ၏အလုပ်၊ အလေ့အထ၊ အကျင့်၊ စရိုက်၊ စာရိတ္တတို့အပေါ်တွင်သာ မူတည်ကြောင်း ထင်ရှားစွာ သိမြင်ထားသင့်ပေသည်။ ဗြိတိသျှဒဿန စာရေးဆရာဂျိမ်းအာလန်(၁၈၆၄-၁၉၁၂) ကအောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုခဲ့ပါ၏။

"သီးနှံရိတ်သိမ်းမှုရဲ့ ဥပဒေသက သင်စိုက်ပျိုးတာထက် ပိုမိုပြီးရိတ်သိမ်းရတယ်။

လုပ်ဆောင်မှုကို စိုက်ပျိုးပြီးရင် အကျင့်ကိုရိတ်သိမ်းရမယ်။

အကျင့်ကိုစိုက်ပျိုးပြီးရင် စာရိတ္တကို ရိတ်သိမ်းရမယ်။

စာရိတ္တကို စိုက်ပျိုးပြီးရင် ကံကောင်း ကံဆိုး ကံကြမ္မာအမျိုးမျိုးကို ရိတ်သိမ်းရပေလိမ့်မယ်။"

လူငယ်များသည် ကောင်းမွန်သော အကျင့်စာရိတ္တကို ငယ်ရွယ်စဉ်ကပင် ကြိုးစားပမ်းစားပျိုးထောင်မွေးမြူကြရပါလိမ့်မည်။ ဘာမှတော့ ခက်ခက်ခဲခဲမဟုတ်။ နေ့စဉ်လုပ်ဆောင်သောအလုပ်မှာ မိမိအတွက် ကိုယ်ကျိုးထက် သူတစ်ပါးနှင့် လူအများကို ဦးစားပေး စဉ်းစားခြင်း၊ ကောင်းကျိုးပြုလိုခြင်း၊ စိတ်ကောင်းနှလုံးကောင်းရှိသော အတွေးအကြံစိတ်ကူးရှိတတ်ခြင်းတို့သာ လိုပါ၏။

စာရိတ္တကို သန့်စွမ်းအောင် မိမိကိုယ်တိုင်သာလျှင် ပျိုးထောင်ရ၏။ မိဘက လမ်းညွှန်နိုင်ကောင်း လမ်းညွှန်ပါလိမ့်မည်။ ဆရာများက သင်ကြားကောင်းသင်ကြားပါလိမ့်မည်။ အဓိကအကျဆုံးကား မိမိကိုယ်တိုင်က လေးနက်စွာ ခံယူဖို့ပင်။

စာရိတ္တကို စမ်းသပ်လာခြင်းအမျိုးမျိုးရှိတတ်၏။ အမှန်တရားဘက်က ရဲရဲရပ်တည်ရဲရမည်။

"သင့်မြတ်မှန်ကန်တဲ့ နည်းလမ်းဆိုတာ အမြဲတမ်းလူကြိုက်များတဲ့၊ လွယ်ကူတဲ့နည်းလမ်း မဟုတ်ဘူး။ လူထု၊ လူများစုကမကြိုက်ရင်တောင် မှန်ကန်တဲ့ဘက်ကသာ ရပ်တည်ရဲခြင်းမျိုးဟာ ကိုယ်ကျင့်စာရိတ္တကို စမ်းသပ်တဲ့ မှန်ကန်သောစစ်ဆေးချက်တစ်ရပ်ပဲ" ဟု အမေရိကန်အထက်လွှတ်တော်အမတ် မာဂရက်ချေ့စ်စမစ်(၁၈၉၇-၁၉၉၅)က ပြောဆိုခဲ့ဖူး၏။

လူတစ်ယောက်၏အလုပ်ထဲမှာ စာရိတ္တပါရမည်။

အသက် ၃၀ နားရောက်လာလျှင် ခိုင်မာတည်တံ့သော စာရိတ္တကောင်းတစ်ခုကို ပိုင်ဆိုင်ပြီးသားဖြစ်နေသင့်သည်ဟု အမေရိကန်စိတ်ပညာပါမောက္ခဝီလျှမ်ဂျိမ်း (၁၈၄၂-၁၉၁၀)က မိန့်ဆိုခဲ့ပါသည်။

### လူမိုက်စရိုက်

"သူတစ်ပါးကိုအလွယ်တကူအပြစ်တင်၊ ဝေဖန်၊ ပုတ်ခတ်၊ ရှုတ်ချ၊ လှောင်ပြောင် စသောအလုပ်မျိုးတို့သည် နားလည်စာနာတတ်ခြင်းနှင့် ခွင့်လွှတ်တတ်ခြင်းတို့ကင်းမဲ့သည့်(နိမ့်ကျသော)စာရိတ္တ၏ လက္ခဏာရပ်ပင်ဖြစ်ပေ၏။ ဘယ်လူမိုက်မဆို လုပ်နိုင်ကြ၏။ အမေရိကန်လူငယ်ပေါင်းများစွာကို သန်းကြွယ်သူဌေးများဖြစ်လာအောင် ဦးဆောင်ရေးသား ဟောပြောသွားခဲ့သူ ဒေးလ်ကာနက်ဂျီ(၁၈၈၈-၁၉၅၅)ကအထက်ပါအတိုင်းရေးသားခဲ့ဖူး၏။ မိမိကိုယ်ကိုယ် စိတ်နောက်ကိုယ်ပါမဖြစ်မိစေရအောင် ထိန်းချုပ်နိုင်မှုကို မွေးမြူလေ့ကျင့်ယူပါဟုသူက တိုက်တွန်းအကြံပေးလေ့ရှိပါသည်။

အော်ရီဆင်ဆွဲမာဒင်(၁၈၄၈-၁၉၂၄)ဆိုသော အမေရိကန်စာရေးဆရာက ရေးဖူးပါသည်။ "စာရိတ္တဆိုတာ လူသားအားလုံးနဲ့ သူတို့ရဲ့ လုပ်ဆောင်မှုအားလုံးတို့ရဲ့ စစ်မှန်တဲ့တန်ဖိုးကို ဆုံးဖြတ်ပေးတဲ့ ပြင်လို့မရတဲ့ အမှတ်အသားပါပဲ" တဲ့။

### ဆင်းရဲရာမှ ချမ်းသာလာသူ

စာရိတ္တဟူသည် စစ်မှန်သောတန်ဖိုးကို ဆုံးဖြတ်ပေးသည့်အရာဆိုပါကလား။ အော်ရီဆင်ဆွဲမာဒင်သည် သာမန်ဆင်းရဲသားလေးဘဝမှ ဟိုတယ်ပေါင်းများစွာပိုင်ဆိုင်သည့် သူဌေးသူကြွယ်ကြီးတစ်ဦးဖြစ်လာခဲ့သူဖြစ်၏။ စိတ်အားမြှင့်တင်ရေး ကမ္ဘာကျော်စာအုပ်များစွာကို ရေးသားသွားခဲ့သည့် စာရေးဆရာလည်းဖြစ်၏။ သူ့ဘဝကို ပြောင်းလဲတိုးတက်အောင် တွန်းပို့ပေးလိုက်ခဲ့သည်ကား ဆင်မြူယယ်လ်စမိုင်း၏ စာအုပ်တစ်အုပ်ဟုသူက ရေးသားဖူးပါ၏။

စာသင်သား ဦးပဥ္စင်းငယ်ဘဝက အော်ရီဆင်ဆွဲမာဒင်ရေးသော "Pushing To The Frunt" ဆိုသော ဗုဒ္ဓတက္ကသိုလ် ပြဋ္ဌာန်းချက်စာအုပ်ကို အလွတ်ကျက်ရင်း လေးနက်စွာသဘောပေါက်လာပြီး ဤဘဝကိုရောက်လာရသည်ဟု သီတဂူဆရာတော် အရှင်ဉာဏိဿရက ထုတ်ဖော်ရေးသားဖူးပါ၏။ သီတဂူဗုဒ္ဓတက္ကသိုလ်မှ ထိုစာအုပ်ကို အမျိုးသားစာပေဆုရ ဆရာဘိုးလှိုင်(ပါမောက္ခ ဒေါက်တာတင်လှိုင်)အား ဘာသာပြန်စေပြီး ထုတ်ဝေခဲ့ပါသည်။

အကျင့်စာရိတ္တ၏ အဓိကကျပုံ၊ အရေးကြီးပုံများသည် ရေး၍မကုန်နိုင်အောင် များပြားကျယ်ဝန်းလှပါသည်။ ဤဆောင်းပါးမျှနှင့် မခြုံငုံမိနိုင်ပါ။ သို့ရာတွင် "အပ်ဖျား ရေစက်၊ အနက်ပင်လယ်" ဟူသော စကားကဲ့သို့ ဆက်လက်လေ့လာကာ ရှာဖွေမှတ်သားသိမြင်သွားသည်နှင့်အမျှ လက်တွေ့ဘဝအတွက် အဖိုးအနဂ္ဃထိုက်တန်သော ကောင်းကျိုးတို့ကို ရစေမည်ကား မလွဲဧကန်အမှန်ပင်ဖြစ်ပါသည်။ စာရိတ္တကောင်းအောင် မိမိကိုယ်ကိုယ် ကောင်းစွာလေ့ကျင့်ပျိုးထောင်နိုင်ကြပါစေ။ ။

● လူငယ်များသည် ကောင်းမွန်သော အကျင့်စာရိတ္တကို ငယ်ရွယ်စဉ်ကပင် ကြိုးစားပမ်းစား ပျိုးထောင်မွေးမြူကြရပါလိမ့်မည်။ ဘာမှတော့ ခက်ခက်ခဲခဲ မဟုတ်။ နေ့စဉ်လုပ်ဆောင်သောအလုပ်မှာ မိမိအတွက် ကိုယ်ကျိုးထက် သူတစ်ပါးနှင့် လူအများကို ဦးစားပေး စဉ်းစားခြင်း၊ ကောင်းကျိုးပြုလိုခြင်း၊ စိတ်ကောင်းနှလုံးကောင်းရှိသော အတွေးအကြံစိတ်ကူးရှိတတ်ခြင်းတို့သာလို

# လွန်ကဲပြင်းထန်လာနေသည့် မိုးလေဝသတစ်စိတ်တစ်ဒေသ

ဘာရှိန် (မြန်မာ့နှစ်ရှည်ပင်)

*ကမ္ဘာတစ်ဝန်း လူတိုင်း၊ အချိန်တိုင်း မိုးလေဝသကိုစိတ်ဝင်စားလာကြသည်။ သတိထားလာကြသည်။ ဂရုစိုက်လာကြသည်။ အိပ်ရာထ၊ ရုံးသွား၊ အလုပ်သွား၊ အလုပ်အားလပ်ရက် ဘုရားဖူးသွား၊ ပျော်ပွဲစားလည်ပတ်သွားတိုင်း သွားတိုင်း မသွားမီ ဒီနေ့တော့ချမ်းမယ်၊ အေးမယ်၊ လေတိုက်မယ်၊ မိုးရွာမယ် သို့မဟုတ် ပူပြင်းမယ်လို့ မိုးလေဝသကိုခန့်မှန်းသတိထား အလေးမူလာနေရပြီး အနွေးထည်ဝတ်ရမယ် သို့မဟုတ် အင်္ကျီပါးစပို့စ်ရှပ်လေး ဝတ်သွားရမယ်။ ထီးယူသွားရမယ်။ မိုးကာယူသွားရမယ်လို့ မိုးလေဝသ ရာသီဥတုကိုဂရုပြုအလေးထား အလေ့အထပြုတတ်နေကြပါပြီ။ မိုးလေဝသခန့်မှန်းချက်ကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများမှ အမြဲနားစွင့်အလေ့အထပြုလုပ် တတ်နေကြပါပြီ။*

ကမ္ဘာ့မြေထု၊ ရေထုအပေါ်ယံလွှာ လေထု၏ ဖြစ်ပေါ်ပြောင်းလဲမှုအရ မိုးလေဝသအခြေအနေမှာလည်း တစ်နေ့တခြားပြောင်းလဲလာနေသည်။ လေထုအလွှာ လွန်ကဲပြင်းထန်လာနေသည်ဟု သတိထားလာကြသည်။ မိုးလေဝသ လွန်ကဲပြင်းထန်လာမှုများကို ကမ္ဘာ့လူသားများ အကြိမ်ကြိမ်တွေ့ကြုံခံစားနေရပြီဖြစ်သည်။ အတိဒုက္ခလည်း အကြိမ်ကြိမ်တွေ့ကြုံနေရသည်။ သဘာဝဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှုလည်း များသည်။ တိုးတက်မှုနှင့်ဆုတ်ယုတ်မှုသည် အမြဲဆန့်ကျင့်ဘက် ဒွန်တွဲနေကြသည်။ သဘာဝဖြစ်စဉ်ပင်ဖြစ်သည်။

**ပြင်းထန်လာသည့် မုန်တိုင်းများ**

မုန်တိုင်းများသည် သာမန်မိုးလေဝသအဖြစ်အပျက်များ မဟုတ်ပါ။ သာမန်ထက်ကျော်လွန်၍ အလွန်ခက်ထန်ကြမ်းတမ်းသော မိုးလေဝသ ဖြစ်စဉ်များဖြစ်သည်။ ရုတ်တရက်ဖြစ်ပွားလေ့ရှိသည်။ လွန်ကဲပြင်းထန်သည်။ မုန်တိုင်းသည် ကောင်းကင်ယံအတွင်း အလွန်ကြီးမားကျယ်ပြန့်သော တိမ်တိုက်ကြီးအသွင်ဆောင်၍ တိမ်တိုက်ကြီးသည် တစ်မိုင်မှ ခြောက်မိုင်ကြားကျယ်ပြန့်ပြီး ၁၂ မိုင်ခန့် အမြင့်ပုံသဏ္ဍာန်ရှိသည်။ တိမ်တိုက်အတွင်းမှ အလွန်အင်အားပြင်းထန်သော လေပွေလေလှိုင်းများ ထွက်ပေါ်လာသည်။ မုန်တိုင်းများနှင့်အတူ အလွန်ပြင်းထန်သော မိုးရွာသွန်းမှု ဖြစ်လာသည်။ တစ်ခါတစ်ရံ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းများ အကြိမ်ကြိမ်ဖြစ်လေ့ ရှိသည်။ ကြောက်စရာကောင်း၍ ပြင်းထန်သော လေပွေလှိုင်းကြီး သို့မဟုတ် လေပွေလှိုင်းနှင့်အတူ ရေလုံးကြီးများ ပါလာပြီး မြို့ရွာအိုးအိမ်များကို ဖျက်ဆီးပစ်လေ့ရှိသည်။ မုန်တိုင်းတိုက်ခတ်လာလျှင် မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ပင်လယ်လေပွေလှိုင်းထခြင်း၊ ပင်လယ်ရေလုံးကြီးများ ပါလာမြဲဖြစ်သည်။ သာမာန်အားဖြင့် မုန်တိုင်းများသည် တစ်နာရီ၊ နှစ်နာရီခန့်သာကြာမြင့်လေ့ရှိသော်လည်း ပြင်းထန်ကြောက်စရာကောင်းပြီး လွန်ကဲ၍ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးတတ်သော မုန်တိုင်းများမှာ အချိန်ကြာမြင့်စွာ တိုက်ခတ်မွှေနှောက်တတ်ကြသည်။

မုန်တိုင်းစတင်ဖြစ်ပွားခြင်းသည် ကွဲပြားခြားနားမှုရှိသော လေပူများကြောင့်ဖြစ်သည်ဟု သိရသည်။ ထူးခြားသော နွေရာသီတွင်ဖြစ်ပွားသော မိုးကြိုးနှင့် လျှပ်စစ်ပါသည့်မုန်တိုင်းသည် ဒေသတစ်ခု၏ မြေပြင်အပူချိန် မြင့်မားလာပြီး ပတ်ဝန်းကျင်လေကို အလွန်ပူပြင်းခြောက်သွေ့သည့် မိုးလေဝသဖြစ်လာသဖြင့် မုန်တိုင်းအသွင်ဆောင်ရခြင်းဖြစ်သည်။ ဥပမာ-မြန်မာ

**လေပူပြင်းလာ၍ အပေါ်ကို လျင်မြန်စွာတက်ရောက်ပြီး လေများ ဝိရောဓိရှုပ်ထွေး ပြင်းထန်လာသည်။ လေပူသည် အေးလာ၍ အရည်ပုံသဏ္ဍာန်ပြောင်းလဲသွားပြန်ကာ ရေငွေ့များပါသော တိမ်တိုက်များအသွင် သဏ္ဍာန်ထပ်မံဖြစ်လာပြီး မိုးကြိုးမုန်တိုင်းများ ဖြစ်လာကြပြန်**

နိုင်ငံတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး ပွင့်လင်းရာသီ၌ အကြိမ်ကြိမ် ဖြစ်ပွားလေ့ရှိသော မိုးကြိုးမုန်းတိုင်းများ၊ အလွန်ပူပြင်းသော မျက်နှာပြင်ရှိသည်။ လေပူပြင်းလာ၍ အပေါ်ကို လျင်မြန်စွာတက်ရောက်ပြီး လေများ ဝိရောဓိရှုပ်ထွေး ပြင်းထန်လာသည်။ လေပူသည် အေးလာ၍ အရည်ပုံသဏ္ဍာန်ပြောင်းလဲသွားပြန်ကာ ရေငွေ့များပါသောတိမ်တိုက်များအသွင် သဏ္ဍာန်ထပ်မံဖြစ်လာပြီး မိုးကြိုးမုန်တိုင်းများ ဖြစ်လာကြပြန်သည်။ တိမ်တိုက်ကြီးအတွင်း အနုတ်၊ အပေါင်း လက္ခဏာဆောင်သော လျှပ်စစ်လှိုင်းများ ထုတ်သဖြင့် မိုးကြိုးမုန်တိုင်းများ မကြာခဏဖြစ်ပွားနေမှုသည် ပတ်ဝန်းကျင်ဒေသပူနွေးခြောက်သွေ့မှု၏ အကျိုးဆက်ပင်ဖြစ်သည်။ ပူပြင်းခြောက်သွေ့မှုသည် မိုးလေဝသကိုလွန်ကဲပြင်းထန်စေသည်။ မုန်တိုင်းများ အကြိမ်ကြိမ် ဖြစ်စေသည်။ တည်ငြိမ်အေးချမ်းမှု နည်းလာသည်။ မိုးလေဝသပြောင်းလဲမှုပင်ဖြစ်သည်။

**ကြောက်စရာကောင်းသည့် လျှပ်စီးလက်ခြင်း**

လျှပ်စီးလက်ခြင်းသည် တစ်နည်းပြောရလျှင် ထူးခြားသော အပူလှိုင်းစီးကြောင်း တစ်မျိုးဖြစ်သည်။ နေ၏မျက်နှာပြင်ထက် ပိုမိုပူသည်ဟုသိရသည်။ လျှပ်စီးလက်ခြင်းသည် အချိန်အားဖြင့် ၀ ဒသမ ၂ စက္ကန့်ခန့်ရှိပြီး အင်အားအလွန်ပြင်းထန်သော အပူကိုထုတ်၍ အပင်များအတွင်းရှိရေများကို ပူနွေးပေါက်ကွဲစေသည်အထိ ပြင်းအားရှိသည်။ လျှပ်စီးလက်ပြီး မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း နောက်ဆက်တွဲဖြစ်သည်။

လျှပ်စီးလက်ခြင်းနှင့်အတူ ကျယ်လောင်သော မိုးခြိမ်းသံ၊ မိုးကြိုးသံနှင့် မိုးကြိုးပစ်ခြင်းတို့သည် မုန်တိုင်းများနှင့်အတူ ပါလာသည်ကို ထင်ရှားစွာတွေ့ရသည်။ မြင်ရသည်။ ကြားရသည်။ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းဖြစ်ပေါ်လာခြင်းမှာ လေထုအတွင်း အလွန်သေးငယ်သော တိမ်အပိုင်းအစ ကလေးများသည် လျှပ်စစ်စီးကြောင်းအဖြစ် တိုးမြင့်ပြောင်းလဲလာ၍ အလွန်ကြီးမားသော လျှပ်စစ်စီးကြောင်းဖြစ်ပေါ်လာပြီး လျှပ်စစ်စီးဝင်နေသော အလွန်သေးငယ်သော တိမ်အပိုင်းအစကလေးများသည် ကွဲထွက်သွားပြန်သည်။ တိမ်အပေါ်ပိုင်းတွင် လျှပ်စစ်အပေါင်းလက္ခဏာ သေးငယ်သောအပိုင်းအစများတည်ရှိ၍ တိမ်၏အောက်ခြေတွင် လျှပ်စစ်အနုတ်လက္ခဏာအပိုင်းအစများ တည်ရှိနေသည်။ မြေလွှာအနီးအောက်အနိမ့်ပိုင်းတွင် မုန်တိုင်းဖြစ်လာသည့်အခါ မုန်တိုင်းသည် လျှပ်စစ်အပေါင်းလက္ခဏာများနှင့် ထိတွေ့ပေါင်းစပ်ကာ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း ဖြစ်ပေါ်လာသည်။ တစ်နည်းပြောရလျှင် တိမ်ထုမှ အားနည်းသော အနုတ်စပါက်မီးပွားများကျဆင်းလာမှုနှင့် မြေလွှာအနီး အပေါင်းစပါက်(ခေါ်)မီးပွားများ ထိတွေ့ပြီး လျှပ်စစ်လက်ခြင်းဖြစ်သည်။ တိမ်လွှာနှင့် မြေလွှာကြား လျှပ်စစ်စီးကြောင်းများ ဖြစ်သော အပေါင်းလက္ခဏာအမှုန်ငယ်များနှင့် အနုတ်လက္ခဏာအမှုန် ငယ်များ ထိတွေ့မှုပင်ဖြစ်သည်။ ယင်းကို Main Discharge ဟု ခေါ်သည်။ ယင်း လျှပ်စီးကြောင်းဖြစ်ပေါ်သည့် ဆက်သွယ်သောလမ်းကြောင်း၏ လေသည် အပူချိန် ၅၄၀၀၀ ဒီဂရီဖာရင်ဟိုက်နှင့် လျှပ်စစ်ထုတ်လုပ်မှု Electrical Discharge သည် ဗို့(Volt) သန်းပေါင်း ၁ ဒသမ ၅ သန်း အပူစွမ်းအားကိုပြောင်းလဲသွားပါသည်။ လျှပ်စစ်ပြင်းအားအလွန်ကြီးသည်။

အပူလှိုင်းမှတစ်ဆင့်ဖြစ်ပေါ်လာသော လျှပ်စီးလက်ခြင်းသည် အလွန်ကြောက်စရာကောင်းသော အပူစွမ်းအားဖြစ်ပါသည်။ ခြောက်သွေ့သောဒဏ်၏ အကျိုးဆက်ပင်ဖြစ်သည်။ လျှပ်စီးလက်ခြင်း အမျိုးအစား ခြောက်မျိုး ရှိပြီး တစ်ခုစီတွင် အရောင်နှင့် ဂုဏ်အင်္ဂါလက္ခဏာများ ပါဝင်သည်။ လျှပ်စီးလက်ခြင်းအမျိုးအစားများအနက် ခက်ရင်းခွ (Fork) နှင့် အပြားလိုက် (Sheet) လျှပ်စီးလက်ခြင်းကို မကြာခဏတွေ့ကြရသည်။ လျှပ်စီးလက်မှုသည် ကောင်းကင်နှင့် မြေပြင်ထိစပ် နေရာတွင် လျှပ်စီးလက်ပါက အပြားလိုက် လျှပ်စီးလက်ခြင်းကိုတွေ့ရပြီး ခက်ရင်းခွလျှပ်စီးလက်ခြင်းကို တိမ်တိုက်အတွင်း လျှပ်စီးလက်ချိန်တွင် တွေ့ရသည်။ အပြားလိုက် လျှပ်စီးလက်ခြင်း အမျိုးအစားသည် သာမန်မကြာခဏတွေ့ရသည်။ ခက်ရင်းခွလျှပ်စီးလက်ခြင်းကို တိမ်တိုက်များ မြေပြင်အတွင်း မြေပြင်မှ တိမ်တိုက်အတွင်း၊ တိမ်တိုက်မှ တိမ်တိုက်များအသီးသီးသို့ လျှပ်စီးလက်ချိန်တွင် တွေ့မြင်နိုင်သည်။ ပထမ လျှပ်စီးလက်သည့်အခါ လျှပ်စီးကြောင်းသည် အောက်သို့ မြွေလိမ်မြွေကောက်လမ်းကြောင်းအဖြစ်သို့ ဆင်းသွားသည်။ တိမ်တိုက်နှင့် မြေပြင်အကြား လျှပ်စစ်ဆယ်ရ်ကစ် (Circuit) အပြည့်ပြုလုပ်ပြီးမှ အင်အားကြီးမားသော လျှပ်စီးလမ်းကြောင်းကို ခွဲထုတ်ဖန်တီးပါသည်။ ယင်းလျှပ်စီးလက်ခြင်းသည် ကြောက်စရာကောင်းပြီး အဆောက်အအုံများကို ဖျက်ဆီး၍ လူသားများ၏အသက်ကိုပါ ဆုံးရှုံးပျောက်ကွယ်စေသော အမျိုးအစားဖြစ်သည်။

**ပြင်းအားကြီးသော မိုးခြိမ်းသံနှင့်မိုးကြိုးများ**

မိုးခြိမ်းသံနှင့် မိုးကြိုးပစ်ခြင်းသည် ပြင်းအားကြီး၍ ကြောက်စရာကောင်း သဖြင့် 'သိကြားလက်နက်' အဖြစ် တင်စားခေါ်ဝေါ်ကြသည်။ မိုးခြိမ်းသံ၊ မိုးကြိုးပစ်ခြင်းသည် ပူပြင်းခြောက်သွေ့မှုကြောင့်ဖြစ်လာရသည်။ ပူပြင်းသောလေသည် လျင်မြန်စွာအသံလှိုင်းများဖြစ်လာကြပြီး ကျယ်လောင်သောမိုးခြိမ်းသံဖြစ်လာသည်။ အသံလှိုင်း၏ လျင်မြန်မှုသည် အလင်းရောင် လျင်မြန်မှုထက် အနည်းငယ်ကြာသဖြင့် လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းသံကြား စက္ကန့်အနည်းငယ်ကွာခြားမှုရှိသည်။



လျှပ်စီးလက်ခြင်းသည် နှစ်ကြိမ်ဘယ်တော့မှမဖြစ်ဟု ပြောဆိုနေမှုသည် မှန်ကန်မှုမရှိပါ။ အယူသီးခြင်းသာဖြစ်သည်။ ဥပမာ-နယူးယောက်မြို့ရှိ Empire State အဆောက်အအုံသည် တစ်နှစ်အတွင်း လျှပ်စီးလက်ခြင်း အကြိမ် ၁၀၀ ခန့် ခံရသည်။ ၁၅ မိနစ်အတွင်း ၁၅ ကြိမ်ခံရသဖြင့် အလွန်နာမည်ကြီးသွားခဲ့သည်။ သဘာဝတရားသည် အလွန်ခက်ထန်သည်။ ခန့်မှန်းရခက်သည်။

**ခြောက်သွေ့ခြင်း သို့မဟုတ် မိုးခေါင်ခြင်း**

ခြောက်သွေ့လာခြင်း သို့မဟုတ် မိုးခေါင်လာခြင်းသည် မိုးလေဝသအခြေအနေကို လွန်ကဲစေခြင်း၊ ပြင်းထန်စေခြင်း၊ ပြောင်းလဲစေခြင်းများကို ဖန်တီးဖြစ်ပေါ်စေသည်။

ခြောက်သွေ့ခြင်း သို့မဟုတ် မိုးခေါင်ခြင်းကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ သာမန်အခြေအနေထက် မိုးနည်းလာခြင်း၊ အပူချိန်မြင့်တက်လာခြင်းပင်ဖြစ်သည်။ ခြောက်သွေ့ပူပြင်းလာသဖြင့် တောမီးများ အကြိမ်ကြိမ်ဝင်ရောက် လောင်ကျွမ်းခြင်းကို ဖြစ်စေ၍ သဘာဝသစ်တောများ ပျက်စီးဆုံးရှုံးရပြန်ပါသည်။ သဘာဝပတ်ဝန်းကျင်သည် လွင်တီးခေါင် သဲကန္တာရဆန်ဆန်ဖြစ်လာ၍ ကျေးရွာ၊ မြို့ရွာများပျောက်ပျက်ကုန်သည်။ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းလာသဖြင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအားလုံး ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရပါသည်။ ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးခြင်းကြောင့် ကာလကြာစွာ မိုးခေါင်ခြောက်သွေ့သဖြင့် မြစ်ချောင်းအင်းအိုင်များအတွင်း အနည်းငယ်သော ရေများပင်လယ်အတွင်း စီးဝင်ပျောက်ကွယ်ကုန်ခြင်း၊ ရေငွေ့ပျံ၍ ခန်းခြောက်သွားခြင်းများ ဖြစ်လာ၍ သစ်ပင် တောတောင်များ ပျောက်ကွယ်ကုန်သဖြင့် မြို့ရွာများ သည်လည်း မြို့ရွာများနှင့် မတူတော့ဘဲ သရဲတစ္ဆေ မြို့များ (Ghost Towns) အသွင်ဖြစ်သွားသည်။ ကြောက်စရာကောင်းသည်။ သဘာဝမိုးလေဝသ လွန်ကဲပြင်းထန်ခြင်းကြောင့်ပင် ဖြစ်သည်။

**တောမီးများလောင်ကျွမ်းခြင်း**

သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှ တောမီးများလောင်ကျွမ်းခြင်းကို အကြိမ်ကြိမ်ကြားသိ၊ မြင်သိနေရပါသည်။ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယား၊ ဩစတြေးလျ၊ အင်ဒိုနီးရှားနိုင်ငံများတွင် အကြိမ်ကြိမ် တောမီးလောင်ကျွမ်းသဖြင့် အသက်အိုးအိမ်ဆုံးရှုံးသည့်အပြင် အဖိုးတန်သဘာဝသစ်တောများလည်း ဆုံးရှုံးရသည်။ ဂေဟစနစ်လည်း ပျက်စီးသွားပါသည်။ တောမီးလောင်ကျွမ်းခြင်းများသည် ခြောက်သွေ့ခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် လျှပ်စီးလက်ခြင်းများနှင့် ဆက်စပ်လျက်ရှိသည်။ သဘာဝတရားအပြင် လူသားများပယောဂလည်းမကင်းပါ။ မဆင်မခြင် တောခုတ်ခြင်း၊ သစ်ထုတ်ခြင်း၊ သီးနှံစိုက်ပျိုးရန် မီးရှို့ခြင်း၊ မီးပေါ့ဆခြင်းများကြောင့်လည်း ဖြစ်ရပါသည်။

အများအားဖြင့် တောမီးသည်ခြောက်သွေ့ချိန် လောင်ကျွမ်းလေ့ရှိသည်။ တောမီးကို မီးတောက်မီးလျှံကြီးများဖြစ်အောင် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်းများက ပို့ဆောင်ပေးလေ့ရှိသည်။ တောမီးမကြာခဏ လောင်ကျွမ်းနေခြင်းသည်လည်း ခြောက်သွေ့သည့်ဒဏ်၊ မိုးခေါင်သည့်ဒဏ်လွန်ကဲသော မိုးလေဝသအကျိုးဆက်များပင် ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ဒေသအလိုက် အနည်းနှင့်အများ ဂေဟစနစ်များ ပျက်ယွင်းလာသဖြင့် မိုးလေဝသရာသီဥတုများသည် လွန်ကဲခြင်း၊ ပြင်းထန်ခြင်း၊ ကြမ်းတမ်းလာခြင်းကို လူသားများခံစားနေရပြီဖြစ်သည်။ စိန်ခေါ်ရင်ဆိုင်နေရပြီဖြစ်သည်။ တစ်ဖက်တွင်လည်း ၂၁ ရာစုနှစ်ခေတ် ဘာသာရပ်တိုင်း နည်းပညာများထွန်းကား၍ အံ့မခန်းတိုးတက်လျက်ရှိရာ မိုးလေဝသ ရာသီဥတုဆိုင်ရာ နည်းပညာရပ်များ၊ ပစ္စည်းကိရိယာများလည်း တိုးတက်နေသဖြင့် ခေတ်မီမိုးလေဝသခန့်မှန်းချက်များသည် အလွန်မှန်ကန်တိကျမှုရှိလာပါသည်။ မိုးလေဝသအခြေအနေအရပ်ရပ်ကို သိနားလည် ထားခြင်းအားဖြင့် လွန်ကဲပြင်းထန်လာနေသော မိုးလေဝသအကြောင်းအကျိုးကို ဆင်ခြင်တွေးတောနိုင်ပြီး ကြိုတင်ပြင်ဆင်ထားနိုင်ရေးအတွက်ရည်ရွယ်၍ ရေးသားဖော်ပြလိုက်ပါသည်။




| သက်တမ်း | DATA ပမာဏ | ဈေးနှုန်း | အင်တာနက် နှုန်းထား | ဝယ်ယူရန် | |
|---|---|---|---|---|---|
| | | | | USSD Code ဖြင့် | SMS ဖြင့် |
| (၁)ည | 250 MB | ၃၀၀ကျပ် | ၁ကျပ် ပြား ၂၀/MB | *237*1# | 1N to 1332 |
| (၇)ည | 1 GB | ၁၀၀၀ကျပ် | ၁ ကျပ်/MB | *237*2# | 7N to 1332 |
| ညပေါင်း(၃၀) | 4 GB | ၃၂၀၀ကျပ် | ပြား ၈၀/MB | *237*3# | 30N to 1332 |

(၃၁–၃–၂၀၁၆)အထိ ရယူနိုင်ပါသည်။

ညစဉ် ည(၁၁) နာရီမှ နံနက်(၇)နာရီအတွင်း အသုံးပြုနိုင်ပါသည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- Promotion ကာလအတွင်း ညစဉ် ည (၁၁)နာရီ မှ နံနက် (၇)နာရီ အထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အသုံးပြုရန်သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အင်တာနက်သုံးစွဲခများကို "Dataများနဲ့ည Package"မှသာ ကောက်ယူသွားမည်ဖြစ်ပါသည်။
- ဝယ်ယူထားသောPackageမှအင်တာနက်သုံးစွဲခများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ် ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက

http://www.mpt.com.mm https://facebook.com/mptofficialpage MPT OFFICIALသို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

CALL CENTER 106 (၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ရွှေရတုမွေးနေ့ရှင် ဒေါက်တာအောင်ကျော်ဝင်း၏ မွေးနေ့ဆုတောင်း

ဘဝတို့တို၊ အလှစျိုဖို့၊ လိုသည့်နေရာ၊ လျှူဒါန်းပါ
မပြည့်နေရာ ပြည့်ပေးပါ၊ မရှိတဲ့သူငိုင်းကူပါ၊ အဲဒါ---မင်္ဂလာ

သမ္မာအာဇီဝ၊ မျှတဖွေရှာ၊ လိုအပ်ရာသုံး၊
အပိုမပြုန်းဘဲ၊ အားလုံးဝေမျှ၊ လျှူဒါန်းပါ၊ ရကြပါစေ များသူငါ၊ အဲဒါ----မင်္ဂလာ

လျှူဒါန်းဝေမျှ၊ ရသည့်ကုသိုလ်၊ အထိုထိုသာ၊
သံသရာသို့ပါသွားမှာ၊ မြင့်မိုရ်ထက်ကရတနာ၊ အမြင့်မြတ်ဆုံးသောမင်္ဂလာ

မွေးနေ့ချိန်ခါ၊ မင်္ဂလာဦ၊ ပကာသန၊ ဘာမျှမစွတ်၊
သက်သက်စေတနာ၊ ပေးဝေပါ၏၊ သာသနာနှင့်၊ လူမှုရေးရာ၊ အပြာပြာတို့
ရောင်ဝါထွန်းလက်၊ အလင်းဆက်၍၊ ဆက်လက်ဝေဖြာ၊ အစဉ်သာလန်း၊'မင်္ဂလာပန်း'တို့၊
ကမ္ဘာတစ်ဝန်းလုံးမွေးစေကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးအေးစေကြောင်း၊
မွေးနေ့မင်္ဂလာ ကျွန့်ဆုတောင်း အားလုံးရကြပါစေကြောင်း။

ရတနာချစ်သူမိဘပြည်သူများ မကြာမီကျရောက်မည့် နှစ်သစ်မင်္ဂလာမှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး
လိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း+ ဒေါက်တာသက်သက်ခိုင်
သမီး သက်ရတနာကျော်ဝင်း
နိုင်ငံတကာအဆင့်မီရွှေနန်းတော် စိန်ရွှေရတနာဆိုင်၊ Forever Gems By ရွှေနန်းတော်၊
Jewel Collection Manufacturing Co.,Ltd. United GP Development Co.,Ltd @ 68 Residence

## တစ်နှစ်ပြည့်မွေးနေ့ဆုတောင်း

မတ် ၂၀ ရက်တွင်ကျရောက်သော ချစ်သားငယ် သီဟစျာန်(ခ) ချိန်ရှင်းဟော် မွေးနေ့မှစ၍ နှစ်ပေါင်းတစ်ရာတိုင်အောင် ကျန်းမာပျော်ရွှင်ပြီး သာသနာအကျိုး၊ နိုင်ငံအကျိုးကို ထမ်းဆောင်နိုင်သော သားလိမ္မာလေးဖြစ်ပါစေ။

**မန္တလေးမြို့နေ** ကုန်းကုန်း- ဦးအောင်ဖေမြင့် (ခ) ဦးဝီလျှံ (ခ) ချိန်ယူယောက်
နိုင်းနိုင်း-ဒေါ်ချိုချို

**မော်လမြိုင်မြို့နေ** ဘိုးဘိုး - ဦးငွေမောင်-ဘွားဘွား-ဒေါ်မေသန်းကြည်
ပါးပါး - ဦးထွန်းအောင်ကျော် (ခ) ချိန်ယူဖူး
မားမား - ဒေါ်စောစန္ဒာမောင် (ခ) မစော
ချစ်ကိုကြီး - ဝီလျှံကျော် (ခ) ချိန်ရှင်းဖျင် (ခ) ပီကင်း (SIS-P1)

## ရွှေရတုမွေးနေ့ဆုတောင်း

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော်စိန်ရွှေရတနာဆိုင်နှင့် Forever Gems & Jewellery ချစ်သူငယ်ချင်း ဒေါက်တာအောင်ကျော်ဝင်း၏ ၂၀-၃-၂၀၁၆ ရက်တွင် ကျရောက်သော ရွှေရတုမွေးနေ့မှစ၍ ချစ်ဇနီး ဒေါက်တာသက်သက်ခိုင်နှင့် ချစ်သမီး သက်ရတနာကျော်ဝင်းတို့နှင့်အတူ ရွှေရတုမွေးနေ့မှစ၍ ရတုအဆက်ဆက်တိုင် ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာဖြင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာ၊ သာသနာရေးတို့၌ ဆတက်ထမ်းပိုး အောင်မြင်ကျော်ကြားလျှောက်လှမ်းနိုင်ပါစေလို့ ချစ်သူငယ်ချင်းများက ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**ဒဂုံ 1 (E) ခန်းမှ**
**ချစ်သူငယ်ချင်းများ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/5483 Honda Fit S/Wယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးထက် ၁၂/ဥကမ(နိုင်)၁၇၀၆၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

GRACE COLLECTION

လွန်းရာကျော်ပိုးစစ်ချိတ် ဒီဇိုင်းမျိုးစုံ၊ အရည်အသွေးမြင့် လှပခမ်းနားသော ဇာအမျိုးမျိုး၊ Thai Silk အမျိုးမျိုးနှင့် ကွန်ပျူတာပန်းထိုးဒီဇိုင်းမျိုးစုံတို့အား ၂၅-၃-၂၀၁၆ရက်မှ ၂၇-၃-၂၀၁၆ရက်အထိ နှစ်သစ်ကူး အထူးအစီအစဉ် (up to 50%)ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

No - 314/A, U Wisara Road, Kamaryut Township,
Yangon
Ph: 09-795176963

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
**ခရုသင်းသမင်ဖြူ**
မြော်ငြာခွင့်ပြုချက်အမှတ် တဆဆက(ခာနယ်ခခီး) ၁၈၉၃/၈၃၀၉
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၃၉၂၊ လေးကျွန်းကြာခိုင်လမ်း၊ ပေ(၄၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလပြည့်မောင် ၇/ပမန(နိုင်)၁၃၆၇၄၃ထံမှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေးပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်းစာရွက်စာတမ်းများ)နှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်အုန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၅)၊ ဦးပိုင်အမှတ် ၈၁၊ ၆၃×၆၄၊ ကနောင်×မက္ခရာလမ်းကြားရှိ ဦးအုန်းတင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်နန်းနွမ်မိုး ၁၃/နခန(နိုင်)၀၇၇၃၂၉မှ မြေချထားမိန့်မူရင်း၊ မြေဖိုး၊ လမ်းဖိုး၊ ပေးသွင်းပြေစာမူရင်းများပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ဥက္ကလာပ(၅)ရပ်ကွက်၊ အိမ်အမှတ် ၄၇၀၊ တကောင်း ၇ လမ်းနေ ဦးဝင်းဦး-ဒေါ်ထားမေတို့၏သား မောင်ချစ်ဦး ၁၂/ဥကတ(နိုင်)၁၈၁၉၄၁ သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘစိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဦးဝင်းဦး ၁၂/ဥကတ(နိုင်)၁၅၅၅၇၀**

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်
အဆင့်မြင့်ပညာရေး ဘော်ဒါ
(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ)

# IDEAL CLASS EDUCATION CENTRE

# ICEC

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်အမှတ်
ကက - ၁၃/၄၁/၀၇၁ (လှိုင်)မှတ်ပုံတင်အမှတ် - ကက - ၁၃/၀၇/၂၀၉ (တာမွေ)

## "စံ" ပညာ့ရိပ်သာ (လှိုင်)

ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်
ရန်ကုန်မြို့။ Website : www.icecprivateschool.com
Tel : 09-300 59147, 09-300 59148, 09-795886818, 09-255965938

## "စံပြ" ကျောင်း (တာမွေ)

(A-5) မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း
နတ်ချောင်းရပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 7316 6911, 09-2559 65939, 09-7316 2577, 09 7996 43183

## "စံမီ" ကျောင်း (လှိုင်သာယာ)

အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့်
လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09-44037 8745, 09-44037 8746, 09-78527 4023

**၂၀၁၆-၁၇ ပညာသင်နှစ်အတွက် လှိုင်သာယာ ICEC ကျောင်းခွဲကို ထပ်မံဖွင့်လှစ်လိုက်ပါပြီ။ (ကျောင်းအပ်လက်ခံနေပြီ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် 8L/3593 Soe L/T (1) Ton P/U (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးပြည်စိုးဦး ၁၂/မဂဒ(နိုင်)၁၅၆၅၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်ဝဏ္ဏဦး ၁၀/သဖရ(နိုင်)၁၆၀၄၂၅၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇၀၁၆၅၀၇၀

KBZSC

## KBZSC ငွေချေးသက်သေခံကုမ္ပဏီမှ စတော့ရှယ်ယာ ရောင်းဝယ်လိုသူများအား ဖိတ်ခေါ်ခြင်း။

၁။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ရန်ကုန်စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာ ရောင်းဝယ်မှုများကို ၂၀၁၆ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် စတင်ဆောင်ရွက်တော့မည်ဖြစ်ရာ ရှေးဦးစွာ FMI ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာများကို စတင်ရောင်းချစေမည်ဖြစ်ပြီး၊ နောင်တွင် အခြားသောစာရင်းဝင် အများပိုင်ကုမ္ပဏီများ၏ အစုရှယ်ယာများကိုလည်း ရောင်းချခွင့်ပြုရန် စီစဉ်ထားလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ စတော့ရှယ်ယာ အရောင်းအဝယ်ပြုလုပ်ရန်အတွက် KBZSC ငွေချေးသက်သေခံလက် မှတ်ကုမ္ပဏီ၌ Securities Trading Account လာရောက်ဖွင့်လှစ်ထားသော FMI အစုရှယ်ယာဝင်များသာမက၊ စတော့ရှယ်ယာအရောင်းအဝယ်ကိုစိတ်ပါဝင်စားသူ မည်သူမဆို စတော့ရှယ်ယာရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သော ရောင်းဝယ်မှုအဆင့်ဆင့်အပါအဝင် မိမိတို့သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း လာရောက်ဆွေးနွေးနိုင်ပါကြောင်း လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ မတ်လ၊ ၁၉ ရက်(စနေနေ့) ၊
မတ်လ ၂၁ ရက်(တနင်္လာနေ့)၊ မတ်လ ၂၂ ရက်(အင်္ဂါနေ့)
အချိန်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း။
နေရာ။ KBZSC ရုံးချုပ်၊ အခန်းအမှတ်(၁၀၅)၊ မြေညီထပ်၊ Strand Square၊ (ယခင် နိုင်ငံတော်ခြောက်ထပ်ရုံး) အမှတ်(၅၃)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။

၃။ Securities Trading Account မရှိသေးသော စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံလိုသူများ အတွက်လည်း KBZSC သို့ လာရောက်စဉ် စာရင်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးထားမည်ဖြစ်သဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြား၊ ဘဏ်စာရင်းဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မူရင်းများ ယူဆောင်လျက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

KBZSC KBZ Stirling Coleman Securities Co.,Ltd.

## Job Opportunity in a Pharmaceutical Factory

(For Local Service Only)

## Silver Shine International Co.,Ltd. (SSI)

**1 Quality Assurance** — Male / Female (2) Posts

**Key Responsibilities**

- Lead and direct control of Quality system and effective process improvements of GMP compliance
- To prepare and perform the GMP, SOP training for staff
- To check and approve of the batch documentation of BMR and BPR, the IPC's, monitoring data and finished products certificate of analysis
- To make action of customer's complaints and Recall
- To license application and registration process to Myanmar FDA
- To prepare Quality documentation and report
- IPQA checking during manufacturing

**Requirements**

- University Graduate in Pharmacy, Industrial Chemistry, Chemistry, Biotechnology
- Knowledgeable in GMP guidelines
- Experience in license application and product registration process to Myanmar FDA
- Pharmaceutical industry experiense as Quality Assurance or Quality Control
- Familiar with MS Office applications and fluency in English will be an asset

**2 Quality Control Laboratory** — Male / Female (2) Posts

**Key Responsibilities**

- Plan and develop the Quality Control process to meet the regulatory requirement
- To prepare and perform Quality Control SOP
- To perform Chemical test for Raw materials, or Finished goods and intermediates
- To perform Stability test
- To perform the instrumental analysis
- To control reagent and standard materials and glass apparatus, etc
- To conduct Instrument Qualification and Analytical method validation
- To perform calibration of Lab Instrument
- To perform other related duty as assigned

**Requirements**

- University Graduate in Pharmacy, Industrial Chemistry, Chemistry, Biochemistry
- Pharmaceutical Industry experience as Quality Control or in related field
- Familiar with MS Office applications and fluency in English will be an asset

**3 HR** — Male / Female (1) Post

- Any graduate
- Age over 35
- At least 2 years relevant experience
- Able to work independently
- Able to do online application of work permit / Special Pass etc,.
- Must familiar with local Employment Rules and Regulation
- Familiar with MS Office applications and fluency in English will be an asset

➢ **Interested applicants are requested to mail Curriculum Vitae (CV), Passport size recent photos - 2, Photocopies of the Graduation Certificates, National Identification card, Labour Registration card, Police Clearance**
**Address: No.28-30, Innwa Street, Shwepauk Kan Industry, North Okkalapa Township, Yangon, Myanmar. Email - projectoffice@ssipharma.net**



# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် သူငွေ့ရေအားလျှပ်စစ်စီမံကိန်း



သူငွေ့ရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံလုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၉**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူငွေ့ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် သူငွေ့ရေအားလျှပ်စစ်စီမံကိန်းမှာ ယခုအခါ စီမံကိန်းလုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းသည် သူငွေ့ချောင်းပေါ်၌ ရေလှောင်တမံတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ၁၁၁ (၃ × ၃၇ ) မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှတစ်ဆင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်းထုတ်လုပ်ကာ ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရန်နှင့် ပိုလျှံဓာတ်အားကို မဟာဓာတ်အားလိုင်းအတွင်းသို့ ဆက်လက်ဖြန့်ဖြူးသွားရန်ဖြစ်ကြောင်း သိရသည်။

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-လျှပ်စစ်

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

## ယနေ့ မာတိကာ


ရုရှား၌ လေယာဉ်ပျက်ကျရာ လိုက်ပါလာသူ ၆၂ ဦးလုံး သေဆုံး စာမျက်နှာ » ၄

မြောက်နဝင်းဆီသို့ ဆောင်းပါး စာမျက်နှာ » ၆

သီလဝါအထူးစီးပွားရေးဇုန်အတွက် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်မည် စာမျက်နှာ » ၇

ဝှက်ထားသည့် ယမ်းနှင့်ဆက်စပ်ပစ္စည်းများ အချိန်မီ ထပ်မံဖော်ထုတ်နိုင် စာမျက်နှာ » ၁၃


# အာဆင်နယ် အဝေးကွင်း၌ အနိုင်ရ

သီဟ-ရေးသည်

အင်္ဂလန် ပရီမီယာလိဂ်ပွဲစဉ် (၃၁) အစောဆုံးပွဲစဉ်အဖြစ် အဲဗာတန်နှင့် အာဆင်နယ်အသင်းတို့ မတ် ၁၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်း အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်များဖြင့် ပွဲထွက်ခဲ့ပြီး အဲဗာတန်အသင်းတွင် လူကာကူကို အထောင်ထားကာ လင်နွန်၊ မက်စ်ကာသီ၊ ဘီဆစ်၊ ကလီဘာလေ၊ ဘာကလေ၊ ဂျာဂျီကာ၊ ကိုးမန်း၊ လေတန်ဘိန်းစ်၊ မိုရီနှင့်

*စာမျက်နှာ ၁၄ ကော်လံ ၁* ✪

# အချိန်အခါမဟုတ် မိုးရွာနိုင်မည့် သတိပေးချက်

**နေပြည်တော် မတ် ၁၉**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် မတ် ၂၁ ရက်မှ ၂၄ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ် ကစားသမားရွေးချယ်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် မတ် ၁၉**

၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် လက်ဘနွန်အသင်းနှင့် အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၄ ရက်မှစတင်ကာ ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး မတ် ၁၉ ရက်တွင် ပဏာမကစားသမား နှစ်ဦးကို လျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာရာတွင် ဒေးဗစ်ဒန်းနှင့် နိုင်နိုင်ကျော်တို့ ကျန်ရစ်ခဲ့ပြီး ကစားသမားသစ်များလည်း ပါဝင်ခဲ့သည်။ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ယူ -၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၀ အသင်းမှ ကစားသမား ခုနစ်ဦး ပြန်ပါလာပြီး ရန်နိုင်ဦး၊ သီဟထက်အောင်၊

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍



မြန်မာ့လက်ရွေးစင်အသင်း အမာခံတိုက်စစ်မှူး အောင်သူ လေ့ကျင့်နေစဉ်။






မြန်မာ့အလင်း mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS